တိမ်အသင့်အတင့်
ဖြစ်ထွန်း

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

# မြန်မာ့အလင်း

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

■ အတွဲ [၅၅]
အမှတ် [၀၉၅]
၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် [3-1-2016]
MYANMA ALINN SUNDAY ISSUE


## သေမင်းတမန် မီးရထားပြတိုက် လွတ်လပ်ရေးနေ့တွင် ဖွင့်မည်

**သံဖြူဇရပ် ဇန်နဝါရီ ၂**

ဒုတိယကမ္ဘာစစ် ကာလ အတွင်း ဖက်ဆစ်ဂျပန်တို့က မြန်မာ နိုင်ငံဒေသအသီးသီးမှ ချွေးတပ် လုပ်သား ထောင်ပေါင်းများစွာ၏ လုပ်အားကို အသုံးပြုဖောက်လုပ်ထား သည့် မြန်မာ(သံဖြူဇရပ်)-ထိုင်း သေမင်းတမန်မီးရထားလမ်း၏ ပြယုဂ် ဖြစ်သော သံဖြူဇရပ်မြို့ သေမင်းတမန် မီးရထားပြတိုက် (Death Railway) ဖွင့်လှစ်ခြင်းကို ဇန်နဝါရီ ၄ ရက် တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မီးရထားပြတိုက်ဖွင့်လှစ် ခြင်းနှင့်အတူ မွန်ပြည်နယ်အစိုးရ အဖွဲ့ မြန်မာ့မီးရထားဌာနနှင့် တလမွန်ကုမ္ပဏီတို့ ပူးပေါင်းဆောင် ရွက်မှုဖြင့် မြန်မာ-ထိုင်း မီးရထား လမ်း အစပြုရာ မီးရထားပြတိုက်ဘေး ရှိ မူလမီးရထားလမ်းဟောင်းနေရာမှ စတင်ကာ ဂျပန်တို့ မြန်မာနိုင်ငံစစ် မြေပြင်မှ စစ်ဆုတ်ခွာရမည့်အချိန် တွင်တည်ထားခဲ့သော ဂျပန်ဘုရား (ရန်ပြေမာန်ပြေစေတီ) အနီးအထိ (ထိုစဉ်က ကန်တော်ဘူတာရုံ)ပထမ အဆင့် ၀ ဒသမ ၅မိုင်ခရီးကို ပြတိုက် သို့ လာရောက်လေ့လာကြမည့် ပြည် တွင်း ပြည်ပမှခရီးသွားများ စီးနင်း

စာမျက်နှာ ၃ ကော်လံ ၃ ■

# ခရီးသွားပြည်သူများ အဆင်ပြေသက်သာစွာစီးနင်းနိုင်ရေး လူစီးတွဲသစ်များ ရန်ကုန်-မန္တလေးလမ်းပိုင်း၌ တစ်နာရီ ၁၀၀ ကီလိုမီတာနှုန်း ပြေးဆွဲပေးမည်

**နေပြည်တော် ဇန်နဝါရီ ၂**

ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာစီးနင်းနိုင်ရန်အတွက် အမှတ်(၅)အဆန်၊ အမှတ်(၆) အစုန်ရထားတွဲဆိုင်းများတွင် အစားထိုးလဲလှယ်ပြေးဆွဲမည့် စက်ခေါင်းသစ်နှင့်လူစီးတွဲသစ် ၁၈ တွဲပါ ရထားတွဲဆိုင်းများသည် ယနေ့နံနက် ၅ နာရီ ၃၅ မိနစ်တွင် မန္တလေးဘူတာမှ စတင်စမ်းသပ် မောင်းနှင်သည်။ အဆိုပါစမ်းသပ်မောင်းနှင်သည့် တွဲဆိုင်းသစ်တွင် မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှ အထွေထွေမန်နေဂျာ ဦးဝင်းဦး ဦးဆောင်၍ သက်ဆိုင်ရာဌာနများမှ အရာထမ်းများလိုက်ပါဆောင်ရွက်ခဲ့သည်။

အဆိုပါစက်ခေါင်းနှင့် လူစီးတွဲသစ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Southern Railways (CSR) ၏ Sifang Co.,Ltd က ထုတ်လုပ်ပြီး လေအိတ်များ တပ်ဆင်ထားသဖြင့် ခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးလွန့်လှုပ်ခါခြင်းများ သက်သာ၍ ရထားစီးခရီးသည်များ သက်သောင့် သက်သာစွာ စီးနင်းနိုင်တော့မည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍



စက်ခေါင်းသစ်နှင့် လူစီးတွဲသစ် ၁၈ တွဲပါ ရထားတစ်စင်း နေပြည်တော်မှ ရန်ကုန်ဘက်သို့ စမ်းသပ်ခုတ်မောင်းနေစဉ်။

## တနင်္ဂနွေ ဖတ်စရာများ


အပြာရောင်ကမ္ဘည်းများရဲ့ရာဇဝင်
လွတ်လပ်သောနေ့၏ အထိမ်းအမှတ် နှစ်ပေါင်း ၁၄၉ နှစ်က ပန်းခြံကြီး စာ -၁၅

ကျန်းမာရေးဆိုင်ရာကဏ္ဍ
အမေရိကန်တွင် အသက် ငါးနှစ်ကျော်ကလေးငယ်ငါးဦးလျှင် တစ်ဦးမှာ အဝလွန်ခြင်းဖြစ်ပွားနေ စာ -၁၇

ခရီးသွားဆောင်းပါး
အတွေးပုံရိပ်တို့ မမေ့မှိန်သည့် ရွှေအင်းတိန်ဆီသို့ စာ -၁၆

ရှေးဟောင်းသုတေသနဆောင်းပါး
ပခန်းကျောင်းတော်ကြီးသို့ စာ -၁၈





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လက်တွဲညီညီ ဆက်လက်ကြိုးပမ်းအားထုတ်

တိုင်းတစ်ပါးတို့၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ လွတ်မြောက်လာခဲ့သော တိုင်းပြည်နိုင်ငံများတွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိသည့်နေ့ကို လွတ်လပ်ရေးနေ့ဟူ၍ အထွတ်အမြတ် သတ်မှတ်ထားကြလေသည်။ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက် တနင်္ဂနွေနေ့သည်ကား ကိုလိုနီလက်အောက် နှစ်ပေါင်း ၁၀၀ ကျော်ကြာ ကျရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံတော်အဖြစ်သို့ ကောင်းစွာရောက်ရှိသောနေ့ဖြစ်လေသည်။

ထိုနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံသားများအဖို့ ထူးမြတ်သော နေ့တစ်နေ့ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့ရွာများတွင် ထိုနေ့ကိုမှတ်တမ်းတင်သော မော်ကွန်းကျောက်စာတိုင်များ စိုက်ထူကြပြီးလျှင် အောက်ပါအတိုင်း ကမ္ပည်းထိုးကြလေသည်–

"မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက် တနင်္ဂနွေနေ့သည်ကား ဤငါတို့မြန်မာပြည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီး အဖြစ် ကောင်းစွာရောက်သတည်း။"

ဤသို့လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရရှိခဲ့ခြင်းသည်ကား လွယ်လွယ်ကူကူရရှိခဲ့ခြင်းမဟုတ်ပေ။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတည်းဟူသောတိုင်းရင်းသားညီအစ်ကို မောင်နှမများတို့၏ အသက်၊ ချွေး၊ သွေးမြောက်မြားစွာ ရင်းနှီးပေးဆပ်၍ သူ့ကျွန်ဘဝမှလွတ်မြောက်အောင် ကျားကုတ်ကျားခဲကြိုးပမ်းအားထုတ်ခဲ့ရခြင်းဖြစ်ပါသည်။ ဤသို့ ခက်ခဲစွာရယူခဲ့ရသော လွတ်လပ်ရေးကြီး ထာဝစဉ်တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်စေရန်မှာ တိုင်းရင်းသားအားလုံး၏တာဝန်ဖြစ်သည်နှင့်အညီ မမေ့မလျော့ကြစေရန် သတိပေးနှိုးဆော်သည့်အနေဖြင့် နှစ်စဉ် ထိုနေ့တွင် နိုင်ငံတစ်ဝန်း လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ဆင်ယင်ကျင်းပကြလေသည်။

လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲများတွင် များသောအားဖြင့် လွတ်လပ်ရေးကျောက်တိုင်များ၌ စုဝေးကြ၍ ပြည်ထောင်စုကြီးတည်တံ့ရေး၊ တိုးတက်ရေးကို မမေ့မလျော့ကြစေရန် သန္နိဋ္ဌာန်များပြုကြလေ့ရှိသည်။ ပျော်ပွဲရွှင်ပွဲနှင့် ပြပွဲပြိုင်ပွဲများ အမျိုးမျိုးကိုလည်း တခမ်းတနားဆင်ယင် ကျင်းပလေ့ရှိကြသည်။ ယခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်လေးရပ်သည်ကား အောက်ပါအတိုင်း ဖြစ်ပါသည်–

–ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ၊ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊

–ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

–တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊

–ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ဟူ၍ ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် လွတ်လပ်ရေးကြီး ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သကဲ့သို့ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းမှုနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေး လက်တွဲညီညီဆက်လက်ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်ပေကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းဖွင့်



**မော်လမြိုင် ဇန်နဝါရီ ၂**

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းကို ဇန်နဝါရီ ၂ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ပြခန်းတွင် လာရောက်လေ့လာကြမည့် ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လွတ်လပ်ရေးနှင့်ပတ်သက်သည့် သမိုင်းအချက်အလက်များကို လေ့လာနိုင်ရန်အတွက် ခေတ်အဆက်ဆက် လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းဓာတ်ပုံများ၊ တိုင်းရင်းသားနယ်ချဲ့တော်လှန်ရေး ခေါင်းဆောင်များ၏ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် သမိုင်းမှတ်တမ်းပြကွက်များ၊ မြန်မာနိုင်ငံသမိုင်းတွင် ခေတ်အဆက်ဆက်က အသုံးပြုခဲ့သည့်အလံများ၊ နိုင်ငံတော်က ပေးအပ်သည့် ဂုဏ်ထူးဆောင် ဆုတံဆိပ်ပြကွက်၊ ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှင့် ပြည်နယ်လွှတ်တော်၏ အစည်းအဝေးကျင်းပမှု မှတ်တမ်းပြကွက်များ၊ ပြည်နယ်အစိုးရ၏အစိုးရသက်တမ်း ငါးနှစ်ကာလအတွင်း ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် မှတ်တမ်းပြကွက်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံယန္တရားအဆင့်ဆင့် ပြကွက်နှင့် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုနှင့်သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ ပြကွက်များကို စုံလင်စွာ ခင်းကျင်းပြသထားကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မိုးဝေ (ပြန်/ဆက်)**

# အင်းစိန်ဈေးပေါက်ဝမှ ချိုင်းစာရွက်များ ရောင်းချနေမှုကို တားဆီးပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း ဒုစရိုက်မှုနှင့် လောင်းကစားမှုများ ပပျောက်စေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ မှုခင်းဖြစ်ပွားမှု အများဆုံး ဖြစ်ပေါ်လျက်ရှိသော



လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လှည့်ကင်း၊ ပတ်ကင်းများဖြင့် ဆောင်ရွက်လျက်ရှိပြီး ဒုစရိုက်မှု၊ လောင်းကစားမှုများ ပပျောက်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရပ်ကွက်၊ ကျေးရွာများအတွင်း ပျံ့နှံ့လျက်ရှိသော နှစ်လုံး၊ သုံးလုံး လောင်းကစားထီများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူလျက်ရှိသကဲ့သို့ ဝိသမစီးပွားရေးသမားများကလည်း ရရင်ရသလို လုပ်ဆောင်လျက်ရှိသည်။ ယခုပုံတွင် အင်းစိန်ဈေးအဝင် ဘယ်အစွန်၊ မီးသတ်ရုံးနှင့် ကပ်လျက်ရှိသည့် ဈေးဝင်ပေါက်အနီး၌ နေ့စဉ်သုံးလုံးထီ ချိုင်းစာရွက်များကို ဗန်းဖြင့် ထည့်ကာ ရောင်းချနေကြောင်း၊ ယခုကဲ့သို့ ရောင်းချနေခြင်းသည် ဥပဒေကို မထီမဲ့မြင် ပြုလုပ်ရာ ရောက်ပြီး အများပြည်သူတို့၏ အမြင်ကို မတင့်တယ်စေသည့်အပြင် ဈေး၏ ဂုဏ်ကိုလည်း ထိခိုက်စေကြောင်း ဈေးသူ ဈေးသားများက ပြောကြားလျက်ရှိသည်။

**မောင်စေတမန်**

# လူထုဗဟိုပြုစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ လူထုဗဟိုပြုစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလနောက်ဆုံးပတ်က မြို့နယ်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်း၊ World Bank ဌာနေကိုယ်စားလှယ် Mr.Nickolas Myint နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၁-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၂၃၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၁.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၂.၆၀ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၅၆ |
| တရုတ် | တစ်ယွမ် | ၂၀၂.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၃၉ |

ခင်ရတနာ–စုစည်းသည်။

# ပန်းနှမ်းစိုက်ပျိုးသူများ ဈေးကောင်းရ၍ ဝင်ငွေပိုမိုတိုးလာနိုင်



**ကသာ ဇန်နဝါရီ ၂**

ကသာမြို့နယ် အင်းဇောင်းနံဘေးတွင် ပန်းနှမ်းစိုက်ပျိုးသူများ ဈေးကောင်းရ၍ ယခင်နှစ်ကထက် ဝင်ငွေပိုမိုတိုးလာကာ အလုပ်အကိုင် အခွင့်အလမ်းကောင်းရရှိလာမည်ဟု သိရသည်။

ထို့ပြင် သီးနှံမျိုးစုံစိုက်ပျိုးတောင်သူအများစုမှာ ကသာမြို့ ဧရာဝတီအရှေ့ဘက်ကမ်းဖြစ်သည့် မြစ်ရေတင်ကျန်ရစ် အင်းဇောင်းနံဘေးတွင် အခြားသီးနှံမျိုးစုံများနှင့် ရောနှော၍ စိုက်ပျိုးခြင်းမဟုတ်ဘဲ ဆီထွက်သီးနှံ ပန်းနှမ်းကို မြေကွက်ကျယ်သူများ အစိုဓာတ်ကိုအားကိုး၍ စိုက်ပျိုးကြသည့်အတွက် မိုးရွာသွန်းမှု ပြတ်လပ်ခြင်းကြောင့် ပန်းနှမ်းများ အောင်မြင်ဖြစ်ထွန်းကြပြီး ကုန်းစောင်းပေါ်စိုက်ပျိုးသူများ အစိုဓာတ် ရေအလုံအလောက်မရရှိသဖြင့် အောင်မြင်ဖြစ်ထွန်းမှု ကျဆင်းလျက်ရှိကြောင်း တောင်သူများထံမှသိရသည်။

ယခုနှစ် ဆီထွက်သီးနှံဖြစ်သည့် ပန်းနှမ်းစိုက်ပျိုးသူများသည် ယမန်နှစ်တွေထက် ဈေးနှုန်းကွာဟမြင့်တက်မှုသည် အံ့သြလောက်အောင်ပင် ဈေးနှုန်းခုန်တက်လာခဲ့ရာ ပန်းနှမ်းသုံးတင်းဝင်အိတ် တစ်လုံးကို ကိုးသောင်းကျပ်ပေါက်ဈေးဖြင့် ရောင်းချနေလျက်ရှိသည့်အတွက် အင်းဇောင်းအနီး ပန်းနှမ်းစိုက်ပျိုးသူတောင်သူများ မိသားစုဝင်ငွေ တိုးပွားလာမည့်နှစ်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## ၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ၊ သိုက်မပျက်အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

၃။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊

၄။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၂** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

## ကြိုးဖုန်းများ၏ အခန်းကဏ္ဍ အရေးပါနေဆဲဖြစ်

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာပြည်သူတို့၏ ဆက်သွယ်ရေးကဏ္ဍသည် ငါးနှစ်တာအတွင်း တိုးတက်ပြောင်းလဲလာသည့်အတွက် တစ်ကြိမ်တစ်ခါမှ မမက်ဖူးသောအိပ်မက်ပမာ လူတန်းစားမရွေး တောင်ပေါ်၊ မြေပြန့်မကျန် လက်ကိုင်ဖုန်းများသုံးစွဲလာနိုင်ပြီဖြစ်၍ ဆက်သွယ်ရေး မြန်ဆန်ခဲ့သည်။ နိုင်ငံတစ်နိုင်ငံ၏ ကုန်ကူးသန်းသွားလာမှုသည်အရေးပါသကဲ့သို့ ဆက်သွယ်ရေးသည်လည်း ပြည်တွင်းသာမက ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသည်။

လက်ကိုင်ဖုန်းများ ထဲထဲဝင်ဝင်အသုံးမပြုခင်က ကြိုးဖုန်းများကိုသာအားထားအသုံးပြုခဲ့ကြရသည်။ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် အင်းစိန်မြို့နယ်တွင် ကြိုးဖုန်းသုံးစွဲသူ ၇၀၀ ခန့်ရှိနေပြီး လက်ကိုင်ဖုန်းများ တွင်ကျယ်စွာအသုံးပြုနေသည့်တိုင် ဌာနဆိုင်ရာ၊ စက်မှုဇုန်၊ ကုမ္ပဏီနှင့်အိမ်သုံး၊ လုပ်ငန်းသုံးအဖြစ် ဆက်လက်သုံးစွဲလျက်ရှိနေသည်။ လှိုင်သာယာမြို့နယ်၏ ကြိုးဖုန်းသုံးစွဲမှုကို ဘုရင့်နောင်နှင့် အင်းစိန်အော်တိုအိတ်ချိန်းတို့မှ ထိန်းသိမ်းပြုပြင်ဆောင်ရွက်ပေးလျက်ရှိပြီး ဖုန်းအသုံးပြုမှုအတွက် အင်းစိန်စာတိုက်နှင့် တွဲလျက်ရှိသော ဆက်သွယ်ရေးငွေစာရင်းဌာန(TRA)တွင် တစ်လတစ်ခါကြိုးဖုန်းအသုံးပြုခငွေကို ပေးသွင်းလျက်ရှိနေသည်။

ယခင်ထက် ကြိုးဖုန်းသုံးစွဲမှုကျဆင်းသော်လည်း ရာသီဥတုနှင့် လိုင်းကြည်လင်ပြတ်သားမှုရှိသောကြောင့် ကြိုးဖုန်းဆက်သွယ်ရေး၏ အားသာချက်ရှိနေသည့်အတွက် အိမ်များတွင် အသုံးပြုမှုနည်းသွားသည့်တိုင် ဆက်လက်ထားရှိလျက်ပင်ဖြစ်သည်။ မြန်မာပြည်တွင် ကြိုးဖုန်းကိုသန်းနှင့်ချီ၍ အသုံးပြုနေဆဲဖြစ်ပြီး နည်းပညာတိုးတက်နေပြီဖြစ်သော ဂျပန်နိုင်ငံပင်လျှင် ကြိုးဖုန်းကို အသုံးပြုနေဆဲဖြစ်ကြောင်း သိရသည်။

တစ်လတစ်ခါ လစဉ်ကြေးဆောင်ရာတွင် နံပါတ်ပေါ်ပါက ကျပ်တစ်ထောင်နှင့် နံပါတ်မပေါ်သော ရိုးရိုးဖုန်းများအတွက် ကျပ်ငါးရာဆောင်ရကြောင်း၊ ကြိုးဖုန်းခေါ်ဆိုမှုမရပါက မြို့နယ်ရှိအိတ်ချိန်းရုံးတွင် မေးမြန်းနိုင်ကြောင်း၊ အင်းစိန်ဆက်သွယ်ရေးငွေစာရင်းရုံးခွဲ (TRA)တွင် မြို့တွင်းကြိုးဖုန်းအချင်းချင်းခေါ်ဆိုပါက တစ်မိနစ်လျှင် ၁၅ ကျပ်ဖြင့်လည်းကောင်း၊ ကြိုးဖုန်းဖြင့် လက်ကိုင်ဖုန်းသို့ ခေါ်ဆိုပါက တစ်မိနစ် ၂၅ ကျပ် ဘေလ်ဆောင်ရကြောင်း၊ လှိုင်သာယာတွင် ကြိုးဖုန်းသုံးစွဲမှုနည်းလာသည့်နည်းတူ ကျန်သောမြို့နယ်တို့တွင်လည်း သုံးစွဲမှုလျော့သွားကြောင်း အင်းစိန်ဆက်သွယ်ရေးရုံး ငွေစာရင်းရုံးခွဲ ငွေကိုင်တာဝန်ခံထံမှ သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပြုပြင်ပြောင်းလဲမှု၏အကျိုးရလဒ်အဖြစ် လူတန်းစားမရွေး၊ တော၊ မြို့နှင့် တောင်ပေါ်မြေပြန့်မကျန် ဆက်သွယ်မှုမြန်ဆန်စေရန် လက်ကိုင်ဖုန်းများ သုံးစွဲနိုင်နေပြီဖြစ်၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ခဲ့သည့်နည်းတူ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက အချိန်ပိုင်းအတွင်း သိရှိဆောင်ရွက်နိုင်ပြီဖြစ်သည်။

**မြင့်မြတ်သစ္စာ**



■ ရှေ့ဖုံးမှ

ပို့ဆောင်ပေးနိုင်ရေးအတွက် အဆိုပါ YB ရေနွေးငွေ့စက်ခေါင်းနှင့် တွဲဆိုင်းကို မြန်မာ့မီးရထားဌာန တာဝန်ရှိသူများက ဇန်နဝါရီ ၂ ရက် နံနက်က အသစ်ဖောက်လုပ်ထားသည့် ရထားလမ်းပေါ်တွင် စမ်းသပ်ခုတ်မောင်းခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

**မြန်မာ(သံဖြူဇရပ်)-ထိုင်း မီးရထားလမ်းတွင် ပြေးဆွဲမည့် ရေနွေးငွေ့သုံး စက်ခေါင်းနှင့် တွဲဆိုင်း စမ်းသပ်မောင်းနှင်စဉ်။**

## ပန်းဘဲတန်း အမက(၃) သုံးထပ်ကျောင်းဆောင်သစ်ဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ Shwe Toung Junction City Development Co.,Ltd ဥက္ကဋ္ဌ ဦးအိုက်ထွန်း၊ ဘရူနိုင်း သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့တော်ဝန်ဦးလှမြင့်က ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် ဧရိယာစတုရန်းပေ ၁၂၁၅၀ ကျယ်ဝန်းကာ RC သုံးထပ်ကျောင်းဆောင်ဖြစ်ပြီး စာသင်ခန်းခုနစ်ခန်း၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအတွက် စားပွဲထိုင်ခုံများပါရှိပြီး စုစုပေါင်းငွေကျပ်သိန်း ၅၀၀၀ ကုန်ကျခဲ့သည်။ ရွှေတောင်လုပ်ငန်းစုသည် ယခုကျောင်းဆောင်သစ် အပါအဝင် ၈၅ ကျောင်းမြောက် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



## တရုတ်အရှေ့မြောက်ဘက်တွင် အင်အား ၆ ဒသမ ၄ အဆင့်ရှိငလျင်တစ်ခုလှုပ်ခတ်

ဟာဘင် ဇန်နဝါရီ ၂

ပြင်းအား ရစ်ချ်စတာစကေး ၆ ဒသမ ၄ အဆင့်ရှိ မြေငလျင်တစ်ခု တရုတ်နိုင်ငံ အရှေ့မြောက်ဘက်တွင် ဇန်နဝါရီ ၂ ရက်က လှုပ်ခတ်မှုဖြစ်သွားခဲ့သော်လည်း အသေအပျောက် သတင်းဖော်ပြချက် မရှိသေးကြောင်း သိရသည်။

ဟီလုံကျန်ပြည်နယ်ရှိ လင်ကူမြို့ မြေအောက်တစ်နေရာ အနက်ပေ ၅၈၀ ကီလိုမီတာကို ဗဟိုပြု၍ ဒေသစံတော်ချိန် ၁၂နာရီ ၂၂ မိနစ်တွင် လှုပ်ခတ်သွားခြင်းဖြစ်ကြောင်း တရုတ်ငလျင် ကွန်ရက်စင်တာက ပြောသည်။

ငလျင်လှုပ်ခတ်ပြီးနောက် မီးရထားသုံးစင်းကို ဘေးကင်းလုံခြုံသောနေရာများတွင် ရပ်တန့်ရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း ဟာဘင် မီးရထားဗျူရိုက ပြောသည်။ **(ဆင်ဟွာ)**

## ကဘူးလ်မြို့လယ်ရှိ ပြင်သစ်စားသောက်ဆိုင် အသေခံပုံးခွဲတိုက်ခိုက်၍ တစ်ဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၂

အာဖဂန်မြို့တော် ကဘူးလ်၌ သောကြာနေ့က ပြင်သစ်စားသောက်ဆိုင်အား အသေခံပုံးခွဲတိုက်ခိုက်ခဲ့ရာ ၁၂ နှစ်အရွယ် ကလေးတစ်ဦးသေဆုံးပြီး လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ကဘူးလ်မြို့ရှိ ရာလီဂျားဒင်းအမည်ရှိ စားသောက်ဆိုင်ကို အသေခံပုံးခွဲတိုက်ခိုက်ခဲ့ပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ရဲအဖွဲ့များက ပြောသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် လူ ၁၅ ဦးကို အနီးရှိ ဆေးရုံများသို့ပို့ဆောင်ပေးခဲ့ရပြီး ၁၂ နှစ်အရွယ် ကလေးတစ်ဦးမှာ ဆေးရုံ၌သေဆုံးခဲ့ကြောင်း အရေးပေါ် ဆေးအကူအညီပေးရေးအဖွဲ့က ပြောသည်။

ယင်းတိုက်ခိုက်မှုမှာ ကဘူးလ်မြို့၌ လူ ၂၀ ဦး သေဆုံးခဲ့ရသည့် လက်ဘနွန်စားသောက်ဆိုင် အသေခံပုံးခွဲတိုက်ခိုက်မှုအပြီး နှစ်နှစ်နီးပါးအကြာ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယခု ပုံးခွဲတိုက်ခိုက်မှုမှာ မီးလောင်မှုဖြစ်ပွားရာနေရာ၌ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ထားပြီး နာရီပိုင်းအကြာ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ **(ရိုက်တာ)**

# အကျင့်ပျက်ခြစားမှုဖြင့် တရုတ်နိုင်ငံ၏အလိုချင်ဆုံး တရားခံပြေးတစ်ဦးကို အာဖရိကမှပြန်လည်ခေါ်ဆောင်နိုင်ခဲ့

ပေကျင်း ဇန်နဝါရီ ၂

နှစ်နိုင်ငံတရားဥပဒေ စိုးမိုးရေးအာဏာပိုင်အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အကျင့်ပျက်ခြစားမှုဖြင့် တရုတ်နိုင်ငံ၏ အလိုချင်ဆုံး တရားခံပြေးတစ်ဦးကို ဂီနီနိုင်ငံမှ သောကြာနေ့က ပြန်လည်ခေါ်ဆောင်လာနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကုမ္ပဏီ၏ သွင်းကုန်ထုတ်ကုန်ဌာန ညွှန်ကြားရေးမှူးဟောင်း (၄၈ နှစ်) ရှိ ပေကျင်ချင်သည် အကျင့်ပျက်ခြစားမှုဖြင့် သံသယရှိနေသူဖြစ်ပြီး ၂၀၀၉ ခုနှစ် နိုဝင်ဘာလက ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

တရုတ်နိုင်ငံသည် စီးပွားရေးဆိုင်ရာ ပြစ်မှုများဖြင့် စွပ်စွဲခံထားရသော သံသယရှိသူ အယောက် ၁၀၀ ကို ပြန်လည်ခေါ်ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၁၅ခုနှစ် ဧပြီလတွင် စကိုင်းနက် လှုပ်ရှားဆောင်ရွက်မှုကို စတင်ခဲ့သည်။ ပြည်ပနိုင်ငံတစ်ခုသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သော အကျင့်ပျက်ခြစားမှုသံသယရှိသူ ပေသည် တရုတ်နိုင်ငံ၏ အလိုရှိဆုံး နံပါတ် ၁၀ စာရင်းတွင် ဖော်ပြထားကြောင်း သိရသည်။

ဂီနီနှင့် တရုတ်နိုင်ငံတို့မှ တရားဥပဒေစိုးမိုးရေးအရာရှိများ၏ ပူးပေါင်းဆောင်ရွက်စုံစမ်းစစ်ဆေးမှုများကြောင့် အကျင့်ပျက်ခြစားမှုဖြင့် သံသယရှိသူ ပေသည် ဂီနီမြို့တော် ကွန်နာခရီတွင် ရှောင်တိမ်းနေကြောင်း သိရသည်။

ပေကို ဒီဇင်ဘာ ၂၅ ရက်က ဖမ်းဆီးခဲ့ပြီး ပေကျင်းသို့ သောကြာနေ့ နေ့လယ်ပိုင်းက ပြန်လည်ပို့ဆောင်ခဲ့ကြောင်းသိရသည်။ **(ဆင်ဟွာ)**



**အကျင့်ပျက်ခြစားမှုဖြင့် တရုတ်နိုင်ငံ၏အလိုချင်ဆုံး တရားခံပြေး ပေကျင်ချင်ကို တရုတ်နိုင်ငံ ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဇန်နဝါရီ ၁ ရက်က ရဲများဖြင့် ဝန်းရံစောင့်ကြပ်ခေါ်ဆောင်လာသည်ကို တွေ့ရစဉ်။**




**မြူးနစ်မြို့ ဘူတာရုံ၌ လုံခြုံရေးစောင့်ကြပ်နေသော ဂျာမနီရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဇန်နဝါရီ ၁ ရက်က တွေ့ရစဉ်။**

# နှစ်သစ်ကူးကာလတွင် မြူးနစ်မြို့ကို တိုက်ခိုက်ရန် အီရတ်နှင့် ဆီးရီးယားစစ်သွေးကြွများက စီစဉ်ခဲ့ဟုဆို

မြူးနစ် ဇန်နဝါရီ ၂

ဆီးရီးယားနှင့် အီရတ်တို့မှ စစ်သွေးကြွများက နှစ်သစ်ကူးကာလတွင် မြူးနစ်မြို့ကို အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် စီစဉ်ခဲ့ကြောင်း ရဲအဖွဲ့က သောကြာနေ့တွင် ပြောသည်။

နှစ်သစ်ကူးကာလတွင် မြူးနစ်မြို့ဘူတာနှစ်ခုကို အသေခံတိုက်ခိုက်မှုများ ပြုလုပ်သွားရန် စီစဉ်ခဲ့မှုကို ဂျာမန်တာဝန်ရှိသူများက သတင်းရရှိခဲ့ကြောင်း မြူးနစ်မြို့ ရဲအရာရှိချုပ် ဟာဘာတပ် အင်ထရေးက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

နှစ်သစ်ကူးညမတိုင်မီ ၁ နာရီအလို မြို့လယ်နှင့် ပါဆင်းဘူတာများကို ပိတ်ထားလိုက်ရပြီး မကြာမီ ပြန်လည်ဖွင့်ပေးခဲ့ကြောင်း ရဲအဖွဲ့က ပြောသည်။

“ကျွန်တော်တို့အနေနဲ့ မြို့ကို အသေခံတိုက်ခိုက်မှုတွေ ပြုလုပ်မယ်လို့ သတင်းတွေ ရထားခဲ့ပါတယ်။ မြူးနစ်ဒါမှမဟုတ် ဂျာမနီက ဘယ်နေရာမဆို တိုက်ခိုက်မှု မလုပ်ဘူးလို့ မဆိုနိုင်ပါဘူး”ဟု အင်ထရေးက ပြောသည်။

လူပေါင်း ၁၃၀ သေဆုံးခဲ့ရသည့် ပါရီတိုက်ခိုက်မှုအပြီး ခုနစ်ပတ်အကြာ နှစ်သစ်ကူးကာလသို့ ဝင်ရောက်လာချိန် ဥရောပတွင် သတိပေးမှုများ ပြုလုပ်ထားရသည်ဟု ဆိုသည်။ **(ရိုက်တာ)**

# တဲလ်အဗစ်ပစ်ခတ်မှု နှစ်ဦးသေဆုံး၊ ခြောက်ဦး ဒဏ်ရာရ

တဲလ်အဗစ် ဇန်နဝါရီ ၂

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့တွင် ဇန်နဝါရီ ၁ ရက်က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးရဲတပ်ဖွဲ့က ပြောသည်။

မြို့တော် တဲလ်အဗစ် ဒီဇန်အော့ဖ်လမ်းရှိ ဘားတစ်ခုတွင် လူတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များသည် လွတ်မြောက်သွားသော သေနတ်သမားကို အခင်းဖြစ်ပွားရာ အနီးဝန်းကျင်ရှိလမ်းများတွင် ပိုက်စိပ်တိုက်ရှာဖွေမှုများ ဆက်လက်ပြုလုပ်နေကြောင်း သိရသည်။

နှစ်ဦးသေဆုံးသည့်အပြင် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိထားပြီး အခြားသုံးဦးမှာ ဒဏ်ရာအသင့်အတင့်ရရှိထားကာ တစ်ဦးမှာ မစိုးရိမ်ရသောအခြေအနေတွင်ရှိကြောင်းနှင့် ၄င်းတို့ကို တဲလ်အဗစ်မြို့ရှိ အစ်ချီလော့ဗ်ဆေးရုံနှင့် မြို့တော်၏ အရှေ့ဘက် ၁၀ ကီလိုမီတာဝေးသည့် ပီတာတစ်ခ်ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာတွင် လူများပြည့်ကျပ်နေကြောင်း အသက် ၃၀ ဝန်းကျင်အရွယ် မြို့ခံတစ်ဦးက ပြောခဲ့သည်။ “ရုတ်တရက်သေနတ်ပစ်ခတ်သံကြားလိုက်ရတယ်။ ပစ်ခတ်မှုဖြစ်ပွားတဲ့နေရာမှာ လူ ၁၀ ဦး၊ ၁၅ ဦးလောက်ရှိမယ်ထင်တယ်။ ပစ်ခတ်သံလည်းကြားရော လူတစ်ဦးက ကော်ဖီဆိုင်ထဲကို ပြေးဝင်လာပြီး ကျွန်တော်တို့ကို မှောက်ထားဖို့ပြောပါတယ်။ ကျွန်တော်လည်း ခုံအောက်မှာပုန်းနေရတယ်။ ဘယ်လောက်တောင်ကြာသွားသလဲဆိုတာ ကျွန်တော်လည်း မသိလိုက်ဘူး”ဟု ၄င်းကဆက်လက်ပြောကြားသည်။

အခြားမျက်မြင်သက်သေများက သိုးမွေးဦးထုပ်ဆောင်းပြီး မီးခိုးရောင်အင်္ကျီဝတ်ဆင်ထားသည့် လူတစ်ဦး အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးသွားသည်ကို တွေ့ရကြောင်း ပြောသည်။

တဲလ်အဗစ်ပြည်နယ်ရဲဌာနပြောရေးဆိုခွင့်ရှိသူ ဟီလာဟီမိုက သံသယဖြစ်ဖွယ်လှုပ်ရှားမှုအားလုံးကို စောင့်ကြည့်စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပွားသော သေနတ်ပစ်ခတ်မှုသည် ပါလက်စတိုင်းနှင့် အစ္စရေးတို့၏ အကြမ်းဖက်မှုနှင့် သက်ဆိုင်ခြင်း ရှိ၊ မရှိကို မသိရသေးကြောင်းပြောကြားသည်။ **(ဆင်ဟွာ)**



**အစ္စရေး လုံခြုံရေးတပ်ဖွဲ့များက တဲလ်အဗစ်ပစ်ခတ်မှုတွင် သံသယရှိသူကို ပိုက်စိပ်တိုက်ရှာဖွေနေစဉ်။**

# မိတ္ထီလာမြို့ရှောင်လမ်း ယခုဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပြီးစီးမှုမရှိနိုင်သေးကြောင်းသိရ

**မိတ္ထီလာ ဇန်နဝါရီ ၂**

မိတ္ထီလာမြို့ရှောင်လမ်း ရန်ကုန်-မန္တလေးကားလမ်းမ သပြေဝ တိုးဂိတ်အနီးမှ ကန်တောင်ကျေးရွာ တောင်ဘက် မြာရေဝေကျေးရွာလမ်းဆုံအနီး ရန်ကုန်-မန္တလေးကားလမ်းအထိ ၁၄ မိုင် ၂ ဖာလုံကို ကုမ္ပဏီနှစ်ခုက တာဝန်ယူဖောက်လုပ်နေပြီး ယခုဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပြီးစီးမှုမရှိနိုင်သေးကြောင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်းက ပြောသည်။



"ပြီးခဲ့တဲ့ ဒီဇင်ဘာ ၃၁ ရက်က မြို့ရှောင်လမ်းတာဝန်ယူဖောက်လုပ်နေတဲ့ကုမ္ပဏီက တာဝန်ရှိသူတွေနဲ့ အစည်းအဝေးလုပ်တော့ ဒီနှစ်ဘဏ္ဍာရေးနှစ်အတွင်းမှာ ဖောက်လုပ်မပြီးစီးနိုင်တော့ကြောင်း ပြောတယ်။

"မော်တော်ယာဉ်တွေကိုစမ်းသပ်ဖြတ်သန်းမောင်းနှင်ခွင့်ပြုဖို့ တာဝန်ရှိသူတွေ သွားရောက်စစ်ဆေးကြည့်ရှုတော့ သပြေဝတိုးဂိတ်နားကနေ မိတ္ထီလာ-သာစည် ကားလမ်းမ (ပျဉ်သာကျေးရွာ)အနီးအထိ မြို့ရှောင်လမ်းပိုင်း ၉ မိုင် ၂ ဖာလုံကို သော်တာဝင်းကုမ္ပဏီက တာဝန်ယူဖောက်လုပ်ပြီး အဲဒီလမ်းပိုင်းက အခုမောင်းနှင်ခွင့်ပြုမယ်ဆိုရင် ပြု၍ရလောက်တဲ့ အနေအထားထိ ဖောက်လုပ်ပြီးသွားပြီ ဖြစ်ပါတယ်။ မိတ္ထီလာ-သာစည် ကားလမ်းမ (ပျဉ်သာကျေးရွာ)အနီးကနေ ကန်တောင်ကျေးရွာ တောင်ဘက် မြာရေဝေကျေးရွာလမ်းဆုံ ရန်ကုန်-မန္တလေးကားလမ်းမအနီး ၅ မိုင် ၂ ဖာလုံကို ယုဇနကုမ္ပဏီက တာဝန်ယူဖောက်လုပ်ပြီးတော့ မော်တော်ယာဉ်ကြီးတွေ မောင်းနှင်ဖို့အထိ မပြီးစီးသေးပါဘူး။ အဲဒီလမ်းပိုင်းက တိုပေမယ့် ညောင်မြင့်ကျေးရွာအနီးမှာက ချောင်းကူးတံတားကြီးတစ်စင်းနဲ့ တခြား မြောင်းကျော်တံတားငယ်လေးတွေလည်း တော်တော်များများရှိနေတော့ အချိန်မီမပြီးနိုင်သေးတာဖြစ်ပါတယ်။ ပြီးတော့ မြို့ရှောင်လမ်း ဖောက်လုပ်ဖို့အတွက် ငွေကြေးလည်း အခက်အခဲရှိတယ်လို့ လမ်းတာဝန်ယူဖောက်လုပ်တဲ့ ကုမ္ပဏီတာဝန်ရှိသူတွေက အစည်းအဝေးမှာ ပြောပါတယ်"ဟု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်းက ပြောသည်။

မိတ္ထီလာ မြို့တွင်းလမ်းများမှာ မော်တော်ယာဉ်ကြီးများ နေ့စဉ်ဖြတ်သန်းသွားလာမှုကြောင့် ဆိုးရွားစွာပျက်စီးနေပြီး ဒေသခံပြည်သူများမှာလည်း ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် နေ့စဉ်သတိပြုသွားလာနေရသည်။ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက တော်ဝင်နန်းလမ်းဆုံအနီး လမ်းပျက်စီးသည့် နေရာတွင် ၂၂ ဘီး ကုန်တင်မော်တော်ယာဉ်ကြီးတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ထို့ကြောင့် ဒေသခံပြည်သူအများစုမှာ မြို့ရှောင်လမ်း အမြန်ဆုံးဖောက်လုပ်ပြီးစီးနိုင်ရေးအတွက် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် အဆင့်ဆင့်တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကျင်းပပြီးစီး

**ဟားခါး ဇန်နဝါရီ ၂**

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၅) စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်းခမ်း၊ ပြည်နယ် အဆင့် အဖွဲ့အစည်းဝင်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦး တက်ရောက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် အစည်းအဝေးပထမနေ့က ပြည်နယ်လွှတ်တော် ချင်းအက်ဥပဒေလေ့လာသုံးသပ်ရေးကော်မတီမှ တင်သွင်းခဲ့သော ချင်းဝိသေသတိုင်း အက်ဥပဒေ(၁၉၄၈)အပေါ် တွေ့ရှိချက်နှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ဟားခါး၌ တတိယအကြိမ် ပြည်နယ်ဝန်ကြီးချုပ်ဖလား အလွတ်တန်း(တစ်ဦးချင်း)စစ်တုရင်ပြိုင်ပွဲ ကျင်းပ

**ဟားခါး ဇန်နဝါရီ ၂**

၂၀၁၆ ခုနှစ် တတိယအကြိမ် ပြည်နယ်ဝန်ကြီးချုပ်ဖလား အလွတ်တန်း (တစ်ဦးချင်း) စစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၁၀ နာရီက ဟားခါးမြို့၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက စစ်တုရင်အကွက်ရွှေ့၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကို စတင်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြိုင်ပွဲဝင် ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်အထိ နှစ်ရက်ကြာယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## ပျဉ်းမနားမြို့ ဘိုးဘွားရိပ်သာ (၂၅)နှစ်မြောက်ဆွမ်းဆန်တော်လှူဒါန်းပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ဘိုးဘွားရိပ်သာ၏ (၂၅)နှစ်မြောက် နေ့ထူးနေ့မြတ်ဖြစ်သည့် ဇန်နဝါရီ ၁ ရက်က သံဃာတော် ၁၀၈ ပါးနှင့်သီလရှင် ၄၅ ပါးအား ဆွမ်းဆန်တော်များလှူဒါန်းခြင်း၊ ရာသက်ပန်ငွေပဒေသာပင်များစိုက်ထူခြင်း စသည့်ကုသိုလ်ပြုကြမည့် အထိမ်းအမှတ်ပွဲကို ပျဉ်းမနားမြို့ ဘိုးဘွားရိပ်သာ၌ကျင်းပမည်ဖြစ်ရာ လာရောက်ပါဝင်လိုသူများအတွက် နေရာသတ်မှတ်ပေးနိုင်ရန် ဘိုးဘွားရိပ်သာ ဖုန်း ၀၆၇-၂၁၀၉၉ သို့ ကြိုတင်ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ကိုကြီးကျော်**

# ကာကွယ်ဆေးထိုးသင်တန်းသားများ လက်တွေ့ကွင်းဆင်းဆောင်ရွက်



**ခမောက်ကြီး ဇန်နဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော သုံးရက်ကြာကာကွယ်ဆေးထိုးနည်းသင်တန်းကို ဒီဇင်ဘာ ၃၁ ရက်က ဒေါက်တာ နိုင်တင်ထွန်း ဦးဆောင်မှုဖြင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သင်တန်းသားများသည် ခမောက်ကြီးမြို့ ရပ်ကွက်အတွင်း တစ်နိုင်တစ်ပိုင် မွေးမြူထားသောဝက်များအား ကျရောက်တတ်သောရောဂါများကြိုတင်ကာကွယ်ဆေးထိုးပေးခြင်းများကို တစ်အိမ်တက်တစ်အိမ်ဆင်း၍ လက်တွေ့ ကွင်းဆင်းကာ ရောဂါများရှာဖွေပေးခြင်း**(ဝဲပုံ)**၊ ကာကွယ်ဆေးထိုးပေးခြင်း၊ ဆေးထိုးနည်းစနစ်များကို လက်တွေ့ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**

## နိုင်ငံတကာသတင်း

# ပန်ဂျပ်ပြည်နယ်ရှိ အိန္ဒိယလေတပ်စခန်းတိုက်ခိုက်ခံရ၊ လူခြောက်ဦးသေဆုံး

**နယူးဒေလီ ဇန်နဝါရီ ၂**

ဂျေတီ

အိန္ဒိယနိုင်ငံမြောက်ဘက် ပါကစ္စတန်နယ်စပ်အနီးတွင် တည်ရှိသောပန်ဂျပ်ပြည်နယ်ရှိ အိန္ဒိယလေတပ်အခြေစိုက်စခန်းကို သေနတ်သမားများက ယနေ့ဝင်ရောက်တိုက်ခိုက်ခဲ့ရာ သေနတ်သမားလေးဦးနှင့် အိန္ဒိယလေတပ်သားနှစ်ဦး သေဆုံးပြီး အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင်ခြောက်ဦးပါ ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယအသံလွှင့် ဌာနတစ်ခုဖြစ်သည့် အောလ်အိန္ဒိယရေဒီယိုက ကြေညာသည်။

အဆိုပါ တိုက်ခိုက်မှုမှာ မြို့တော်နယူးဒေလီမှ မြောက်ဘက် ကီလိုမီတာ ၄၃၀ ခန့်အကွာတွင် တည်ရှိသော ပန်ဂျပ်ပြည်နယ်ရှိ ပါသန်ကော့သ်လေတပ်အခြေစိုက်စခန်းတွင် ယနေ့ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စစ်ဘက်ဝတ်စုံများ ဝတ်ဆင်ထားပြီး လေတပ်အခြေပြုစခန်းအား ဝင်ရောက်တိုက်ခိုက်သည့် အဆိုပါ သေနတ်သမားဦးရေကို အတိအကျမသိရသော်လည်း တာဝန်ရှိသူများ၏ အဆိုအရ သေနတ်သမားလေးငါးဦးခန့်ရှိမည်ဟု သိရသည်။ သို့သော် ယင်းတိုက်ခိုက်မှုကြောင့် အဆိုပါလေတပ်စခန်းရှိ ရဟတ်ယာဉ်များနှင့် အခြားစစ်လက်နက်ကိရိယာများမှာ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း အောလ်အိန္ဒိယရေဒီယို၏ ကြေညာချက်အရ သိရသည်။

အိန္ဒိယအစိုးရသည် ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ပန်ဂျပ်နှင့်အိန္ဒိယထိန်းချုပ်သည့် ကက်ရှ်မီးယားပြည်နယ်တို့တွင် အရေးပေါ်အခြေအနေထုတ်ပြန်ခဲ့သလို ယင်းတိုက်ခိုက်မှုအခြေအနေကို စောင့်ကြည့်ရန် မြို့တော်နယူးဒေလီရှိ အိန္ဒိယလေတပ်ဌာနချုပ်တွင်လည်း အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။ သေနတ်သမားများသည် ပြန်ပေးဆွဲထားသည့်ရဲကားကို အသုံးပြုကာ လေတပ်စခန်းကို လာရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အိန္ဒိယတာဝန်ရှိသူများက ပါကစ္စတန်အခြေစိုက်စစ်သွေးကြွများကို ပြစ်တင်ရှုတ်ချလျက်ရှိကြသည်။




ယင်းတိုက်ခိုက်ခိုက်မှုမှာ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ပါကစ္စတန်နိုင်ငံ လာဟိုးမြို့သို့ သွားရောက်လည်ပတ်ကာ ပါကစ္စတန်ဝန်ကြီးချုပ် နဝပ်ရှာရစ်ဖ်နှင့် တွေ့ဆုံခဲ့ပြီးနောက် မကြာမီအတွင်းမှာပင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အလားတူပင် ယမန်နှစ်ဇူလိုင်လက ပန်ဂျပ်ပြည်နယ် ဂါဒုစပူရ်ခရိုင်ရှိ အိန္ဒိယရဲစခန်းတစ်ခုကို တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်ဘက်သုံးဦးအပါအဝင် လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# စက္ကန့်မလပ်၊ သတိချပ်လျက် ထိန်းသိမ်းစောင့်ရှောက်ရမည့် မြန်မာ့လွတ်လပ်ရေး

မောင်ခိုင်မာ(အထက်မင်းလှ)

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဗြိတိသျှကိုလိုနီနယ်ချဲ့အောက်မှ လွတ်မြောက်ပြီး ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ရောက်ခဲ့သည့် နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သကဲ့သို့ ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် အမွန်အမြတ်ထိန်းသိမ်းစောင့်ရှောက်ရမည့် နေ့ကြီးရက်မြတ်တစ်ခုလည်း ဖြစ်ပါသည်။

“လွတ်လပ်ရေး”ဟူသည်မှာ တိုင်းတစ်ပါးအုပ်စိုးမှုကင်းစင်၍ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို မိမိတို့ဘာသာ ဖန်တီးနိုင်ခွင့်ရှိခြင်း၊ တစ်နည်းအားဖြင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်ရှိခြင်းဟု ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုထားသဖြင့် လွတ်လပ်ရေးကို နိုင်ငံတိုင်း၊ လူမျိုးတိုင်းက နှစ်သက်မြတ်နိုးတန်ဖိုးထားကြခြင်းဖြစ်သည်။ ယနေ့ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးအဖြစ် ဝင့်ထည်စွာရပ်တည်နေနိုင်ခြင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံတကာအဖွဲ့အစည်းများတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ ရပ်တည်နိုင်ခြင်းတို့မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံ၊ တစ်နည်းအားဖြင့် လွတ်လပ်သောနိုင်ငံဖြစ်သောကြောင့် မဟုတ်ပါလော။

အမိမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ရှေးပဝေသဏီကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် အေးအတူပူအမျှ စုပေါင်းနေထိုင်လာခဲ့ကြကြောင်း သမိုင်းစာမျက်နှာများတွင် အထင်အရှားတွေ့ရပါသည်။ မြန်မာနိုင်ငံသည် တည်နေရာအရ အာရှတိုက်ကုန်းမကြီးပေါ်၌ တည်ရှိပြီး ရှည်လျားသော ပင်လယ်ထွက်ပေါက်ရှိခြင်း၊ အိမ်နီးချင်းနိုင်ငံကြီးများဖြစ်သော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိခြင်း၊ “တောင်အာရှ၊ အရှေ့တောင်အာရှ၊ တရုတ်နိုင်ငံ”တို့နှင့် ဆုံရပ်မှာရှိခြင်းတို့ကြောင့် ပထဝီနိုင်ငံရေးအရ အချက်အချာကျသော နိုင်ငံတစ်ခုဖြစ်သည်။ ယင်းအပြင် မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်သွင်ပြင်ကောင်းများနှင့်ပြည့်စုံပြီး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများပေါကြွယ်ဝသည့် ရွှေနိုင်ငံလည်းဖြစ်ပါသည်။ သို့အတွက် ၁၉ ရာစုတွင် နယ်ချဲ့တို့ကမျက်စိကျကာ နည်းပရိယာယ်အသွယ်သွယ်ဖြင့် အင်အားသုံးကျူးကျော်တိုက်ခိုက်ခံခဲ့ရပြီး နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝသို့ သက်ဆင်းခဲ့ရပါသည်။

မြန်မာပြည်သူ မိဘဘိုးဘွားတို့သည် သူ့ကျွန်ဘဝကျရောက်သည့် ကာလမှစ၍ နယ်ချဲ့ဆန့်ကျင်ရေးကို နိုင်ငံအဝန်း၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ကြသည်။ အားမတန်သော်လည်း မာန်မလျှော့ခဲ့ပါ။ တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများနှင့်အတူ YMBA လှုပ်ရှားမှု၊ GCBA လှုပ်ရှားမှု၊ တောင်သူလယ်သမားအရေးတော်ပုံ၊ အလုပ်သမားအရေးတော်ပုံ၊ ၁၃၀၀ ပြည့်အရေးတော်ပုံတို့သည် လွတ်လပ်ရေးတိုက်ပွဲအတွက် စွမ်းအားစုများဖြစ်ခဲ့ကြပါသည်။ ထို့အတူ ရဲဘော်သုံးကျိပ်၏ စွန့်လွှတ်စွန့်စားဆောင်ရွက်ချက်များကလည်း လွတ်လပ်ရေးကြိုးပမ်းမှုကို အရှိန်အဟုန်ကြီးမားစွာဖြင့် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ပါသည်။ ဤအခြေအနေများနှင့် ကမ္ဘာ့အခြေအနေများကြောင့် ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာ့မြေပေါ်မှ ဆုတ်ခွာသွားခဲ့ရပါသည်။ နောက်ပိုင်းဝင်လာသည့် ဖက်ဆစ်များကိုလည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးစီးလျက် တိုက်ထုတ်နိုင်ခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံသို့ တစ်ကျော့ပြန်ဝင်ရောက်လာသော ဗြိတိသျှနယ်ချဲ့တို့သည် ကျွန်သက်ရှည်စေရန် လှည့်စားကြံဆောင်ခဲ့ကြသော်လည်း လုံးဝလွတ်လပ်ရေးရရှိရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ကြိုးပမ်းမှုကို မလွန်ဆန်နိုင်သောအခါ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးရန် လန်ဒန်သို့ဖိတ်ကြားခဲ့ပါသည်။ “တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေးရစေရမည်”ဟူသည့် ကြွေးကြော်ချက်ဖြင့် ကြိုးပမ်းနေသော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့်အဖွဲ့နှင့် ဝန်ကြီးချုပ် မစ္စတာ အက်တလီခေါင်းဆောင်သည့် ဗြိတိသျှလေဘာပါတီအစိုးရတို့သည် လန်ဒန်မြို့၌ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် စတင်ဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ ဆွေးနွေးစဉ်မှာပင် ဗြိတိသျှနယ်ချဲ့တို့၏ သွေးထိုးမှုနှင့် အာဏာမစွန့်လိုသော ပဒေသရာဇ်စော်ဘွားအချို့၏ လုပ်ဆောင်မှုကြောင့် ဆွေးနွေးပွဲတုံ့ဆိုင်းသွားရသော်လည်း လွတ်လပ်ရေးအောင်ပန်းကို ရယူလိုသည့် ခေါင်းဆောင်များနှင့် ပြည်သူတို့၏ကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပနိုင်ပြီး အောင်ဆန်းအက်တလီစာချုပ်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့ပါသည်။

အောင်ဆန်းအက်တလီစာချုပ်ပါ အချက်အရ မြန်မာ့လွတ်လပ်ရေး ရယူရာတွင် တောင်တန်းဒေသ တိုင်းရင်းသားများ၏ သဘောဆန္ဒအမှန်ရယူရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှစတင်၍ “ပင်လုံညီလာခံ” ကို ကျင်းပခဲ့ပါသည်။ ပင်လုံညီလာခံတွင် တိုင်းရင်းသားလူမျိုးများအားလုံးပါဝင်သော မြန်မာ့လွတ်လပ်ရေးကို တစ်လုံးတစ်စည်းတည်း ရယူရန် ကျယ်ပြန့်လေးနက်စွာ အကျေအလည်ဆွေးနွေးကြလျက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်တို့၏ အမြော်အမြင်ရှိမှု၊ စိတ်ရှည်သည်းခံမှု၊ ဖွဲ့လုံ့လပြည့်ဝမှု၊ စေ့စပ်လိုက်လျောမှုများကြောင့် ပြည်ထောင်စုကြီးဖြစ်တည်ခဲ့ပြီး အကျိုးဆက်အားဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အမိမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိခဲ့ခြင်း ဖြစ်ပါသည်။

လွတ်လပ်ရေးဆိုသည်မှာ နှစ်ရှည်လများ တိုက်ပွဲဝင်ရယူမှသာ ရရှိတတ်သော်လည်း ရရှိပြီးလွတ်လပ်ရေးသည် စည်းလုံးညီညွတ်မှု ပျက်ပြားခြင်း၊ မျိုးချစ်စိတ်ဓာတ်အားနည်းခြင်းတို့ကြောင့် တစ်ခဏချင်းပင် ဆုံးရှုံးတတ်သောအရာပင် ဖြစ်ပါသည်။ ဤနေရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ “လွတ်လပ်ရေးနှင့် လွတ်လပ်ရေးတန်ဖိုးသဘောတရား”များကို ကိုးကားတင်ပြလိုပါသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့ ဗိုလ်ချုပ်၏ အသံလွှင့်မိန့်ခွန်းတွင် “လွတ်လပ်ရေးဟာ ပေးလို့ရတဲ့ကိစ္စမျိုးမဟုတ်၊ ယူတတ်မှ၊ ယူနိုင်တဲ့အင်အားရှိမှ တကယ်ရမှာပဲ”ဟု မိန့်ကြားခဲ့သလို ၁၉၄၃ ခုနှစ် သေနင်္ဂဗျူဟာစစ်သမိုင်းနှင့် ဗျူဟာစက္ကိပျို့စာအုပ် ဥယျောဇဉ်တွင် ဗိုလ်ချုပ်က “ကျွန်ုပ်သည် ဘယ်အခါကမျှ စိတ်သက်သာမှုမရခဲ့ပေ။ အိပ်မက်များတွင်ပင် ကျွန်ုပ်သည် ကျွန်ုပ်၏မလွတ်လပ်သောနိုင်ငံအတွက် ယောင်ယမ်းငိုခဲ့မိ၏။ ဒေါသထွက်ခဲ့မိ၏။”ဟု ရေးသားဖော်ပြခဲ့ပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့အားလုံးသည် ဗိုလ်ချုပ်မြတ်နိုးတန်ဖိုးထား ရယူပေးခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွတ်မဆုံးရှုံးစေရေးအတွက် စက္ကန့်မလပ်၊ သတိချပ်လျက် ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပေသည်။

ယနေ့ကာလ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ကြားသိနေရပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် ဒုတိယအကြိမ် ပုံမှန်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အစိုးရသစ်ဖွဲ့စည်းရေးနှင့် တာဝန်လွှဲပြောင်းရေးအတွက် နိုင်ငံတော်အစိုးရဘက်မှ “နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှုအထောက်အကူပြုကော်မတီ”နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ “အသွင်ကူးပြောင်းရေးအဖွဲ့”တို့သည် နှစ်ဖက်တွေ့ဆုံညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း နှစ်ပေါင်း ၆၀ ကျော် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ NCA တွင် လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့်အဖွဲ့များအနေဖြင့်လည်း ဘက်ပေါင်းစုံမှ ခြုံငုံသုံးသပ်ပြီး အမြန်ဆုံးပါဝင်လက်မှတ်ရေးထိုးရန် အခြေအနေကတောင်းဆိုနေပါသည်။ NCAပါနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ( The Framework for Political Dialogue) သဘောတူညီချက်ကို ၁၅-၁၂-၂၀၁၅ ရက်နေ့က ရေးဆွဲခဲ့ပြီး ၁၇-၁၂-၂၀၁၅ ရက်နေ့က နိုင်ငံတော်သမ္မတထံ ပေးအပ်ပြီး ဖြစ်ပါသည်။

ယင်းမူဘောင်ကိုအခြေခံ၍ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေး စတင်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် စတင်ကျင်းပရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက ကြေညာချက်အမှတ် ၂/၂၀၁၅ဖြင့် ထုတ်ပြန်ကြေညာပြီး ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး တို့သည် အချုပ်အခြာအာဏာ တည်တံ့ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးပါသည့် အလျောက် ရရှိပြီးအခြေအနေနှင့် အခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး ကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။

တိုင်းရင်းသားများ စုပေါင်းနေထိုင်လျက်ရှိသည့် အမိမြန်မာနိုင်ငံတော်တွင် တစ်မျိုးသားလုံး၏ ညီညွတ်မှုစွမ်းပကားဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးတို့ကို အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်းကို (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် တိုက်တွန်းတင်ပြအပ်ပါသည်။ ။

**တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် အချုပ်အခြာအာဏာတည်တံ့ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အလျောက် ရရှိပြီးအခြေအနေနှင့် အခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး ကြိုးပမ်းသွားကြရမည်**

## ထိန်းသိမ်းစို့လေ လွတ်လပ်ရေးအမွေ

* ကိုယ့်ပြည်ကိုယ့်ရွာ ....ကိုယ့်သာသနာနှင့်
မြန်မာမြေမှာ ...... အေးချမ်းစွာဖြင့်
စဉ်လာရှိခဲ့ ..... တို့ရဲ့နိုင်ငံ
နယ်ချဲ့ရန်ကြောင့် ....ဘေးဒဏ်နှင့်ကြုံ
နိုင်ငံဂုဏ်မှာ ..လုံးစုံမြုပ်ခဲ့ရလေ၏....။

* သူ့ကျွန်ဘဝ ..... ထိုကာလဝယ်
မြန်မာ့အားမာန် ... ရည်စိတ်သန်၍
တွန်းလှန်လိုစိတ် ....မျိုးချစ်စိတ်ဖြင့်
ဖိနှိပ်မခံ .....သူ့ကျွန်ရန်မှ
လွတ်ရန်ကြိုးပမ်း ....မျိုးချစ်ပန်းတည့်...။

* တိုင်းရင်းသားများ .... သွေးစည်းအားဖြင့်
စွန့်စားကြိုးပမ်း .... သက်ပေးစွမ်းကာ
ရဲစွမ်းသတ္တိ ..... လုံ့လရှိစွာ
လုပ်ဆောင်ပါ၍ .... မြန်မာတို့မြေ
လွတ်လပ်ပေကာ... သချာမျှော်မှန်း
မျိုးချစ်ပန်းတို့ .... ပွင့်လန်းဝေဆာ
ပြည်မြန်မာ၌...လွတ်လပ်ရေးကိုရခဲ့ပေ...။

* လွတ်လပ်ရေးမွေ ... အခွန့်ရှည်စွာ
တည်တံ့စေရေး .... တွန်းအားပေးကာ
မနေးပြည်သူ ...... ချစ်ကြည်ဖြူလျက်
ပြည်သူပြည်သား ..... နိုင်ငံသားတိုင်း
စွမ်းအားရှိသမျှ .... အားထုတ်ကြရေး
တွန်းအားပေးသည် .... အလေးထားကာ
မျိုးမြန်မာတို့...ထိန်းသိမ်းကြစေသတည်း...။ ။

**ရွှေတိုင်လွင်**

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**ခင်ဦး ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက်က မြို့မအားကစားကွင်း၌ ကျင်းပရာ ဝန်ထမ်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြန်/ဆက်ဌာန+စီး/ဘဏ်ဌာနအသင်း ပထမ၊ မြေစာရင်းဌာန(က) ဒုတိယ၊ မြေစာရင်းဌာန(ခ)က တတိယတို့ ရရှိခဲ့သည်။ ဇန်နဝါရီ ၃ ရက်တွင် မာရသွန်ပြေးပွဲကို ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# သဘာဝဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေကျပ်သိန်း ၃၇၆၀ ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၁၅ ခုနှစ် ဇူလိုင်လနောက်ပိုင်း၌ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် မြန်မာနိုင်ငံအတွင်း သဘာဝဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အလှူငွေကျပ် သိန်း ၃၇၆၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပရာ ပါတီတွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးသက်နိုင်ဝင်းနှင့် အတွင်းရေးမှူး ဒေါက်တာကျော်ကျော်ငွေးတို့က ပေးအပ်ပြီး **(ယာဝဲ)** အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရှမ်းပြည်နယ်တရားသူကြီးချုပ် မူဆယ်ခရိုင်တရားရုံး၌ကြည့်ရှုစစ်ဆေး

**မူဆယ် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့၌ ရှမ်းပြည်နယ် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်သည် ဒီဇင်ဘာလ နောက်ဆုံးပတ်က မူဆယ်ခရိုင်တရားရုံးနှင့် အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် တရားသူကြီးချုပ်သည် မူဆယ်ခရိုင် တရားရုံးသို့ ၂၀၁၄ ခုနှစ်အတွက် ရုံးစစ်ဆေးရန်နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ ပုဒ်မ ၆၇ အရ ရဲစခန်း၊ အချုပ်ခန်းများ စစ်ဆေးရန် မူဆယ်မြို့သို့ ရောက်ရှိခဲ့ပြီး မွန်းလွဲပိုင်းတွင် မူဆယ်မြို့မရဲစခန်းနှင့် အချုပ်ခန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ ပြစ်ဒဏ်ကျ တရားခံများအား အကျဉ်းထောင်သို့ အမြန်ပို့ရန်၊ အချုပ်ထောင်သစ် ဆောက်လုပ်ပြီးစီးပါက ပိုလျှံသောတရားခံများကို အမြန်ရွှေ့ပြောင်းထားရှိရန်၊ ကြန့်ကြာသော အမှုများ အမြန်ပြီးပြတ်ရေးအတွက် တရားရုံးများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

◆ *ကျောဖုံးမှ*

သံကြွပ်ပြားပေါ်တွင် တံတားတည်ဆောက်မှုမှတ်တမ်းကို မြင်တွေ့ခဲ့ရသည်။ အင်္ဂလိပ်အက္ခရာ ပုံဖော်လောင်းထားသော စာလုံးများဖြစ်သည်။ စာလုံးအများစုမှာ ပျက်စီးနေပြီ ဖြစ်သော်လည်း ဆက်စပ်ဖတ်နိုင်မှုအရ တံတားတည်ဆောက်မှုမှာ 18-12-1936 ဟု ရေးထိုးထားသည်ကို တွေ့ရသည်။

မော်တော်ယာဉ် တစ်စီးချင်းသာ ဖြတ်သန်းသွားလာနိုင်ပြီး မော်တော်ယာဉ်ဖြတ်သွားသည့်အခါတိုင်း အခင်းကြမ်းပြင်သစ်သားများ၏ မြည်သံက မော်တော်ယာဉ် စက်သံထက်ပင် ပိုမိုကျယ်လောင်မှုကို ကြားခဲ့ရသည်။

စီမံကိန်းဆိုင်ရာ အချက်အလက်များအရ ကလိန်အောင်တံတားသစ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့သည် တံတားအရှည်ပေမှာ ၆၆၀ ဖြစ်ပြီး လူသွားလမ်း တစ်ဖက်လျှင် သုံးပေ ခြောက်လက်မရှိပြီး တံတားအကျယ်မှာ ၃၁ ပေရှိ၍ ယာဉ်နှစ်စီးတစ်ပြိုင်နက်တည်း ဖြတ်သန်းသွားလာနိုင်မည် ဖြစ်သည်။

တံတားအမျိုးအစားမှာ Bored Pile Foundation, Open Foundation နှင့် Steel Shell Foundation တို့ဖြစ်သည်။ အောက်ထည်မှာ သံကူကွန်ကရစ်တည်ဆောက်မှုနှင့် အပေါ်ပိုင်းမှာ သံကူကွန်ကရစ် +Steel Turss တို့ဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ ၆၀ ဖြစ်သည်ဟု ဖော်ပြထားသည်။

တံတားသစ်တည်ဆောက်မှုမှာ ယခုအခါ ၇၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်၍ မကြာမီကာလတွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၏လမ်းပန်းဆက်သွယ်မှုမှာ ယခင်ကာလများထက် ပိုမိုကောင်းမွန် ချောမွေ့လာတော့မည်ဖြစ်သည်။

○ *ရှေ့ဖုံးမှ*

စက်ခေါင်းသစ်များသည် ကွန်ပျူတာထိန်းချုပ်စနစ်များ တပ်ဆင်ထားသည့် အဆင့်မြင့်စက်ခေါင်းများဖြစ်သဖြင့် မြေပြင်လမ်းပိုင်းသာမက တောင်ပေါ် လမ်းပိုင်းများတွင်လည်း အသုံးပြုပြေးဆွဲနိုင်မည်ဖြစ်သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Sifang Co.,Ltd.မှ လူစီးတွဲသစ် ၆၀ မှာယူထားပြီး အပြီးသတ်တည်ဆောက်ပြီးသည့် လူစီးတွဲသစ် ၃၉ တွဲအနက် ပထမအသုတ်အဖြစ် ယခုစမ်းသပ်မောင်းနှင်သည့် လူစီးတွဲသစ် ၁၈ တွဲဖြစ်သည်။ ဒုတိယအသုတ်အဖြစ် လူစီးတွဲသစ် ၁၀ တွဲသည် ဇန်နဝါရီ ၁ ရက်တွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိနေပြီး ကျန်ရှိသည့်လူစီးတွဲသစ် ၁၁ တွဲသည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ဇန်နဝါရီ ၂၀ ရက်တွင် ထပ်မံရောက်ရှိမည်ဖြစ်သည်။

အဆိုပါ စမ်းသပ်မောင်းနှင်သည့် လူစီးတွဲသစ်များကို ဇန်နဝါရီလ တတိယပတ်တွင် ရန်ကုန်-မန္တလေး လမ်းပိုင်း၌ ပြေးဆွဲနေသည့်အမှတ်(၅) အဆန်၊ အမှတ်(၆) အစုန်ရထား တွဲဆိုင်းများတွင် ခရီးသွားပြည်သူများ အဆင်ပြေသက်သာစွာ စီးနင်းနိုင်ရေးအတွက် အစားထိုးလဲလှယ် ပြေးဆွဲသွားမည်ဖြစ်ပြီး ရထားတွဲဆိုင်းများတွင် အထူးတွဲစောင့်များကိုလည်း ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအား JICA အဖွဲ့နှင့် မြန်မာ့မီးရထား အင်ဂျင်နီယာများနှင့် ပူးပေါင်း၍ လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ပြီးစီးသွားပါက ရထားအမြန်နှုန်း ၁ နာရီလျှင် ကီလိုမီတာ ၁၀၀ နှုန်းဖြင့် ပြေးဆွဲပေးနိုင်မည်ဖြစ်သည်။

**မြန်မာ့မီးရထား**

## ထူးခြားသည့် ညအပူချိန်များ

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ လွိုင်လင်မြို့၊ ခန္တီးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် လားရှိုးမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# အသားစားသုံးသည့် သိုးမွေးမြူရေးလုပ်ငန်း ဒေသတွင်း အသားစားသုံးမှုဖူလုံ

**ကန့်ဘလူ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဒေသတွင်း အသားစားသုံးမှု လိုအပ်ချက်အရ အသားစားသုံးမှု သိုးမွေးမြူရေးလုပ်ငန်းများ တစ်ပိုင်တစ်နိုင်မွေးမြူလျက်ရှိရာ ချင်းမြစ်ကျင်းကျေးရွာ၌ အသားစားသိုးမွေးမြူသူ ကိုးဦး၊ ၁၀ ဦးခန့်သည် တစ်ဦးလျှင် သိုးကောင်ရေ ၄၀၊၅၀ ခန့် မွေးမြူလျက်ရှိပြီး ဆက်လက်တိုးချဲ့မွေးမြူနိုင်ရန်နှင့် အခြားမွေးမြူလိုသူများလည်းရှိရာ ချေးငွေလိုအပ်လျက်ရှိကြောင်း ဒေသခံသိုးမွေးမြူသူများထံမှ သိရသည်။

တိုးချဲ့မွေးမြူနိုင်ပါက ဒေသတွင်းအသားစားသုံးမှုဖူလုံစေပြီး ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ အရွယ်ရောက် သိုးတစ်ကောင်လျှင် ငွေကျပ် တစ်သိန်းခန့်ရှိကြောင်း၊ အဓိကအနေဖြင့် အသားစားသုံးမှုအတွက်သာ မွေးမြူကြကြောင်း ချင်းမြစ်ကျင်းကျေးရွာနေ သိုးမွေးမြူသူ ဦးကျော်အောင်ကပြောသည်။ ဆိတ်များသည် လွှတ်ကျောင်းရာတွင် ထိန်းသိမ်းရခက်ခဲပြီး သိုးများကဆိတ်များထက် ထိန်းကျောင်းရလွယ်ကူသည့်အတွက် သိုးများကို ယခုလိုပိုမိုမွေးမြူလာကြကြောင်း ၎င်းက ဆက်လက်ပြောသည်။ ကန့်ဘလူမြို့နယ်တွင် သိုး၊ ဆိတ်မွေးမြူသူအသင်းများကို ၂၀၁၅ ခုနှစ် ဧပြီလက ကမ္ဘာ့ရတနာ့ဘဏ်က ငွေကျပ် သိန်း ၅၉၀ ကို ထုတ်ချေးပေးပြီးကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ညောင်ရမ်းတိုက်နယ်ဆေးရုံ သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

**သာစည် ဇန်နဝါရီ ၂**

သာစည်မြို့နယ် ညောင်ရမ်း တိုက်နယ်ဆေးရုံ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးကို ဇန်နဝါရီ ၁ ရက်က ညောင်ရမ်းကျေးရွာရှိ အလမ်းအိမ် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့၊ ကျေးရွာပြည်သူများစုပေါင်း၍ နှစ်သစ်ကူးအထိမ်းအမှတ်ဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မူကြိုဆရာဖြစ်သင်တန်း ကျိုင်းတုံ၌ဖွင့်လှစ်မည်

**တာချီလိတ် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ အခြေခံပညာအထက်တန်းအဆင့်ရှိသူ အမျိုးသား၊ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားရရှိစေရန်၊ မူကြိုပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန်၊ မိမိတို့အိမ်၌ မူကြိုကျောင်းဖွင့်လှစ်နိုင်ရန်နှင့် မိဘများအနေဖြင့် မူကြိုကျောင်းသို့ပို့ရန်မလိုဘဲ မိမိတို့အိမ်တွင် လေ့ကျင့်ပေးနိုင်ရန် အတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(အခြေခံ)သင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၆ ရက်အထိ လူမှုဝန်ထမ်းဦးစီးဌာန ကျိုင်းတုံမူလတန်းကြိုကျောင်း၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ ကျွမ်းကျင်သော နည်းပြဆရာများက သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းပြီးဆုံးပါက အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ဇန်နဝါရီ ၂ ရက် စနေနေ့ည ဂိုးရလဒ်များ

**အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၂၀) ဂိုးရလဒ်**

အာဆင်နယ် ၁-၀ နယူးကာဆယ်
လက်စတာ ၀-၀ ဘုန်းမောက်
မန်ယူ ၂-၁ ဆွမ်ဆီး
နော့ဝှစ်ချ် ၁-၀ ဆောက်သမ်တန်
ဆန်းဒါးလန်း ၃-၁ အက်စ်တွန်ဗီလာ
ဝက်စ်ဘရွန်း ၂-၁ စတုတ်စီးတီး

**အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၂၅)ဂိုးရလဒ်**

ဘာမင်ဂမ် ၂-၁ ဘရန့်ဖို့ဒ်
ဘော်လ်တန် ၀-၂ ဟက်ဒါဖီးလ်
ဘန်လေ ၀-၀ အစ်ဆွစ်ချ်
ကာဒစ်ဖ် ၁-၀ ဘလက်ဘန်း
ဖူလ်ဟမ် ၀-၁ ဝူလ်ဗာဟမ်တန်
ဖူလ်ဟမ် ၀-၁ရှက်ဖီးဝမ်းနက်စ်ဒေး
လိဒ် ၁-၁ အမ်ကေဒွန်း
မစ်ဒယ်ဘရော့ ၂-၀ ဒါဘီ
ပရက်စ်တန် ၂-၁ ရိုသာဟမ်
ရီးဒင်း ၁-၀ ဘရစ္စတိုး
ချာလ်တန် ၁-၁ နော်တင်ဟမ်

**စပိန်လာလီဂါ ပွဲစဉ်(၁၈) ဂိုးရလဒ်**

အက်စ်ပန်ညို ၀-၀ ဘာစီလိုနာ

# ရှေးဟောင်းသမိုင်းဝင် စကြာသီဟ စကြာနန္ဒ စေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်း ပြန်လည်မွမ်းမံပြင်ဆင်မည်

**မြောင်းမြ ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြို့ဦးမြို့ထိပ်၌ တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်းသမိုင်းဝင် စကြာသီဟ စကြာနန္ဒ စေတီတော်မြတ်ကြီးသည် နှစ်ကာလကြာမြင့်လာမှုကြောင့် အမိုးများပျက်စီးလာကာ ယခုပွင့်လင်းရာသီတွင် မြို့ကျက်သရေနှင့် လိုက်လျောညီထွေစွာ ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်ကာလကြာမြင့်လာတော့ ဘုရားကြီးရဲ့ အာရုံခံတန်ဆောင်းအမိုးတွေ ပျက်စီးယိုယွင်းလာတာကို အလှူရှင်က တွေ့မြင်ပြီး အမိုးနဲ့ အခြားလိုအပ်တာတွေ ပြင်ဆင်ဖို့ လှူဒါန်းခဲ့တာပါ၊ အခုပွင့်လင်းရာသီမှာ ပြီးစီးအောင် ပြုပြင်ဆောင်ရွက်သွားမှာပါ"ဟု ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**အောင်မင်း (ပြန်/ဆက်)**

# ယင်းမာပင်၌ ခုတင် ၅၀ ဆံ့ ခရိုင်ပြည်သူ့ဆေးရုံတိုးချဲ့

**မုံရွာ ဇန်နဝါရီ ၂**

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးရန်ရည်ရွယ်၍ ဒီဇင်ဘာ ၃၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့၊ ခုတင် ၅၀ ဆံ့ ခရိုင်ပြည်သူ့ဆေးရုံ တိုးချဲ့လူနာဆောင် အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တိုးချဲ့လူနာဆောင်သစ်သည် အလျား ၁၃၄ ပေ၊ အနံ ၅၄ ပေ၊ အမြင့် ၂၈ ပေရှိ နှစ်ထပ်သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး လတ်တလောတွင် ကလေးရောဂါနှင့် လူကြီးဖျားနာရောဂါများကို တိုးချဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြန်မာနိုင်ငံဆရာဝန်ညီလာခံ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ (၆၂)ကြိမ်မြောက် ညီလာခံကို ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့၊ အမှတ်-၂၄၉ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့တက်ရောက်လိုသည့် ဆရာဝန်များသည် ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း မြန်မာနိုင်ငံဆရာဝန်အသင်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အများပြည်သူများ ကြည့်ရှုခံစားနိုင်ရန် သုဝဏ္ဏသာမဇာတ်တော်ကြီးနှင့် ပဒေသာကပွဲကို အမျိုးသားကဇာတ်ရုံ၌အခမဲ့ဖျော်ဖြေ



သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဇော်မင်းလတ်

**ရန်ကုန် ဇန်နဝါရီ ၂**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာအား အများပြည်သူများ ကြည့်ရှုခံစားနိုင်ရန်အတွက် သုဝဏ္ဏသာမဇာတ်တော်ကြီးနှင့် ပဒေသာကပွဲကို အခမဲ့အဖြစ် ယနေ့ည ၇ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကပြဖျော်ဖြေ တင်ဆက်သည်။ **(ယာပုံ)**

ယင်းသို့ကပြဖျော်ဖြေရာ၌ ဖျော်ဖြေမှုအစတွင် အောင်ခြင်းရှစ်ပါးအဆိုဖြင့် စတင်ဖျော်ဖြေခဲ့သည်။ မကိုဋ်ဆောင်းလေးကောက်ယိမ်းအက၊ ဆွမ်းတော်ဗျို့ သရုပ်ဖော်ယိမ်းအက၊ နတ်တို့ပျော်ရာ တာဝတိံသာအက၊ ပုဂံဆီမီးယိမ်းအက တို့ဖြင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ကပြဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဧည့်သည်အဆိုအဖြစ် အဆိုတော် မေသက်ထားဆွေက သုဝဏ္ဏသာမဇာတ်တွင် အဆိုဖြင့် ဖျော်ဖြေခဲ့သည်။

အနုပညာဦးစီးဌာနမှ ဦးလှိုင်ဝင်းမောင် ညွှန်ကြားရေးမှူး (ထုတ်လုပ်ဌာနခွဲ)က "ဒီလိုပွဲတွေလုပ်တာက မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်နေတယ်။ အဲ့ဒီလိုပဲ ပြည်သူပြည်သားတွေ အနေနဲ့လည်း ကိုယ့်ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်စေချင်ပါတယ်။ အဲ့ဒီလိုစိတ်ဓာတ်မျိုးဖြစ်ပေါ်လာဖို့အတွက်လည်း ကျွန်တော်တို့ ယဉ်ကျေးမှုဦးစီးဌာနအနေနဲ့ အမြဲတမ်းဖျော်ဖြေ တင်ဆက်ပေးချင်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်မယ်။ ပြန့်ပွားအောင်လုပ်မယ်။ ပြည်သူလူထုကို ဖျော်ဖြေတင်ဆက်မယ်ဆိုတဲ့ အဓိကရည်ရွယ်ချက်နဲ့ လုပ်တာဖြစ်ပေမယ့် လွတ်လပ်ရေးနေ့နဲ့ တိုက်ဆိုင်နေတာဖြစ်တဲ့အတွက် ဂုဏ်ပြုတဲ့အနေနဲ့ မနက်ဖြန် ဇန်နဝါရီ ၃ ရက်မှာလည်း ရွှေမြန်မာအငြိမ့်ပွဲနဲ့ ပဒေသာကပွဲကိုလည်း ထပ်မံဖျော်ဖြေသွားမှာပါ" ဟု ပြောသည်။

ယနေ့ကပြဖျော်ဖြေသည့် သုဝဏ္ဏသာမဇာတ်တော်ကြီးတွင် ပီဋိယကျွဲ ညီလာခံအပါအဝင် အခန်းပေါင်းဆယ့်ခြောက်ခန်းဖြင့် ပြည်သူများအား ဖျော်ဖြေပေးခဲ့သည်။

ယနေ့ဖျော်ဖြေသည့် သုဝဏ္ဏသာမဇာတ်တော်ကြီးနှင့် ပဒေသာကပွဲကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ အနုပညာရှင်များ၊ အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာ့ရိုးရာ အနုပညာအား ချစ်မြတ်နိုးသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အောင်ခြင်းရှစ်ပါး (အဆို)၊ ကုဏ္ဍလာအိုင်နန်းယိမ်းအက၊ ဒဿပန်းစိုက်ယိမ်းအက၊ ရွှေခြေကျင်းနှင့် မဟာဆန်သူယိမ်းအက၊ ခိုင်ပန်းစုံနှစ်ပါးသွားယိမ်းအကများအပါအဝင် ရွှေတံဆိပ်ဆုများရှင် ခေါင်းဆောင်မင်းသမီးသန္တာလင်း၊ ရှေ့ထွက်မင်းသမီး ဇာနည်အောင်၊ လူရွှင်တော် အာပြဲ၊ စတားဝမ်းတူး၊ ရောင်နီ၊ ရောင်ပြန်၊ လမုန့်၊ ငွေတိုး တို့၏ ရွှေမြန်မာ အငြိမ့်ဖြင့် ဇန်နဝါရီ ၃ ရက် ည ၇ နာရီတွင်လည်း အမျိုးသားကဇာတ်ရုံ၌ ဆက်လက်၍ အခမဲ့ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။

# ပြည်ပနိုင်ငံများသို့ အလုပ်အကိုင်သွားရောက်လုပ်ကိုင်မည်ဆိုပါက

**နေပြည်တော် ဇန်နဝါရီ ၂**

**သန်းဦး (လေးမျက်နှာ)**

ပြည်ပနိုင်ငံများသို့ အလုပ်သွားလုပ်မည်ဆိုလျှင် အဓိကတရားဝင်လမ်းကြောင်းမှ သွားရန်လိုအပ်ပေသည်။ ယနေ့ အခေါ်အဝေါ်အရ တရားဝင်အလုပ်သမားမှတ်ပုံတင်၊ နိုင်ငံကူးလက်မှတ် ဗီဇာနှင့် သွားသူများကို အပေါ်လမ်းသမားများ၊ တချို့က အထောက်အထားဘာမျှမရှိဘဲ တစ်ဖက်နိုင်ငံသို့ သွားခြင်းကို အောက်လမ်းသမားများဟု ခေါ်ဆိုကြသည်။ မည်သို့ဆိုစေကာမူ အထက်လမ်းသွားသွား၊ အောက်လမ်းသွားသွား တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည်ဆိုပါက လူကုန်ကူး၊ လူပွဲစားများကို သတိထားရမည်ဖြစ်သည်။ အများအားဖြင့် လူကုန်ကူးခံရသူများသည် အောက်လမ်းသွားသူများ အများစုပါဝင်သည်။

အဓိကကတော့ ပြည်ပနိုင်ငံများသို့ အလုပ်အကိုင်သွားရောက်လုပ်ကိုင်မည်ဆိုပါက သိသင့်သိထိုက်သည်များကို သိထားရန်လိုအပ်ပေသည်။ ယနေ့အချိန်တွင် တရားဝင်လမ်းကြောင်းမှ သွားရောက်လုပ်ကိုင်နိုင်ရန် အခွင့်အရေးများစွာရှိနေပြီဖြစ်သည်။ ပြည်ပနိုင်ငံများသို့ မဖြစ်မနေ အလုပ်အကိုင်သွားရောက်လုပ်ကိုင်မည်ဆိုပါက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီ၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ၊ နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် တိုက်ရိုက်ချိတ်ဆက်၍ ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ပသို့ အလုပ်လုပ်ရန်သွားရောက်ရာတွင် မိမိသွားရောက်မည့်နေရာ၏ ဓလေ့စရိုက်၊ မိမိအားဆက်သွယ်လာသူ ပွဲစားများ၊ မိမိဆက်သွယ်သော အလုပ်အကိုင်၊ အေဂျင်စီသတင်းအချက်အလက်များနှင့် ဆက်သွယ်ရန်လိပ်စာ၊ ယင်းတို့၏ မှတ်ပုံတင်အမှတ်၊ မိမိလုပ်ကိုင်ရမည့်အလုပ်၏ သဘောသဘာဝနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ရနိုင်သမျှ စုဆောင်းထားရန်လိုအပ်ပေသည်။

အလုပ်သဘာဝဆိုသည်မှာ မိမိလိုအပ်သည့် ဝင်ငွေရရှိနိုင်သကဲ့သို့ အလုပ်သမားများအတွက် အခွင့်အရေးများရရှိနိုင်ခြင်း၊ ကျန်းမာရေး၊ လူမှုရေးအကူအညီရရှိနိုင်ပြီး သင့်တင့်လျောက်ပတ်သောနေရာတွင် နေထိုင်ရခြင်း၊ သက်ဆိုင်ရာနိုင်ငံ၏ အသိအမှတ်ပြုချထားသော တရားဥပဒေဘောင်အတွင်း၌ အလုပ်လုပ်ကိုင်ရခြင်း၊ တရားဥပဒေနှင့် မငြိစွန်းသော အလုပ်များကိုလုပ်ကိုင်ရခြင်း အခြေအနေများဖြစ်ရန် လိုအပ်သည်။

အကယ်၍ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာတွင် မိမိရင်သွေးငယ်များကို ခေါ်ဆောင်သွားပါက စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်သည့် အခွင့်အရေးရရှိနိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်ခံရမှုနှင့် ကာကွယ်ဆေးရရှိမှု၊ မိမိကလေးများတွင် ရှိသင့်သော တရားဝင်အထောက်အထားများ၊ မွေးစာရင်း၊ ကျောင်းထွက်လက်မှတ်စသည်တို့ ယူဆောင်သွားရန်၊ ကလေးကို သတိပေးသင့်သောအရာများ၊ မိမိလုပ်ငန်းခွင်ဝင်လျှင် ကလေးကို မည်သူက ပြုစုစောင့်ရှောက်မည်၊ လမ်းခရီးအကွာအဝေးပေါ်မူတည်ပြီး ကလေးများအတွက် လိုအပ်သောအရာများ ယူဆောင်သွားရန် သတိမူသင့်ပေသည်။

မိမိသွားရောက်မည့်နိုင်ငံရှိ မြန်မာသံရုံးနှင့် အကူအညီပေးနိုင်မည့် လူပုဂ္ဂိုလ်၊ ဌာနအဖွဲ့အစည်းများ၏ ဆက်သွယ်ရန်ဖုန်း၊ လိပ်စာများကို သိရှိထားရန် လိုအပ်သည်။ ထို့အပြင် မိမိဝင်ရောက်လုပ်ကိုင်မည့် အလုပ်အမျိုးအစား သဘောသဘာဝနှင့် ရပိုင်ခွင့်များ၊ အာမခံမှုများကို သေချာစွာစုံစမ်းလေ့လာသင့်ပြီး စာချုပ်ချုပ်ဆိုရသော အလုပ်များဖြစ်ပါက ယင်းစာချုပ်ပါ အချက်အလက်များကို သေချာမှတ်သားထားရမည်။

မိမိအလုပ်နှင့်ပတ်သက်သော အထောက်အထား၊ စာရွက်စာတမ်းများကို သက်ဆိုင်ရာအလုပ်ခွင်မှ သိမ်းယူထားရှိခြင်းမျိုးရှိပါက အထောက်အထားမရှိသူအဖြစ် မရောက်ရှိစေရန် (မိမိထံတွင် မိတ္တူအပိုကူးယူ သိမ်းဆည်းထားသင့်သည်။) (နိုင်ငံကူးလက်မှတ်၊ နေထိုင်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့်စသည့်) အလားတူပြည်ပသို့ သွားရောက်သူများအနေဖြင့် အသိသက်သေအထောက်အထားများ ပြည့်စုံမှုမရှိပါက သက်ဆိုင်ရာနိုင်ငံများတွင် ချမှတ်ထားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများနှင့် ငြိစွန်းကာ အရေးယူခံရမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။

ရွှေ့ပြောင်းလုပ်သားများကြားတွင် ဖြစ်ပွားသော လူကုန်ကူးမှုများ အထူးရှောင်ရှားနိုင်ရန် အလွန်အရေးကြီးသည်။ ပွဲစားများ၊ တရားမဝင်အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ပါက ငွေကြေးကုန်ကျမှုများခြင်း၊ အချိန်ကြန့်ကြာခြင်းတို့ ကြုံတွေ့နိုင်သောကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုပါက ပွဲစားများ၊ တရားမဝင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းမပြုဘဲ တရားဝင်လိုင်စင်ထုတ်ပေးထားသော ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရ အေဂျင်စီများဖြင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်သင့်သည်။ ပွဲစားများ၏ စကားကို ယုံကြည်၍ တရားမဝင်ဥပဒေလမ်းကြောင်းကို အသုံးပြုပြီး ပြည်ပနိုင်ငံများတွင် တရားမဝင် သွားရောက်လုပ်ကိုင်မည်ဆိုပါက လူမှောင်ခိုကူးခံရခြင်း၊ ငါးဖမ်းစက်လှေများတွင် ရောင်းစားခံရခြင်း၊ အလုပ်ရှင်များ၏ မတရားခေါင်းပုံဖြတ်ခံရခြင်း၊ ဖိနှိပ်ခံရခြင်း၊ ပွဲစားများ၏ လိမ်လည်လှည့်စားမှုခံရခြင်းစသည့်အကျိုးဆက်များကို ခံစားရမည်ဖြစ်သည်။ နိုင်ငံခြားသို့ ရောက်ရှိပြီးနောက် သက်ဆိုင်ရာနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ရာသီဥတုနှင့်ဘာသာစကားတို့ကြောင့် ကြုံတွေ့လာနိုင်မည့်အခက်အခဲများကို ရင်ဆိုင်ရန်လည်း ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်သည်။

အလုပ်သမားများအနေဖြင့် သတင်းအချက်အလက်များသိရှိ လိုလျှင်သော်လည်းကောင်း၊ အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း ကူညီဆောင်ရွက်ပေးနိုင်ရေးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် Complaint Mechanism Center ကို နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၈၄-၄၃၀၂၈၄၊ ရန်ကုန် ဖုန်း-၀၁-၆၅၀၀၈၉၊ ၆၅၀၀၈၇ တို့တွင် ဖွင့်လှစ်ထားပြီး အလုပ်သမားများ၏ အခွင့်အရေးကိစ္စများအတွက် ၂၄ နာရီဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအတွက် တရားမဝင်သွားရောက်မှု လျော့နည်းပပျောက်စေရေး၊ အခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများ အဝင်/အထွက်စာရင်းနှင့် သတင်းအချက်အလက်များ စုဆောင်းနိုင်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ပြည်ပထွက်ခွာနှင့် ပြည်ပဆိုက်ရောက်တို့တွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့ရာနေရာများကို ဖွင့်လှစ်ထားရှိသည်။

သို့ဖြစ်၍ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သော ရွှေ့ပြောင်းလုပ်သားများအနေဖြင့် မိမိတို့နှင့်ပတ်သက်သော အထောက်အထားများ ပြည့်စုံခိုင်လုံစွာရှိပါက လူကုန်ကူး၊ လူပွဲစားရန်မှ ကင်းဝေးနိုင်မည်ဖြစ်သည်။ သို့သော် ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ငွေများများရရှိရန် လောဘကြီးသူများအနေဖြင့်လည်း လူပွဲစားများ၏ ထောင်ချောက်အတွင်း ရောက်ရှိသွားနိုင်ပါသဖြင့် အထူးသတိပြုစေချင်သည်။ ထို့ကြောင့် မြန်မာရွှေ့ပြောင်းလုပ်သားများ လူလူချင်းခေါင်းပုံဖြတ်ရောင်းစားခြင်းရန်မှ ကင်းဝေးကြပါစေကြောင်း---------------။

**နိုင်ငံခြားသို့ ရောက်ရှိပြီးနောက် သက်ဆိုင်ရာနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ရာသီဥတုနှင့် ဘာသာစကားတို့ကြောင့် ကြုံတွေ့လာနိုင်မည့် အခက်အခဲများကို ရင်ဆိုင်ရန်လည်း ကြိုတင်ပြင်ဆင်ထားရမည်**

# တန့်ကြည်တောင်ဆရာတော်ကြီးက သံသပိတ်အလုံး ၅၀၀ လှူဒါန်း

**မုံရွာ ဇန်နဝါရီ ၂**

တန့်ကြည်တောင် ရန်အောင်ချမ်းသာဆရာတော်ကြီး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောမဗုဒ္ဓိက လာရောက်လှူဒါန်းသော ဆွမ်းသပိတ်အလုံး ၅၀၀ ကို မုံရွာမြို့ရှိကျောင်းတိုက် ၂၀ မှ သံဃာတော်အပါး ၅၀၀ က ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက မုံရွာမြို့ ရွှေစည်းခုံသာသနာ့ဗိမာန်တော်ကြီး၌ လာရောက်အလှူခံခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မုံရွာမြို့ရှိ ကျောင်းတိုက် ၂၀ မှ သံဃာတော် ၅၀၀ အား ဆွမ်းသပိတ်အလုံး ၅၀၀ ကို တန့်ကြည်တောင်ဆရာတော်ကြီးကိုယ်တိုင် ပဌမအကြိမ်မြောက်အဖြစ် လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ဆွမ်းသပိတ်များလောင်းလှူခြင်းအပြင် မုံရွာမြို့ရှိ ဒါယကာ၊ ဒါယိကာမများကလည်း လှူဖွယ်ဝတ္ထုများ ပါဝင်လှူဒါန်းပြီး စာရေးတံမဲများကို မဲဖောက်လှူဒါန်းခဲ့ကြသည်။

မုံရွာမြို့ပေါ်သို့ ယခုအလောင်းတော်ကဿပဘုရားဖူးရာသီလည်းဖြစ် ပြည်ပခရီးသွားရာသီလည်းဖြစ်သဖြင့် ပြည်တွင်းဘုရားဖူးများ၊ ပြည်ပဧည့်သည်များ ဝင်ထွက်သွားလာမှုများပြားကာ ဒေသအတွင်း ကျင်းပသောဘုရားပွဲတော်များ၊ ဒေသဆိုင်ရာပွဲတော်များ၊ အလှူပွဲများစသည်တို့နှင့် ကြုံကြိုက်လေ့ရှိသောကြောင့် မှတ်တမ်းတင်လေ့လာခွင့်များရနေသကဲ့သို့ ယခုကျင်းပသော သပိတ်အလှူပွဲကြီးသို့လည်း ပြည်တွင်းဘုရားဖူးများက ဝင်ရောက်လှူဒါန်းကြပြီး ပြည်ပဧည့်သည်များက သဘောကျနှစ်ခြိုက်စွာ မှတ်တမ်းများတင်ခဲ့ကြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**





ရန်ကုန်အရှေ့ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီဌာနမှ မင်္ဂလာတောင်ညွန့်မြို့နယ် သံဃနာယကအဖွဲ့ ရုံးတည်ရာ မလွှကုန်း မီးရထားရပ်ကွက် ဓမ္မရက္ခိတကျောင်းတိုက်၌ မိုးပွင့်အထူး (၂) စီမံချက်အရ သာသနာဝင်စိစစ်ရေးကတ်ပြားများကို ဒီဇင်ဘာ ၃၁ ရက်က ပေးအပ်စဉ်။ ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# သာစည်မြို့ နဘဲရွှေထီးတော်ဘုရားပွဲအထိမ်းအမှတ် အဆင့်မြင့်ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကျင်းပ

**သာစည် ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ သမိုင်းဝင်ဆုတောင်းပြည့်နဘဲရွှေထီးတော်နှင့် လောကရန်အောင်ဘုရားကြီး (၁၂၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် အဆင့်မြင့်ဖိတ်ခေါ်ဖလား ဘော်လီဘောပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၃၀ ရက်အထိ ခြောက်ရက် တိုင်တိုင်ပွဲတော်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲသို့ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်အတွင်းရေးမှူး ဦးညီညီ၊ အဖွဲ့ချုပ် ဘော်လီဘောဒိုင်ချုပ် ဦးအောင်ကျော်ဦး၊ ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထိန်မင်းနှင့် အဖွဲ့ဝင်များ၊ အမှတ်(၇) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် ဖိတ်ကြားထားသောဧည့်သည်များ၊ အသင်းအုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ၊ ဒေသခံနှင့် ပွဲတော်လာဘော်လီဘော အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။



ဗိုလ်လုပွဲအဖြစ် ညနေ ၄ နာရီက ‘ဝေယံစတား’ မြန်မာလက်ရွေးစင် လူကြီးအသင်းနှင့် ရွှေစည်မြန်မာလက်ရွေးစင် လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝေယံစတား မြန်မာလူကြီးအသင်းက သုံးပွဲတစ်ပွဲဖြင့်နိုင်ပြီး ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ် ခုနစ်သိန်း၊ ရွှေစည်မြန်မာလူငယ်အသင်းက ဒုတိယဆုဖလားနှင့် ဆုငွေကျပ်ငါးသိန်း၊ လှိုင်းတက်ညွန့်ပေါင်းအသင်းက ရွှေနန်းစဉ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်နိုင်ကာ တတိယဆုဖလားနှင့် ဆုငွေကျပ် နှစ်သိန်း ဆွတ်ခူးရရှိကြရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ၂၀၁၆ ခုနှစ် နှစ်သစ်ကူးနေ့ အမျိုးသားသွေးဌာနသို့ သွေးလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၁၆ ခုနှစ် နှစ်သစ်ကူးနေ့ ဇန်နဝါရီ ၁ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ သွေးလှူရှင် ၁၅၇ ဦးက ဒါနဥပပါရမီအဖြစ် သွေးအိတ်ပေါင်း ၁၅၇ အိတ်ကို လှူဒါန်းခဲ့ခြင်းဖြင့် နှစ်သစ်ကို ကြိုဆိုစတင်ဖြတ်သန်းခဲ့ကြသည်။

သွေးလှူရှင်များ အန္တရာယ်မဖြစ်စေရေးအတွက် စေတနာအလျောက် သွေးလှူဒါန်းခြင်းနှင့်သွေးအစားပေးလှူဒါန်းခြင်းများကို ည ၇ နာရီနောက်ပိုင်းရပ်နားထားမည်ဖြစ်ကြောင်း၊ သွေးလှူဒါန်းမှုများကို ရုံးဖွင့်ရက်များ၌ နံနက် ၉ နာရီမှည ၇ နာရီအထိ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးအမျိုးသားသွေးဌာနက အသိပေးထားသည်။ **ကိုချစ်**

# လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာချင်းဆက်လမ်းဖွင့်

**ပွင့်ဖြူ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကုန်းဇောင်း-ကူကြီး ကျေးရွာချင်းဆက် မြေနီကျောက်စရစ်လမ်းဖွင့်ပွဲကို (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ကျေးရွာချင်းဆက်လမ်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး လမ်း အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ ထုခြောက်လက်မရှိကာ ကုန်ကျငွေကျပ်သန်း ၂၀ ဖြစ်သည်။ ယင်းလမ်းကို မြို့နယ်စည်ပင်သာယာရေးတာဝန်ခံ အင်ဂျင်နီယာ ဦးဗိုလ်ငွေးက ကြီးကြပ်၍ လမ်းကြိတ်စက်ကြီးများ၊ မြေသယ်ယာဉ်များဖြင့် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

**ခင်မောင်ငွေး(ပွင့်ဖြူ)**

## နိုင်ငံတကာအားကစား

# နာမည်ကြီးလီဗာပူးတို့ အဝေးကွင်း၌ ဝက်စ်ဟမ်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်



ဝက်စ်ဟမ်းအသင်းအတွက် ပထမဂိုးကို ကွင်းလယ်ကစားသမား အန်တိုနီအို ခေါင်းတိုက်သွင်းယူစဉ်။

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၂၀)အစောဆုံးပွဲစဉ်အဖြစ် ဝက်စ်ဟမ်းနှင့် လီဗာပူးတို့သည် ဇန်နဝါရီ ၂ ရက် (စနေနေ့)ညက ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ဝက်စ်ဟမ်းအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အိမ်ရှင်ဝက်စ်ဟမ်းသည် ယနေ့ပွဲမတိုင်မီခြောက်ပွဲဆက်တိုက်ရှုံးပွဲမရှိသေးဘဲ တစ်ပွဲနိုင်၊ ငါးပွဲသရေကျထားပြီး လီဗာပူး အောက်တွင် တစ်မှတ်အကွာတွင် ရပ်တည်နေသည်။ ဝက်စ်ဟမ်းအသင်းသည် ယင်းပွဲတွင် ၄-၄-၂ ပုံစံဖြင့် အန်နာ ဗလင်စီယာနှင့် အင်ဒီကာရိုးတို့ကို တိုက်စစ်အတွဲထားခဲ့သည်။ ကွင်းလယ်တွင် လန်ဇီနီ၊ ကူရက်တီ၊ မက်ခ်နိုဘယ်၊ အန်တိုနီအို၊ နောက်တန်းတွင် ခရက်စ်ဝဲလ်၊ အော့ဘွန်နာ၊ ဂျိမ်းစ်ကောလင်း၊ ဂျိမ်းစ်တွန်ကင်းစ်နှင့် ဂိုး-အက်ဒရီယန် တို့ပွဲထွက်ခဲ့သည်။ နည်းပြဂျာဂျန်ကလော့ပ်၏ လီဗာပူးသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ဘန်တီကီကို အထောင်ထားခဲ့ သည်။ ကွင်းလယ်တွင် ဂျော်ဒန်အိုင်ဘီ၊ အီမရီကန်း၊ ကော့တင်ဟို၊ ဖာမီနို၊ လိုင်ဗာ၊ နောက်တန်းတွင် ဆီလီနီ၊ မိုရီနို၊ ဆာခို၊ လော့ဗ်ရန်နှင့် ဂိုး-မစ်နိုလတ်တို့ ပါဝင်ခဲ့သည်။

ပွဲစပြီးပွဲချိန် ၁၀ မိနစ်တွင် အန်နာဗလင်စီယာ ဖန်တီးပေး၍ ကွင်းလယ်ကစားသမား အန်တိုနီအိုက ဝက်စ်ဟမ်းအတွက် ဦးဆောင်ဂိုးကို ခေါင်းတိုက်သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၅၅ မိနစ်တွင် မက်ခ်နိုဘယ် ဖန်တီးပေး၍ တိုက်စစ်မှူး အင်ဒီကာရိုးက ဝက်စ်ဟမ်းအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ယနေ့ပွဲတွင် လီဗာပူးအသင်းဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ၁၆ ကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သော်လည်း ငါးကြိမ်သာဂိုးပေါက်တည့်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းမှာ ၁၅ ကြိမ် အခွင့်အရေးရပြီး ရှစ်ကြိမ်ဂိုးပေါက်တည့်ခဲ့သည်။

ဝက်စ်ဟမ်းအသင်း ရမှတ် ၃၂ မှတ်ရရှိခဲ့ပြီး လီဗာပူးကို နှစ်မှတ်အသာဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းသည် ယနေ့ပွဲအပြီး ခုနစ်ပွဲဆက်တိုက်ရှုံးပွဲမရှိသည့်အသင်းအဖြစ် ရပ်တည်ခဲ့ပြီး ပွဲစဉ် (၂၀) အပြီး ရှစ်ပွဲနိုင်၊ ရှစ်ပွဲသရေ၊ လေးပွဲရှုံးနိမ့်ထားသည်။ ပရီမီယာလိဂ်ရာသီဝက်အထိ နှစ်ပွဲသာရှုံးနိမ့်သည့်အသင်းမှာ လက်စတာနှင့် စပါးတို့ဖြစ်သည်။ ဇန်နဝါရီ ၁၃ ရက်တွင် လီဗာပူးအသင်းသည် အာဆင်နယ်နှင့် အိမ်ကွင်း၌ ကစားရမည်ဖြစ်ပြီး ဝက်စ်ဟမ်းက ဇန်နဝါရီ ၁၂ ရက်တွင် ဘုန်းမောက်အသင်းနှင့် အဝေးကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သီဟ**

✱ ကျောဖုံးမှ

ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ဆက်လက်၍ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်က မြန်မာနိုင်ငံသိုင်းအဖွဲ့၏ သိုင်းသင်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန် ငွေကျပ်သိန်း ၂၀၀၀ ကို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပေးအပ်ရာ ဒုတိယဝန်ကြီးက လက်ခံယူသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌက နှစ်(၅၀)ပြည့် အထိမ်းအမှတ်လက်ဆောင်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး အထိမ်းအမှတ်ဓာတ်ပုံပြပွဲကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် မြန်မာ့သိုင်းပညာရှင်များ၏ မြန်မာ့သိုင်းပညာစဉ်ပြပွဲပြသပြီး စာတမ်းရှင် ၁၂ ဦးက မြန်မာ့သိုင်းသမိုင်းဆိုင်ရာ စာတမ်းများကို ဖတ်ကြားကြသည်။

"မြန်မာ့ရိုးရာ အားကစားနည်းဖြစ်တဲ့ မြန်မာ့သိုင်းကို စိတ်ဝင်စားတဲ့လူငယ်တွေကြား အသိအမှတ်ပြုနိုင်ဖို့၊ အားကစားသမားအသစ်တွေ မွေးထုတ်နိုင်ဖို့ ရည်ရွယ်ပြီး ဒီအခမ်းအနားကို ကျင်းပခြင်းဖြစ်ပါတယ်။



အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မြန်မာ့သိုင်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရှေ့ဆက်ပြီး မြန်မာ့သိုင်းရဲ့ အခြေခံဖြစ်တဲ့ ဗန်တိုပညာကိုလည်း ရိုးရာအားကစားနည်းအနေနဲ့ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားနေပါတယ်။ "မြန်မာတိုင်း သိုင်းတတ်ရမယ်"ဆိုတဲ့ ဆောင်ပုဒ်လည်းရှိတယ်၊ သိုင်းတတ်တယ်ဆိုတာ သူများကို စော်ကားဖို့မဟုတ်ပါဘူး၊ မိမိကိုယ်ကို ကာကွယ်ဖို့ပါ၊ တိုင်းဒေသကြီး/ပြည်နယ်တွေမှာရှိတဲ့ အဖွဲ့ချုပ်တွေကို ကျစ်လျစ်ခိုင်မာအောင် ပြန်လည် ဆောင်ရွက်နေပါတယ်၊ မြန်မာ့သိုင်းဆိုတာ နန်းတွင်း အဆက်ဆက်က ရှိခဲ့တဲ့ပညာပါ၊ ဒါကြောင့် တိမ်ကောပျောက်ကွယ်သွားမှာ စိုးရိမ်ပါတယ်"ဟု အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌက ပြောသည်။

# ယင်းမာပင်ခရိုင် စုပေါင်းရုံးအဆောက်အအုံသစ်ဖွင့်

**ယင်းမာပင် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် စုပေါင်းရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက ယင်းမာပင်မြို့တွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ယင်းမာပင်ခရိုင် စုပေါင်းရုံးအဆောက်အအုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းမာပင်ခရိုင်စုပေါင်းရုံးသစ်သည် RC တစ်ထပ် အမျိုးအစားဖြစ်ပြီး ဌာနဆိုင်ရာအခန်း ၁၄ ခန်း၊ အစည်းအဝေးခန်းမနှင့် Record Room စုစုပေါင်း အခန်း ၁၆ ခန်း ပါဝင်ကာ ၁၆ ဒသမ ၈၀၉ ဧကပေါ်တွင် ခရိုင်စုပေါင်းရုံး၊ အရာရှိအိမ်ရာ၊ လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာများနှင့် နေ့ကလေးထိန်းကျောင်းအဆောက်အအုံတို့ ပါဝင်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# သရက်ခရိုင်/မြို့နယ်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်း

**သရက် ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်ဥပဒေရုံး၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပသော ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးကျော်ကျော်အောင်၊ သရက်ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ အောင်လံ၊ မင်းတုန်း၊ မင်းလှ၊ ကံမ၊ ဆင်ပေါင်ဝဲ၊ သရက်မြို့နယ်များမှ ဥပဒေအရာရှိများ တက်ရောက်ကြသည်။

တိုင်းဥပဒေအရာရှိ ဦးကျော်ကျော်အောင်က တရားစွဲအမှုလိုက်ဆိုင်ရာလုပ်ငန်းများအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ပြောကြောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်နှင့် မြို့နယ်ဥပဒေအရာရှိများက ဥပဒေရေးရာစာတမ်းများ ဖတ်ကြားဆွေးနွေးကြောင်း၊ တိုင်းဒေသကြီးဥပဒေအရာရှိက လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**

# (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းဖွင့်

**မုံရွာ ဇန်နဝါရီ ၂**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက်တွင် ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက ကိုယ့်အားကိုယ်ကိုး စိန်ပန်းနီလမ်းကတ္တရာလမ်းဖွင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ကော်မတီ(၃)ရပ်မှ ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ လမ်းကော်မတီဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့သည်။

အဆိုပါလမ်းသည် အလျား ပေ၂၇၅၀ ၊ အကျယ် ၁၄ ပေရှိ စိန်ပန်းနီ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒီဇယ်ဆီ ၁၀၁ ဂါလန် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ကတ္တရာ ပီပါ ၆၄ လုံးနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းထည့်ဝင်ငွေ ၂၀၆ ဒသမ ၃၈ သိန်းဖြင့် ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု မြောင်းပုလဲချောင်းကူး သံကူကွန်ကရစ်တံတားဖွင့်

**ထားဝယ် ဇန်နဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ထားဝယ်မြို့ ဆိပ်ကမ်းသာလမ်း မြောင်းပုလဲချောင်းကူး သံကူကွန်ကရစ်တံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၇ နာရီခွဲက ထားဝယ်မြို့ ကမ်းနားလမ်း မြောင်းပုလဲရပ်၌ ကျင်းပသည်။

ရှေးဦးစွာ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေက အမှာစကားပြောကြားသည်။ ထို့နောက် တံတားမုခ်ဦးကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးအောင်ကျော်မြင့်တို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တံတားမုခ်ဦးဆိုင်းဘုတ်အား စက်ခလုပ်နှိပ်ဖွင့်လှစ်ခဲ့သည်။

ယခုဖွင့်လှစ်သော မြောင်းပုလဲတံတားသစ်အား နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၂၀ ဖြင့် အရှည် ၁၁၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းနှင့် လက်ရန်းတိုင် တစ်ဖက် သုံးပေစီ စုစုပေါင်းအကျယ် ပေ ၃၀ နှင့် အမြင့် ၁၃ ပေရှိသော သံကူကွန်ကရစ်တံတားဖြစ်ပြီး TTO သန်းထွန်းဦး ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



# ဂန့်ဂေါမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်အား ပြန်လည်ပြင်ဆင်

**ဂန့်ဂေါ ဇန်နဝါရီ ၂**

ဂန့်ဂေါမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ယူနီယံဂျက်အလံကိုချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်ထူခဲ့သည့်နေရာတွင် စိုက်ထူထားသည့် သမိုင်းဝင်နေရာဖြစ်ကြောင်း သိရသည်။

အဆိုပါနေ့က နိုင်ငံတော်အလံ အလံတင်အခမ်းအနားတွင် ဂန့်ဂေါမြို့၌ နယ်ပိုင်ဝန်ထောက်တာဝန်ထမ်းဆောင်ခဲ့သည့် ဦးသာဒန်းနှင့် ယခု ရှုံးရှီရွာတွင် နေထိုင်လျက်ရှိသည့် လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့် အသက် ၉၄ နှစ်အရွယ်ရှိ အငြိမ်းစားကျောင်းဆရာကြီး ဦးရုန်းမော်တို့က ယူနီယံဂျက်အလံကိုချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ခဲ့ကြကြောင်းနှင့် လွတ်လပ်ရေးနေ့ရောက်တိုင်း နိုင်ငံတော်အလံ အလံတင်အခမ်းအနားကို အဆိုပါကျောက်တိုင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါနေ့က နိုင်ငံတော်အလံ အလေးပြုအခမ်းအနားကျင်းပ၍ လူထုတက်ရောက်နေရာယူခဲ့သည့်နေရာတွင် အထိမ်းအမှတ်အဖြစ် ၁၉၈၉ ခုနှစ်က ပန်းခြံတည်ဆောက်ထားခဲ့သည်ဟု ဆိုသည်။ ယခုအခါတွင် လွတ်လပ်ရေးကျောက်တိုင်အား မွမ်းမံပြင်ဆင်ခြင်းနှင့် ပန်းခြံသာယာလှပရေးတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၀၁)**

# ညောင်တုန်းမြို့နယ် မြစ်ကမ်းထိန်းသိမ်းရေးတာနိမ့်ကျမှုဖြစ်ပွား

**ညောင်တုန်း ဇန်နဝါရီ ၂**

ညောင်တုန်းမြို့ အမှတ်(၄)ရပ်ကွက် (၉)လမ်းနှင့် (၁၀)လမ်း၊ ကမ်းနားမြစ်ကမ်း ထိန်းသိမ်းရေးတာအောက် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးအထူးအဖွဲ့(၉)က တာမြှင့်တင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့်နေရာအနီး မြစ်ကမ်းအလျားပေ ၃၀၀၊ အနံ ပေ ၅၀ ခန့် အက်ကွဲနိမ့်ကျမှု ယနေ့ ညနေ ၅ နာရီ ၄၅ မိနစ်က ဖြစ်ပွားခဲ့သည်။



မြစ်ကမ်း အက်ကွဲနိမ့်ကျမှုကြောင့် လူနှင့်နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများမရှိဘဲ အန္တရာယ်ရှိနိုင်သည့် နေအိမ်အဆောက်အအုံများ ရွှေ့ပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး တာနိမ့်ကျမှုဖြစ်ပွားသည့်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ထောက်အဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်၍ တာဝန်ရှိသူများ သွားရောက်ကာ ဆက်လက်နိမ့်ကျမှု မဖြစ်စေရေး ဆည်မြောင်းဦးစီးဌာန အင်ဂျင်နီယာ ပညာရှင်များနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မင်းပြား ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရဖွဲ့ရန်ပုံငွေဖြင့် အိုးပုံတောင်-ငန်းတက်-ပြိုင်းချောင်း-ညောင်ခြုံ-စေတီဂုံ ကျေးရွာချင်းဆက် မြေသားလမ်း ၈/၀ မိုင်နှင့် ယင်းလမ်းပေါ်တွင် ကွန်ကရစ်တံတား ငါးစင်းကို ခွင့်ပြုငွေကျပ်သန်း ၃၁၀ ဖြင့် မိုးထိချမ်းသာကုမ္ပဏီက လုပ်ငန်းဆောင်ရွက်နေမှုကို အရည်အသွေးပြည့်မီစွာဖြင့် ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၅၇)**

# တံတားကြံ့ခိုင်မှုကောင်းမွန်စေရန် ပြုပြင်ဆောင်ရွက်

**ကသာ ဇန်နဝါရီ ၂**

ကသာမြို့နယ်ရှိ အမှတ်(၃)လမ်း ခရိုင်ချင်းဆက်လမ်းနှင့်ဆက်စပ်အသုံးပြုနေသော ခရီးသွားများအတွက် ပြည်သူ့ယာဉ်ရပ်ကွက် လမ်းတံတားကြံ့ခိုင်မှုရှိစေရန် ပြုပြင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃၁ ရက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါလမ်း တံတားမှာ အောက်ခံကျောက်စီကွန်ကရစ်တံတိုင်းပြုလုပ်ထားသော်လည်း သစ်သားများခင်း၍ ပြုလုပ်ထားသည့်အတွက် မိုးတွင်းကာလ သွေးကျောက်ချောင်းရေလျှံတိုက်စားခြင်းကြောင့် သစ်သားအချို့ ဆွေးမြည့်လာသဖြင့် ခရီးသွားများ ဘေးအန္တရာယ်ကြုံတွေ့ရမှုမရှိအောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# ထိုင်းနိုင်ငံ လုပ်ငန်းခွင်အတွင်း လက်နှစ်ချောင်းပြတ်သွားသည့် မြန်မာအလုပ်သမားတစ်ဦး နစ်နာကြေးရရှိ

**ဗန်ကောက် ဇန်နဝါရီ ၂**

ထိုင်းနိုင်ငံ ချာချင်စောင်နယ်ထဲရှိ HOVE D.K. ပရိဘောဂ အလုပ်ရုံအတွင်း ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်စံပြကျေးရွာနေ မောင်သန်းထိုက်သည် ၂၀၁၄ ခုနှစ် ဧပြီ ၆ ရက်တွင် အလုပ်ရုံ၌ အလုပ်လုပ်နေစဉ် ညာဘက်လက် လက်ခလယ်နှင့် လက်ညှိုးပြတ်၍ ရသင့်ရထိုက်သော နစ်နာကြေးများရရှိရန် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MAT) နှင့် ရှေ့နေများက ဆောင်ရွက်ပေးခဲ့သဖြင့် ၎င်းသည် ဒီဇင်ဘာ ၂၈ ရက်က နစ်နာကြေး ဘတ်ငွေ ၂၀၅၀၂၀ ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံအတွင်း သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် အများအားဖြင့် လုပ်ငန်းခွင်အတွင်း ထိခိုက် ကိုယ်အင်္ဂါချို့ယွင်းမှုဖြစ်ပေါ်ပါက နစ်နာကြေးရရှိမှုဖြစ်စဉ်များ မရှိသလောက်နည်းပါးသည်။

ယခုအခါ မြန်မာနိုင်ငံသားများအဖွဲ့ (MAT)နှင့် ရှေ့နေများက ဆောင်ရွက်ပေးခဲ့သဖြင့် ယခုကဲ့သို့ နစ်နာကြေးများ ရရှိခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မိုးစပါးများရိတ်သိမ်းခြွေလှေ့ရာတွင် စက်အားကို အသုံးပြုမှုများလာ

**ဖြူး ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း ၂၀၁၅ ခုနှစ် မိုးစပါးများကို စိုက်ဧက တစ်သိန်းခွဲကျော်အထိ စိုက်ပျိုးခဲ့ကြရာ နိုဝင်ဘာလအတွင်း မိုးစပါးများမှာ ရင့်မှည့်ကြသဖြင့် ကျွဲ၊ နွားမလုံလောက်မှုနှင့် လယ်ယာလုပ်သားရှားပါးမှုတို့ကြောင့် ယခုနှစ်တွင် မိုးစပါးများရိတ်သိမ်းခြွေလှေ့ချိန်တွင် စက်များကို အသုံးပြုလာကြောင်း တွေ့ရှိရပြီး လုပ်ငန်းများမှာ ပိုမိုမြန်ဆန်ထိရောက်သည်ဟု သိရသည်။

အထူးသဖြင့် စပါးများရိတ်သိမ်းပြီးလျှင်ပြီးချင်း ကောက်လှိုင်းများကို ကောက်ဆိုင်ပုံများပုံထားကြပြီး မတ်ပဲရာသီအမီ ထွန်စက်များဖြင့် ထွန်ယက်စိုက်ပျိုးခဲ့ကြရာ မြို့နယ်၌ မတ်ပဲစိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ကြသည်။

ယခုအချိန်တွင် မတ်ပဲများစိုက်ပျိုးပြီးစီးကြပြီဖြစ်၍ ကောက်ဆိုင်ပုံထားသော ရိတ်သိမ်းပြီးစပါးများကို စက်များဖြင့် စပါးနယ်ပြီး ခြွေလှေ့ရာတွင် ယခင်က သဘာဝလေကိုစောင့်မျှော်၍ စပါးလှေ့ခဲ့ကြသော်လည်း ယခုအခါ သဘာဝလေကို စောင့်စရာမလိုတော့ဘဲ စက်အားဖြင့်လေရယူကာ စပါးများခြွေလှေ့ကြသဖြင့် အချိန်တိုအတွင်း စပါးများ သန့်စင်စွာလှေ့ယူနိုင်ခဲ့ကြပြီး လယ်သမားကြီးများ လယ်ယာလုပ်ငန်းခွင်၌ စက်များကိုသာ အားထားအသုံးပြုမှုများလာကြကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# လိမ္မာယဉ်ကျေးငြိမ်းချမ်းရေး ကလေး/လူငယ်တရားစခန်းပွဲ ကျင်းပပြီးစီး

**နတ်မောက် ဇန်နဝါရီ ၂**

မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးရွာနှင့် ကန်စွယ်ရွာ အောင်ပြည့်ငြိမ်းချမ်း ကျွဲတဲကျောင်းတိုက် သဒ္ဓမ္မပီတိသင်္ဃသုခအသင်းကြီးက ပထမအကြိမ်ကျင်းပသော လိမ္မာယဉ်ကျေးငြိမ်းချမ်းရေးကလေး/လူငယ်တရားစခန်းပွဲကို ဒီဇင်ဘာလ နောက်ဆုံးပတ်က ကျင်းပခဲ့သည်။

တရားစခန်းဖွင့်ပွဲ အခမ်းအနားသို့ အသင်းကြီး၏ ဩဝါဒါစရိယနှင့် အမှုဆောင်ဆရာတော်များ၊ ဦးဆောင်ဆရာတော် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် ဒွိပိဋကရေ၊ သမဏအာဇာနည်အရှင်သိရီကဥ္စနာဘိဝံသနှင့် ဝန်ဆောင်သံဃာတော်များ တက်ရောက်တော်မူကြသည်။ တရားစခန်းတွင် တရားစခန်းဝင် ကလေး၊ လူငယ်၊ ကျောင်းသား ကျောင်းသူ ၁၁၂၄ ဦးကို ဦးဆောင်ဆရာတော်က လိမ္မာယဉ်ကျေး ငြိမ်းချမ်းရေး ကလေး၊ လူငယ်တရားစခန်း ဖွင့်လှစ်ရခြင်းအကြောင်းတို့ကို ရှင်းလင်းဟောကြားသည်။

ထို့နောက် ဓမ္မစကူးသင်တန်းနည်းပြဆရာမ ဒေါ်ယဉ်ယဉ်မော်နှင့် သင်တန်းဆရာမများက တရားထိုင်နည်းနှင့် လိမ္မာယဉ်ကျေးမှုဆိုင်ရာ ပညာပေးဗဟုသုတများကို ရှင်းလင်းပြောကြားပြီး သုံးရက်တရားစခန်းပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**

# သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်

**တောင်တွင်းကြီး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးများပြပွဲ/ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂ ရက် ညနေ ၄ နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် မြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာများမှ ကလေးများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အသက်တစ်နှစ်မှ နှစ်နှစ်အထိ ကလေးပြိုင်ပွဲ၊ ခြောက်လမှ တစ်နှစ်အထိ ကလေးပြိုင်ပွဲ၊ မွေးစမှ ခြောက်လအထိ ကလေးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကလည်းကောင်း၊ ကလေးအမြှာပြိုင်ပွဲနှင့် သားကောင်းမိခင်ဆု ရရှိသူများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းနှင့် အဖွဲ့ဝင်များက ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(ဝ၂၁)**

# ခါးပိုက်နှိုက်မှုကျူးလွန်သူ သုံးဦးအား ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က လှိုင်သာယာမြို့နယ် ရှမ်းချောင်းရပ်ကွက် ရန်ကုန်-ပုသိမ်လမ်း တပ်ထိပ်ကားမှတ်တိုင်၌ အမှတ်(၁၂၁) ခရီးသည်တင်ယာဉ်ပေါ်မှ ဆင်းလာသော လှိုင်သာယာမြို့နယ်နေ ချင်းသူ (ခ)ကိုမိုး (၁၈ နှစ်)၊ ကုလား(ခ)ဝင်းဦး (၄၀ နှစ်)နှင့် ရဲဇော် (၁၉ နှစ်)တို့ သုံးဦးအားတွေ့ရှိသဖြင့် စစ်မေးခဲ့သည်။

ထိုသို့စစ်မေးစဉ် ရဲဇော် လွယ်ထားသော ကျောပိုးအိတ်အတွင်းမှ ငွေကျပ် ၁၅၅၀၀ အား တွေ့ရှိသဖြင့် မေးမြန်းရာ ယင်းငွေများသည် ယင်းနေ့နံနက်ပိုင်းတွင် အမှတ်(၁၂၁) ဒိုင်နာ ခရီးသည်တင်ယာဉ်ပေါ်ပါ အသက် ၂၀ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးထံမှ နှိုက်ယူခဲ့သော ငွေများဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ၎င်းတို့အား အခြားကျူးလွန်ထားမှုများ ရှိ၊ မရှိ စစ်ဆေးရာ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက အမှတ်(၁၂၁)ဒိုင်နာ ခရီး သည်တင်ယာဉ်လိုင်း ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ SAMSUNG အမျိုးအစားလက်ကိုင်ဖုန်း တစ်လုံးနှင့် HUAWEI အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ညနေပိုင်းတွင် အမှတ်(၁၂၁) ဒိုင်နာ ခရီးသည်တင်ယာဉ်ပေါ်ပါ အသက် ၂၀ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး၏ အိတ်အတွင်းမှ SAMSUNG အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံးနှင့် HUAWEI အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း နှိုက်ယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။



ယင်းသို့ စစ်ဆေးပေါ်ပေါက်ချက်များအရ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ၎င်းတို့သုံးဦးအား လှိုင်သာယာမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**(သတင်းစဉ်)**

# မုန်ယိုနေသောဆင်က ရန်ပြုခဲ့သဖြင့် ဆင်ဦးစီးသေဆုံး

**အင်းတော် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မံမွန်ကြိုးဝိုင်း အကွက်အမှတ်(၈၉) သစ်ထုတ်လုပ်ရေးအကွက်၌ ဇန်နဝါရီ ၂ ရက် နံနက် ၄ နာရီက အောင်ဇော်ဦး (၂၉ နှစ်) ဆင်ဦးစီး ကသာအနောက် သစ်ထုတ်လုပ်ရေး အင်းတော်မြို့နယ်နေသူမှာ ဆင်အား လိုက်ကောက်စဉ် ဆင်မှာ မုန်ယိုနေသဖြင့် ပြန်လည်ရန်ပြုခဲ့ရာမှ အောင်ဇော်ဦးမှာ ဒဏ်ရာများရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ဟုမ္မလင်း ဇန်နဝါရီ ၂**

ဟုမ္မလင်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ စခန်းတာဝန်ခံ လက်ထောက်ဦးစီးမှူး ဦးဝင်းမြတ်သူနှင့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၃၁ ရက်က အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း ပညာမြင့်မိုရ်ဘော်ဒါဆောင်ကျောင်းတို့တွင် သွားရောက်ပြီး အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုပုံနှင့် မီးငြိမ်းသတ်ပုံတို့ကို သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# မုံရွာမှ ဟုမ္မလင်းမြို့သို့ ဆန်တက်လာသည့် ကုန်တင်ရေယာဉ်တစ်စင်း နစ်မြုပ်

**မုံရွာ ဇန်နဝါရီ ၂**

ဟုမ္မလင်းမြို့နယ် လောင်းမင်းကျေးရွာအုပ်စု လောင်းမင်းကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက မုံရွာမှ ဟုမ္မလင်းမြို့သို့ ဆန်တက်လာသည့် ကုန်တင်ရေယာဉ်တစ်စင်း နစ်မြုပ်သွားကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးချက်အရ အဆိုပါရေယာဉ်မှာ နှစ်လုံးထိုး အင်ဂျင်တပ်ရေယာဉ်ဖြစ်ပြီး ဦးတင်မောင် မောင်းနှင်၍ မော်တော်လုပ်သား ဦးဝေဖြိုး၊ ဦးမင်းလှိုင်တို့ လိုက်ပါပြီး မုံရွာမှ ထွက်ခွာခဲ့ရာ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက လောင်းမင်းကျေးရွာအနီး၌ နတ်ကြီးစွယ်ကျောက်ဆောင်နှင့် တိုက်မိပြီး ရေယာဉ်နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

ရေယာဉ်နစ်မြုပ်မှုအား လောင်းမင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိခင်နို့ရည်အစားထိုး အစာများနှင့် ဖြည့်စွက်စာများဈေးကွက်တင်မှု စနစ်ကျရေး ဆောင်ရွက်မည်

နို့စို့ကလေးနှင့် ကလေးငယ်များအား မိခင်နို့ရည်တိုက်ကျွေးခြင်းကို အထောက်အကူပြုရန်၊ မိခင်နို့ရည်အစားထိုးအစာများကို အမှန်တကယ် လိုအပ်ချိန်တွင် အာဟာရပြည့်မီစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင် စေရန်၊ သင့်လျော်သည့် ဖြည့်စွက်စာကိုတိုက်ကျွေးတတ်စေရန်နှင့် မှန်ကန်သည့် သတင်းအချက်အလက်များကို ပြည်သူလူထုသိရှိကျင့်သုံးနိုင်စေရန်အတွက် မိခင်နို့ရည်အစားထိုးအစာများနှင့် ဖြည့်စွက်စာများ ဈေးကွက်တင်မှု စနစ်တကျဖြစ်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ ကလေးသူငယ်များ အာဟာရအခြေအနေ တိုးတက်ကောင်းမွန်ပြီး အသက်ရှည် ကျန်းမာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(အာဟာရ) ဒေါက်တာ မေခင်သန်းကပြောသည်။

"အမိန့်ထုတ်ပြန်ခြင်းရည်ရွယ်ချက်ကတော့ ငါးနှစ်အောက်ကလေးတွေ သေဆုံးမှုကိုလျှော့ချဖို့ အဓိကဖြစ်ပါတယ်။ လောလောဆယ် မြန်မာနိုင်ငံရဲ့လူ့မျှော်မှန်းသက်တမ်းက ၆၆ ဒသမ ၈ ပဲရှိတယ်။ ကလေးတွေ အသက်ရှင်ကျန်းမာမှ လူ့မျှော်မှန်းသက်တမ်းမြင့်မှုကို အထောက်အကူပြုမှာဖြစ်ပါတယ်။ မိခင်များ ကလေးကို နို့တိုက်ကျွေးဖို့ပါ။ ကြော်ငြာတွေရဲ့ ဆွဲဆောင်အားက ပိုကောင်းတော့ မိခင်တချို့က ကလေးတွေနို့တိုက်ကျွေးမှုမှာ နို့မှုန့် ဘက်ကိုရောက်သွားကြတယ်။ နောက်တစ်ခုက မိခင်နို့ရည် အစားထိုး ဖြည့်စွက်အစာတွေ မဖြစ်မနေကျွေးရမယ့်ကလေးတချို့ ရှိကောင်းရှိနိုင်ပါတယ်။ ဒီကလေးတွေကို တိုက်ကျွေးတဲ့အခါမှာလည်း ထိရောက်စွာ တိုက်ကျွေးတတ်ဖို့၊ ဈေးကွက်ကိုစနစ်တကျ တင်တဲ့အခါမှာလည်း ဘေးအန္တရာယ်ကင်းစွာသုံးစွဲတတ်ဖို့လိုပါတယ်။ သင့်တော်တဲ့ဓာတ်စာတွေကို တိုက်ကျွေးတတ်ဖို့ မှန်ကန်တဲ့ သတင်းအချက်အလက်တွေ ပြည်သူလူထု သိရှိစေဖို့လိုအပ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၌မွေးပြီးတစ်နာရီအတွင်း မိခင်နို့စတင်တိုက်ကျွေးသည့် ရာခိုင်နှုန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ ၇၅ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ နို့ဦးရည်ကြည် တိုက်ကျွေးမှုမှာ ၆၇ ရာခိုင်နှုန်းအထိရှိကြောင်း မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးခြင်းမှာ ၂၃ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အရှေ့တောင်အာရှနိုင်ငံများထဲတွင် မြန်မာနိုင်ငံသည် မိခင်နို့တိုက်ကျွေးမှုနှုန်းမှာ နည်းပါးနေသေးသည်ကိုသိရကြောင်း ဒေါက်တာ မေခင်သန်းကပြောသည်။ နို့စို့ကလေးနှင့် ကလေးသူငယ်များအတွက် ထုတ်လုပ်သည့် အစားအသောက်များသည် အမျိုး ၂၀၀ ကျော်ခန့်ရှိကာ ပြည်ပမှ အမှတ်တံဆိပ်များသာများပြားကြောင်းသိရသည်။

မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့မှ နို့စို့ကလေးနှင့်ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်ကို အမျိုးသားအစားအသောက် ဥပဒေအောက်တွင်ထည့်သွင်းပြီး ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့က အမိန့်ကြော်ငြာစာအမှတ် ၂၂/ ၂၀၁၄ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အမိန့်မှာပါတဲ့ သတ်မှတ်ချက်တွေ အတိုင်းဆိုရင်တော့ အရေးယူစရာ မလိုပါဘူး။ ဒါပေမယ့် မလိုက်နာခဲ့ဘူးဆိုရင်တော့ ဘယ်လိုပဲ ရောင်းရောင်းရောင်းတဲ့သူကိုရှာပြီး အရေးယူရမှာဖြစ်တယ်။ အမိန့်တွေချိုးဖောက်တာမရှိပေမယ့် တရားဝင်တင်သွင်းခွင့်လိုင်စင်မရရှိဘဲ ဝင်လာတယ်ဆိုရင်တော့ ပို့ကုန်သွင်းကုန် ဥပဒေအရ အရေးယူရမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံး နည်းဥပဒေလုပ်ထုံးလုပ်နည်းဌာနခွဲ ဥပဒေများစိစစ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းကပြောသည်။

"တိုင်ကြားနိုင်တာကတော့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို ဦးတည်ပြီး တိုင်ကြားရပါမယ်။ ကုမ္ပဏီတွေက အချိန်ကာလသတ်မှတ်ပြီး တရားဝင်တောင်းဆိုတာရှိတယ်။ လက်ရှိရှိနေတဲ့ပစ္စည်းတွေကို သိမ်းဖို့စာရင်းကောက်ထားတယ်။ ကုမ္ပဏီတစ်ခုနဲ့တစ်ခု တင်တဲ့ရက်တွေ မတူညီကြဘူး။ ဒါ့ကြောင့် ပြန်ညှိနှိုင်းပြီး ကော်မတီကနေပြန်ပြီး ဆွေးနွေးဖို့ရှိတယ်။ ခုထိတော့ ရက်အတိအကျသတ်မှတ်ထားတာ မရှိသေးဘူး။ ၂၀၁၆ ခုနှစ်အတွင်းသတ်မှတ်မှာပါ"ဟု နို့စို့ကလေးနှင့် ကလေးအတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များဈေးကွက်တင်ခြင်းဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူကပြောသည်။

အမိန့်ကြော်ငြာစာတွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အရည်အသွေးအာမခံချက်၊ အမှတ်တံဆိပ်ကပ်ခြင်း၊ ဈေးကွက်တင်ခြင်း၊ သတင်းအချက်အလက်ပေးခြင်းနှင့် ပညာပေးခြင်း၊စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အရေးယူခြင်းတို့ ပါဝင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

■

# ထိုင်းနိုင်ငံ ဖူးခက်ပင်လယ်အနီး နစ်မြုပ်သွားသည့်သင်္ဘောမှ မြန်မာသင်္ဘောသား ခုနစ်ဦးကို ထိုင်းရေတပ်ကကယ်ဆယ်

**ဗန်ကောက် ဇန်နဝါရီ ၂**

ထိုင်းနိုင်ငံ ဖူးခက်မြို့အနီး၌ နစ်မြုပ်သွားသည့် သင်္ဘောပေါ်မှ မြန်မာသင်္ဘောသား ခုနစ်ဦးကို ထိုင်းရေတပ်က ကယ်ဆယ်ကာဖူးခက်မြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မြန်မာသင်္ဘောသားများလိုက်ပါလာသည့် အောင်သစ္စာသင်္ဘောသည် ဖူးခက်မှ ရေမိုင် ၅၀ ကျော်အကွာ၌ အန္တရာယ်နှင့်ကြုံတွေ့ရာ ဒီဇင်ဘာ ၂၉ ရက်က နစ်မြုပ်သွားစဉ် ထိုင်းကမ်းခြေစောင့်တပ်ဖွဲ့အား အကူအညီတောင်းသဖြင့် ရှာဖွေရေးလုပ်ငန်းကို ချက်ချင်းလုပ်ဆောင်ခဲ့ကြောင်း ရေတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ သစ်သားကိုယ်ထည်သင်္ဘောသည် ကုန်စည်များတင်ဆောင်ကာ ရခိုင်ပြည်နယ်မှ မလေးရှားနိုင်ငံ ပီနန်မြို့သို့ ဦးတည်ခုတ်မောင်းစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ထိုင်းရေတပ်သင်္ဘောသည် ဒီဇင်ဘာ ၃၀ ရက် ညပိုင်း ဒေသစံတော်ချိန် ၈ နာရီခန့်တွင် ရေထဲမျောပါနေသည့် မြန်မာသင်္ဘောသားများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းနေရာ၌ လှိုင်းလေပြင်းထန်နေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြန့်ကြာခဲ့သော်လည်း မြန်မာသင်္ဘောသား ခုနစ်ဦးစလုံးကို ဘေးမသီရန်မခ ကယ်ဆယ်နိုင်ခဲ့ကြောင်း ထိုင်းရေတပ်ကပြောကြားခဲ့သည်။

မြန်မာသင်္ဘောသားများကို တင်ဆောင်လာသည့် ထိုင်းရေတပ်သင်္ဘောသည် ဒီဇင်ဘာ ၃၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီက ဖူးခက်သို့ ပြန်လည်ဆိုက်ရောက်လာနိုင်ခဲ့သည်။

"အသက်ဘေးက လွတ်လာလို့ မြန်မာသင်္ဘောသားတွေ အားလုံးအလွန်ဝမ်းသာနေကြပါတယ်။ သူတို့ပြောတာတော့ သင်္ဘောမြုပ်သွားပြီးတဲ့နောက် ရေစီးကြောင်းအတိုင်း သူတို့ မျောပါနေခဲ့ပါတယ်။ ရေတပ်သင်္ဘောက ဖျတ်ခနဲမီးရောင်တစ်ချက်အောက်မှာ သူတို့ကို မြင်သွားတာပါ။ သူတို့ အင်မတန်ကံကောင်းပါတယ်"ဟု ဖူးခက်အုပ်ချုပ်ရေးမှူး ချမ်ရိုယန် သီပါယာဖောင်သာဒါက ပြောသည်။ ၎င်းကပင် သက်ဆိုင်ရာ အာဏာပိုင်များက မြန်မာသင်္ဘောသားများ နေရပ်ပြန်နိုင်ရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြပါရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**





ဇန်နဝါရီ ၂ ရက်က (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမိသားစုပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲအဖြစ် မင်္ဂလာတောင်ညွှန့်မြို့နယ်အားကစားကွင်း၌ ထုပ်ဆီးတိုးပြိုင်ပွဲကျင်းပစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြပွဲ၊ ပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတို့ကို ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒီဇင်ဘာလနောက်ဆုံးပတ်က မြို့နယ်ရုံး၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးနေမျိုးသန့်နှင့် မြို့နယ် ဒုတိယပညာရေးမှူး ဒေါ်သန်းသန်းဌေးတို့က ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပရာ အလက(၂) ဒဂုံမြို့နယ်မှ ကျောင်းသား ကျောင်းသူများပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


ဒီစကားတွဲတွေကို ကျက်မှတ်ထားရင် OK ပြီ။
2000 Must-know Phrases
မသိမဖြစ် စကားတွဲ ၂၀၀၀
ဆရာထွန်းစိန် EEE
ထွက်ပြီ
ဖြန့်ချိ - လင်းထက်စာပေ၊ အမှတ် (၁၆၉၊ ၅လွှာ)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၉ ၅၀ ၁၅၂၂၈

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၇)ရပ်ကွက်၊ ဘောဂဗလလမ်း၊ အမှတ် ၁၇၅/ကနေ ဒေါ်ဝင်းဝင်းမာ ၁၂/ဒဂဆ(နိုင်)၀၁၄၃၅၆၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် ၂၁၂၊ မြေညီထပ်(င)ခန်း၊ ယာဘက်ထောင့်ခန်း(၁၂×၅၅)ပေဟု ခေါ်တွင်သည့် တိုက်ခန်းအား တရားဝင်မြေရှင်၊ အိမ်ရှင်တို့ဘက်အခြမ်းမှ ရရှိသည့် တိုက်ခန်းအား ပိုင်ဆိုင်ရောင်းချခံစားခွင့်ရှိသည့် မြေရှင်၊ အိမ်ရှင် ဒေါ်မှုမှုမြင့် ၁၂/သဃက(နိုင်)၀၀၂၇၁၂ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးမှ စရန်ငွေကို ၁၅-၁၀-၂၀၁၄ရက်တွင် ပေးချေထားပြီးဖြစ်၍ ၁၄-၁-၂၀၁၅ ရက်တွင် ကျန်ရှိသည့်ငွေကို အပြီးသတ်ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားသူ — ဒေါ်ဝင်းဝင်းမာ
လွှဲအပ်ညွှန်ကြားချက်အရ — မြမြလွင် (LL.B/6283) ADVOCATE

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး**
**အိတ်ဖွင့်တင်ဒါကြော်ငြာစာ**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးဝက်မွေးမြူရေးခြံနှင့်အစာစပ်စက်ရုံ၊ ဘုရားကြီးဝက်မွေးမြူရေးခြံ၊ ဘုရားကြီးကြက်မွေးမြူရေးခြံ၊ ဘုရားကြီးဘဲမွေးမြူရေးခြံနှင့် ဝမ်းဘဲအင်းဝက်မွေးမြူရေးခြံတို့ရှိ ဟောင်းနွမ်းပျက်စီး၍ ပြုပြင်သုံးစွဲရန်မသင့်တော်သည့် အဆောက်အအုံဟောင်းများနှင့် လုပ်ငန်းသုံးပစ္စည်းများအား ဈေးပြိုင်လေလံဖြင့် ဒေသတွင်း ရောင်းချလိုပါသည်။

၂။ လေလံစည်းကမ်းချက်နှင့်ပုံစံကို (ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူးရုံး)တွင် ၃-၁-၂၀၁၆ရက်မှစ၍ ရယူနိုင်မည်ဖြစ်ပြီး ၆-၁-၂၀၁၆ရက် ညနေ ၁၆:၀၀ နာရီနောက်ဆုံးထား တင်သွင်းရပါမည်။

၃။ ဈေးပြိုင်လေလံဖြင့်ရောင်းချမည့် အဆောက်အအုံဟောင်းများအား ဆက်သွယ်ပြီး သွားရောက်မျက်မြင်ကြည့်ရှုနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၅၂-၂၂၂၁၂၄၊ ၀၅၂-၂၂၀၀၃၃၉၊ ၀၉-၇၈၈၃၉၁၂၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီအဖွဲ့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
**စစ်တွေမြို့၊ မြို့မဈေး(၂)ဇကတိုးချဲ့ခြင်းလုပ်ငန်း**

(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စစ်တွေမြို့၊ မြို့မဈေးနှင့် ဆက်စပ်လျက်ရှိသော ကုလားတန်မြစ်ကမ်းတွင် မြို့မဈေးတိုးချဲ့ခြင်း၊ ကျောက်စီနံရံများတည်ဆောက်ခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်း၊ (၃၉၂'×၄'-၆"+၁'-၆"×၇")၊ ၂(၃၃၃"×၆"+၁'-၆'+၁၂") ၅၈၁၃ ကျင်း၊ စုစုပေါင်း ၂ ဇကအတွက် လျာထားငွေကျပ်သန်း ၅၄၀နှင့်ပတ်သက်၍ လုပ်ငန်းလုပ်ကိုင်လိုသည့် ကုမ္ပဏီများအနေဖြင့် သတ်မှတ်စည်းကမ်းများနှင့်အညီ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ စစ်တွေမြို့သို့ တင်ဒါလျှောက်ထားနိုင်ပါသည်။

(၂) **တင်ဒါလျှောက်လွှာစတင်လက်ခံမည့်ရက်** - ၁၅-၁-၂၀၁၆ရက်
(၃) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၅-၂-၂၀၁၆ရက်
(၄) **တင်ဒါဖွင့်မည့်ရက်** - ၂၀-၂-၂၀၁၆ရက်

(၅) လုပ်ငန်းဆောင်ရွက်ရမည့်အခြေအနေအား မြေပြင်သို့ကွင်းဆင်းကြည့်ရှုပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၄၃-၂၂၀၀၃ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ (စစ်တွေမြို့)**

**အမည်ပြောင်း** ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ဒေသ၊ ဘွက်ကျေးရွာအုပ်စု၊ တ-တ-က(၅)မူလတန်းလွန်ကျောင်း တတိယတန်းမှ မမေမြတ်နိုးအောင်အား မလင်းလက်ချိုဟု ပြောင်းလဲခေါ်ပါရန်။ **မလင်းလက်ချို**

**ပျောက်ဆုံးကြောင်း** ကျွန်တော် မောင်အောင်ဖြိုးသူ ၁၂/ဥကမ(နိုင်)၁၉၀၄၆၀၏ သင်္ဘောသားမှတ်ပုံတင်စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၇၈၄၄၂**

**ပျောက်ဆုံးကြောင်း** ကျွန်တော် ဦးအေးသိန်း ၁၀/ရမန(နိုင်) ၀၉၁၇၀၂၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဦးအေးသိန်း ဖုန်း-၀၉-၂၅၅၇၁၃၇၀၀**

# ဆိုင်ကယ်နှင့်ကားမျက်နှာချင်းဆိုင်တိုက် နှစ်ဦးဒဏ်ရာရ၊ ယာဉ်မောင်းထွက်ပြေး

**ရန်ကုန် ဇန်နဝါရီ ၂**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာမှုအားနည်းသည့်အတွက် လှိုင်သာယာမြို့နယ်တွင် ယာဉ်တိုက်မှု နေ့စဉ်နီးပါး ဖြစ်ပွားလျက်ရှိရာ ဇန်နဝါရီ ၁ ရက် မွန်းတည့် ၁၂ နာရီက ရွှေလင်ပန်းစက်မှုဇုန် မူကြိုလမ်းဆုံအနီး စက်ရုံရှေ့၌ ဆိုင်ကယ်နှင့် ရေခဲတင်လာသောယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိကြောင်း သိရသည်။ **(ယာပုံ)**



ဖြစ်စဉ်မှာ ရွှေလင်ပန်းစက်မှုဇုန်အဝိုင်းကြီးမှ မူကြိုလမ်းဆုံဘက်သို့ ရွှေပြည်သစ်ရေခဲစက်မှ ကိုဇေယျထွန်း(၃၀နှစ်) မောင်းနှင်လာသည့် 9H/---- ဟိုက်အေ့စ်ယာဉ်နှင့် မူကြိုလမ်းဆုံအနီး စက်ရုံရှေ့အရောက် မူကြိုလမ်းဆုံမှ ရွှေလင်ပန်းအဝိုင်းကြီးသို့ မောင်းနှင်လာသော ဆိုင်ကယ်က ရှေ့မှယာဉ်ကို ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောမှလာသော ယာဉ်နှင့်မျက်နှာချင်းဆိုင် တိုက်မိရာ ဆိုင်ကယ်မောင်းသူနှင့် နောက်မှ လိုက်ပါသော အမျိုးသမီးတို့ ဒဏ်ရာများ(စိုးရိမ်ရ) ရရှိခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။ အဆိုပါ ယာဉ်တိုက်မှုအား အင်းစိန်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရေးယူထားကြောင်း သိရသည်။

**(၁၆၄)**

# ပြစ်မှုကျူးလွန်သူအား စစ်ဆေးရာမှ နောက်ဆက်တွဲ ကျူးလွန်သူအား ထပ်မံဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၂**

အလုံမြို့မရဲစခန်းမှ ဒီဇင်ဘာ ၃၀ ရက် ည ၇ နာရီက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုကျူးလွန်သူ အောင်ဖြိုးမင်း(ခ)သားကြီး(၃၉နှစ်)ကို စစ်ဆေးရာ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများကို ဆန်းဦး(၄၂နှစ်)ထံမှ ဝယ်ယူခဲ့ကြောင်း သိရသည်။

ယခုအခါ ဆန်းဦးသည် ရန်ကုန်မြို့သို့ ရောက်ရှိနေကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပြစ်မှုကျူးလွန်သူ အောင်ဖြိုးမင်းကို ခေါ်ဆောင်ပြီး အလုံမြို့မရဲစခန်းမှ စုံစမ်းရာ ဆန်းဦးကို ဆူးလေဘုရားတောင်ဘက်မုခ်အနီး၌ တွေ့ရှိ၍ ကျောက်တံတား မြို့မရဲစခန်း တာဝန်ရှိသူများက ဖမ်းဆီးရမိခဲ့သည်။ **(ယာပုံ)**

၎င်းထံမှ ဘိန်းဖြူအလေးချိန် ၁၀ ဂရမ်ခန့် ကာလတန်ဖိုး ငွေကျပ် ၁၀ သိန်းခန့်ရှိ အထုပ်တစ်ထုပ်၊ ဆင်းကတ်ပါ SAMSUNG GALAXY NOTE -II အဖြူရောင် လက်ကိုင်ဖုန်းတစ်လုံး၊ ခေါက်ပိုက်ဆံအိတ်တစ်လုံးနှင့် မြန်မာငွေစက္ကူ ရောရာ ၃၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ကျောက်တံတားမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**



# တာချီလိတ်၌ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ထိုင်းဘတ်ငွေများဖမ်းဆီးရမိ

**တာချီလိတ် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်အတွင်း၌ ဇန်နဝါရီ ၁ ရက်က ဘိန်းစိမ်း၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်၊ ဘိန်းဖြူနှင့် ထိုင်းဘတ်ငွေများ ဆက်တိုက်ဖမ်းဆီးရမိကြောင်း မူးယစ်တပ်ဖွဲ့စုမှ သိရသည်။ **(အောက်ပုံ)**



ဖြစ်စဉ်မှာ ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀)တာချီလိတ်မှ ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပါလှံ(၂) ရန်အောင်မြေရပ်ကွက်နေ အားထီ၏နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်း အလေးချိန် ၄၂၀ ဂရမ်ခန့်ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ ပြည်စိုးငှားရမ်းနေထိုင်သောအခန်း၌ မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၉ ပြားကို လည်းကောင်း၊ အိုက်စ်အဖြူရောင် ပုံဆောင်ခဲအလေးချိန် ၁၀ ဂရမ်နှင့် ထိုင်းဘတ်ငွေ ၁၆၅၀ ကို လည်းကောင်း၊ အိုက်စ်အဖြူရောင် ပုံဆောင်ခဲအလေးချိန် ၇၀ ဂရမ်ခန့်နှင့် ဘိန်းဖြူမှုန့် စုစုပေါင်းအလေးချိန် ၀ ဒသမ ၄ ဂရမ်ခန့်ကိုလည်းကောင်း တွေ့ရှိရသဖြင့် ထပ်မံသိမ်းဆည်းရမိသည်။

ထို့အပြင် ယင်းနေ့မွန်းတည့် ၁၂ နာရီက တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ခြံအမှတ်(၁၃၅)ရှိ စိုင်းခမ်းလိနှင့် အိုက်ကျိုင်းနွဲ့တို့ ငှားရမ်းနေထိုင်သော အခန်းကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ (ကာလတန်ဖိုးကျပ်သိန်း ၉၀)ဘိန်းဖြူမှုန့်အလေးချိန် ၂၁ ဂရမ်ခန့် (ကာလတန်ဖိုး ၃ ဒသမ ၃၆ သိန်းခန့်)၊ အိုက်စ်အဖြူရောင် ပုံဆောင် ခဲအလေးချိန် ကိုးဂရမ်ခန့် (ကာလ တန်ဖိုးကျပ် ၂ ဒသမ ၂၅ သိန်းခန့်)တို့ကို သိမ်းဆည်းရမိပြီး စိုင်းခမ်းလိ ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများမှာ တစ်ခြံတည်းရှိ ငှားရမ်းနေထိုင်သူ ကျော်သိန်းနိုင်က ရောင်းချပေးရန်အတွက် လာရောက်အပ်နှံထားသည့် ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပူးပေါင်းအဖွဲ့သည် ကျော်သိန်းနိုင်၏အခန်းကို ဆက်လက်ရှာဖွေရာ ၎င်းကိုတွေ့ရှိရပြီး အခန်းအတွင်းမှ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ ရှာဖွေမတွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ အားထီ(၅၂ နှစ်) ပြည်စိုး(၃၃ နှစ်) စိုင်းခမ်းလိ (၃၄နှစ်) အိုက်ကျိုင်းနွဲ့(၁၉နှစ်)နှင့် ကျော်သိန်းနိုင် (၄၄နှစ်) ရန်အောင်မြေရပ်ကွက် တာချီလိတ်မြို့နေသူတို့ကို တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# စိတ်ကြွရူးသွပ်ဆေးပြား ၆၄၈၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

ကုန်းကြမ်းမြို့နယ် မန်ဆာကျေးရွာလမ်းမပေါ်တွင် ဒီဇင်ဘာ ၂၉ ရက်က လမ်းလျှောက်လာသူ ဟော်အဲအား နယ်မြေခံတပ်မှရှာဖွေရာ ၎င်းကိုင်ဆောင်ထားသည့် သားရေအိတ်အတွင်းမှ ကပ်ခွာအိတ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၆၄၈၀ နှင့် တရုတ်ယွမ်ငွေ ၁၃၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကုန်းကြမ်း မြို့မရဲစခန်းသို့ အပ်နှံပေးသဖြင့် ဟော်အဲ(၃၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



## ဘိန်းဖြူ၊ ဘိန်းမည်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမှု ၁၀၃ မှု ဖြစ်ပွားခဲ့

**အင်းတော် ဇန်နဝါရီ ၂**၊ ကသာခရိုင် အင်းတော်မြို့နယ် ဒုတိယမြို့နယ်ရဲမှူး ဒုရဲမှူးတင်ယု၏ ဦးဆောင်မှုဖြင့် အင်းတော်မြို့နယ်၌ ၂၀၁၅ ခုနှစ်အတွင်း ဘိန်းဖြူ ဘိန်းမည်း၊ ဆေးပြားများ ဖမ်းဆီးရမိမှု ၁၀၃ မှုမှ ပြစ်မှုကျူးလွန်သူ အမျိုးသား ၁၆၄ ဦးနှင့် အမျိုးသမီး ရှစ်ဦးတို့ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသို့ဖမ်းဆီးရမိမှုတွင် အင်းတော်ရဲစခန်း၊ လက်အောက်ခံရဲစခန်းနှင့် ရဲကင်းများမှ ၆၂ မှု၊ မော်လူးရဲစခန်း၊ လက်အောက်ခံရဲစခန်းနှင့် ရဲကင်းများ မှ ၄၁ မှု စုစုပေါင်း ဖမ်းဆီးရမိမှု ၁၀၃ မှု၊ ပြစ်မှုကျူးလွန်သူ အမျိုးသား ၁၆၄ ဦးနှင့် အမျိုးသမီး ရှစ်ဦးတို့က ဘိန်းဖြူ ၂၄၉၂ ဒသမ ၀၈ ဂရမ်၊ ဘိန်းမည်း ၇၉ ဒသမ ၀၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၈၀ ကို ဖော်ထုတ်ဖမ်းဆီးရမိ၍ တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၁၅၆)**


**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အနော်ရထာရပ်ကွက်ရှိ အကွက်အမှတ် ၂၁၊ ဦးပိုင်အမှတ် ၁၀၁၊ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြို့မြေကွက်တည်နေရာ ဒေါ်စုနှင်းရွှေ ပိုင်ဆိုင်သော ဝိုင်းမြေကွက်အား မူလပိုင်ရှင် ဦးလှမောင်ထံမှ ၁၉၉၂ ခုနှစ်တွင် ဒေါ်ခင်မေမေက အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီးနောက် ဒေါ်ခင်မေမေထံမှ ၂၀၁၂ ခုနှစ်တွင် ဒေါ်စုနှင်းရွှေက အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားရှိသော အထက်ဖော်ပြလိပ်စာပါမြေကွက်အား ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် နှစ် ၃၀ မြေငှားဂရန်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသည်။ ဒေါ်စုနှင်းရွှေ၏ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမှုကို ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း မြေငှား ဂရန်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စုနှင်းရွှေ ၁၂/ဗတထ(နိုင်)၀၃၇၀၆၉**
**ဖုန်း-၀၉-၂၆၅၀၆၆၈၈၀**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ဝါရင့်စားဖိုမှူးအလိုရှိသည်**

တရုတ်အစားအစာ
ဆက်သွယ်ရန်-
ဖုန်း-၀၉-၂၆၂၆၁၆၈၆၈

**ကန့်ကွက်ရန်ကြော်ငြာစာ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သစ်ဆိပ်ကျူးမှ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ထ/၄၃)၊မြေကွက်အမှတ် ၅၄/ခ၊ မြေအမည်ပေါက် ဦးသက်ခိုင်ဦးထံမှ ဦးအောင်မိုးလွင်သည် မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးရန်လျှောက်ထားပါသည်။ မြေချပါမစ်ထုတ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဦးစီးအရာရှိ**
**မြေယာရုံးခွဲ(၃)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**လှိုင်၊ မရမ်းကုန်း၊ အင်းစိန်**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သန်လျင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၉၄**

ဒေါ်သစ်သစ်သိန်း နှင့် ဦးတင်မောင်ကျော်
(၎င်း၏အခွင့်ရကိုယ်စားလှယ်-
ဒေါ်နှင်းဝတ်ရည်)
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၁)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၆၁၆)နေ ဦးတင်မောင်ကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်+အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၁ရက်(၁၃၇၇ခုနှစ် ပြာသိုလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့ သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

**အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဖိတ်ခေါ်ခြင်း**

ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(KSD) သည် ကရင်ပြည်နယ်၊ ဘားအံမြို့အတွင်း စီးပွားရေးအချက်အချာကျသောနေရာတွင် ကွန်ဒိုဆောက်လုပ်ခြင်း၊ Hyper Market & Shopping Mall ဆောက်လုပ်ခြင်း၊ ဟိုတယ်ဆောက်လုပ်ခြင်းနှင့် ဘဏ်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူကြီးမင်းများ၏ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါသဖြင့် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုသည်များရှိပါက ဖုန်း-၀၉-၄၉၇၇၂၃၉၂၊ ၀၉-၈၇၃၀၆၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**Kayin State Development Public Company Limited**
**No. 2/30, Quarter, Bogyoke Road, Hpa-an,**
**Kayin State, Union of Myanmar**
**Email-ksdpublic Company@gmail.com**

# ရာသီကြိုဖလားအပြိုင်လုမည့် ရန်ကုန်နှင့် ရောဝတီ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၂

**၂၀၁၆ ရာသီပြည်တွင်းလိဂ်ပြိုင်ပွဲများ မကြာမီ စတင်တော့မည်ဖြစ်သည်။ ရာသီမစမီ ပုံမှန်ကျင်းပနေကျဖြစ်သည့် ချာရတီဖလား(ရန်ပုံငွေဖလား)ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။**

၂၀၁၆ ရာသီကြို ချာရတီဖလားပြိုင်ပွဲအဖြစ် MNL အမှတ်ပေးချန်ပီယံ ရန်ကုန်အသင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက် ချန်ပီယံ ရောဝတီ အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ အမှတ်ပေးချန်ပီယံနှင့် ရှုံး၊ ထွက် ချန်ပီယံအသင်းတို့ကို ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ၂၀၁၂ ရာသီမှစတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ရာသီကြိုချာရတီဖလားပြိုင်ပွဲကို ယခုအကြိမ်အပါအဝင် ငါးကြိမ်မြောက်ကျင်းပ ခြင်းဖြစ်ပြီး ရန်ကုန်နှင့် ရောဝတီအသင်းတို့မှာ လေးကြိမ်စီဖြင့် အများဆုံးယှဉ်ပြိုင်ခွင့်ရထားသည်။

ကျင်းပပြီးစီးခဲ့သည့်လေးကြိမ်တွင် ၂၀၁၂ ပြိုင်ပွဲ၌ ရန်ကုန်နှင့်ရောဝတီ၊ ၂၀၁၃ ပြိုင်ပွဲ၌ ရန်ကုန်နှင့်ရောဝတီ၊ ၂၀၁၄ပြိုင်ပွဲ၌ ရန်ကုန်နှင့်ကမ္ဘောဇ (ယခု ရှမ်းယူနိုက်တက်)၊ ၂၀၁၅ ပြိုင်ပွဲ၌ ရတနာပုံအသင်းနှင့်ရောဝတီအသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး ရောဝတီအသင်းကနှစ်ကြိမ် ဗိုလ်စွဲကာအအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နေသည်။ ရန်ကုန်အသင်းနှင့် ကမ္ဘောဇအသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားပြီး ရန်ကုန်အသင်းနှင့်ရောဝတီအသင်းတို့မှာ သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်သည်။ ရန်ကုန်အသင်းနှင့်ရောဝတီအသင်းတို့မှာ တစ်ကြိမ်စီ အနိုင်ရထားရာ ယခုတတိယအကြိမ်တွေ့ဆုံမှုတွင် မည်သည့်အသင်း အနိုင်ရမည်ဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေသည် ။

အဆိုပါ ပွဲကြိုအသင်းအုပ်ချုပ်သူများ အစည်းအဝေးဆုံးဖြတ်ချက်အရ နှစ်သင်းစလုံးမှာ ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမားလေးဦး စလုံး ထည့်သွင်းအသုံးပြုမည်ဖြစ်ပြီး ကစားသမားငါးဦး လဲလှယ်မည်ဖြစ်သည်။ မိနစ် ၉၀ အတွင်းသရေကျနေပါက အချိန်ပိုမကန်ဘဲ ပယ်နယ်တီတိုက်ရိုက် ကန်သွင်းစေမည်ဖြစ်သည်။ နှစ်သင်းစလုံးမှာ ယခုအပြောင်းအရွှေ့ကာလတွင် ပြောင်းလဲမှုများပြုလုပ်ထားသည့် အသင်းများဖြစ်ပြီး ရန်ကုန်အသင်းမှာ ဘရာဇီးနိုင်ငံသားအီမာဆင်၊ ရောဝတီအသင်းမှာ ဦးကျော်လွင်ကို နည်းပြချုပ်အဖြစ် ခန့်အပ်ထားသည်။ နိုင်ငံခြားကစားသမားများကိုလည်း နှစ်သင်းစလုံး အသစ်လဲလှယ်ထားပြီး ရောဝတီအသင်းမှာ လေးဦးစလုံးအသစ်ခေါ်ယူထားသည်။ ရောဝတီအသင်းမှာ MNL ကလပ်ရန်ကုန်၊ ရှမ်းယူနိုက်တက်၊ နေပြည်တော်၊ ဇွဲကပင်အသင်းတို့တွင် ပါဝင်ကစားဖူးသည့် ဂါနာနောက်ခံလူဟန်ဆန် အပါအဝင် နိုင်ဂျီးရီးယား တိုက်စစ်မှူးခရစ္စတိုဖာ၊ ဂါနာကွင်းလယ်လူ ယာကူကူနှင့် ဂျပန်ကွင်းလယ်လူ တာကူမူတို့ကို ခေါ်ယူထားသည်။ ပြည်တွင်းနာမည်ကြီးကစားသမားများ ဆုံးရှုံးခဲ့သော်လည်း လက်ရွေးစင်ဟောင်း ကျော်ဇေယျာဝင်း အပါအဝင် ကစားသမားကောင်းများ ခေါ်ယူထားသည်။

ရန်ကုန်အသင်းမှာ ပြည်တွင်းကစားသမားကောင်းများက ဆက်ထိန်းထားနိုင်ခဲ့ပြီး ကျော်မင်းဦးနှင့် သိန်းဇော်တို့ကို ထပ်မံခေါ်ယူထားသည်။ ကာလရှည်လက်တွဲခဲ့သည့် ဆီမာ၊ အီမာဆင်တို့နှင့်လမ်းခွဲခဲ့သည့် ရန်ကုန်အသင်းမှာ ဘရာဇီးဂိုးသမား ဖာနန်ဒိုကိုသာသက်တမ်းတိုးထားပြီး ကျန်သုံးဦးကို အသစ်ခေါ်ယူထားသည်။ ဘရာဇီးတိုက်စစ်မှူးများဖြစ်သည့် အက်ဒီဆင်နှင့် မာဆယ်လို၊ ဂျပန်နောက်ခံလူ ယာမာရှီတာတို့ကို ခေါ်ယူထားသည်။

အဆိုပါပြိုင်ပွဲကို ညနေ ၄ နာရီတွင်အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ကွင်းဝင်ကြေးအဖြစ်အထူးတန်းငွေကျပ် တစ်ထောင်၊ ရိုးရိုးတန်းငွေကျပ် ငါးရာ သတ်မှတ်ထားသည်။ ယင်းပွဲမှရရှိသည့် ကွင်းဝင်ကြေးအားလုံးကို မိဘမဲ့ကျောင်းများသို့ လှူဒါန်းမည်ဖြစ်သည်။



၂၀၁၅ရာသီက ရန်ကုန်အသင်းနှင့် ရောဝတီအသင်းတို့ တွေ့ဆုံခဲ့စဉ်။



## မြန်မာ့လက်ရွေးစင်အသင်းအတွက် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပရန်စီစဉ်

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၁၆ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း ပြိုင်ပွဲအကြိုပြင်ဆင်မှုရရှိစေရန်၊ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပရန် စီစဉ်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်အရ ယင်းပြိုင်ပွဲကို ဇွန်လအတွင်း ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နိုင်ငံတကာအားကစားဝန်ဆောင်မှုလုပ်ငန်းစုတစ်ခုဖြစ်သည့် အင်္ဂလန်အခြေစိုက် MP & Silva (စင်ကာပူရုံးခွဲ)မှ တာဝန်ခံများနှင့် လေးနိုင်ငံပြိုင်ပွဲတစ်ရပ်ကို ကျင်းပနိုင်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး မြန်မာ၊ စင်ကာပူ၊ ဗီယက်နမ်နှင့် အရှေ့အလယ်ပိုင်းအသင်းတစ်သင်းတို့မှ လက်ရွေးစင်အသင်းများဖြင့် ပါဝင်ယှဉ်ပြိုင်ကစားရန် MP & Silva မှ ထုတ်ပြန်ထားသည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံတို့က နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မျှော်လင့်ထားပြီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြ ဂတ်ဖရိုင်းဒရစ်ကို တာဝန်ပေးကာ အချိန်ယူပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လအတွင်း၌ စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရန် သဘောတူညီမှုရရှိထားသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

မြန်မာနှင့် ဗီယက်နမ်အသင်းတို့ (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ တွေ့ဆုံခဲ့စဉ်။

ခုနစ်ဝမှစ၍ဆရာ/မ၊ အရာရှိဖြစ်သူများ ရေးဖြေလျှင် အတင်းစာ ဆုံမည်မဟုတ်
သုံကြည့်မှာအပ်နှံပါ
ငွေကုန်လူပန်းမဖြစ်စေရ
ပါမောက္ခ(ငြိမ်း) ဝါရင့်ဆရာ/ဆရာကြီး များသင်သည်
ဝါရင့်စာရေးဆရာကြီး
SH မြင့်သူထက် YU
နယ်စပ်ရေးရာ (အငယ်တန်းစာရေး)
B.Ed JO,LO
တရားရေး - ၄ ဥပဒေ - ၄
ပစ်မှတ်ထိသော စာအုပ်များရမယ်
(တန်းခွဲတစ်ခု ၃၀ - ဦးသာ) နည်းပြ/သရုပ်ပြ
မြန်မာစာ (လုံးဝကျက်စရာမလို) အင်္ဂလိပ် (အဓိက Essay (၅) ပုဒ်)
ဗဟုသုတ (ပြည်တွင်း/ပ ၅ ပုဒ်စီ) ဥပဒေ ( အဓိက (၁၃) ပုဒ်)
တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း) ၊ ရန်ကုန်။
ဖုန်း - ၀၉၇၃၀၀၈၇၁၉၊ ၀၉၇၃၁၀၉၄၃၃၊ ၀၉၂၆၃၇၀၄၀၀၅

'SAN' ENGLISH
- ဗုဒ္ဓဂယာ မြေမြတ်မဟာမှ မြတ်ဗုဒ္ဓ၏ ရုပ်ပွားပုံတော်များ
- အလွယ်ကျက်မှတ်ဖွယ်ရာ မြတ်ဗုဒ္ဓ၏ တရားတော်များ
- အလွယ်ကျက်မှတ်ဖွယ်ရာ Basic Ordinary Verbs,
- BASIC GRAMMAR AGREEMENT &
SENTENCE PATTERNS CHART (1, 2)
ထွက်ပြီ

KST International Travels & Tours မှ
အဆင့်မြင့် ပင်လယ်ကမ်းခြေ အပန်းဖြေခရီးစဉ်
ချောင်းသာ၊ ငွေဆောင်၊ ငပလီခရီးစဉ်များ
(၂ ညအိပ် ၃ ရက်)၊ ပုဂံဘုရားဖူးအထူးအစီအစဉ် (၂ညအိပ် ၃ရက်)
၂၄နာရီဝန်ဆောင်မှုစနစ်
01-513805, 01-539568, Ext:103
09-73180626, 09-420292051, 09-795660260

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူများနှင့် အင်္ဂလိပ်စာထူးချွန်လိုသူများအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
1 - 4:00 (Sat + Sun) 3 Jan
6 - 7:30 (Mon ~ Thurs) 5 Jan
1 - 2:30 (Mon ~ Thurs) 11 Jan
9 - 12:00 (Sat + Sun) 16 Jan
7:30 - 9 (Mon ~ Thurs) 18 Jan
BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 3,9 Jan
1 - 2:30 (Mon ~ Thurs) 5,18 Jan
6 - 7:30 (Mon ~ Thurs) 11 Jan
7:30 - 9 (Mon ~ Thurs) 18 Jan
10 - 12 (Mon ~ Thurs) 25 Jan
BASIC WRITING
10-11:30 (Mon ~ Thurs) 28 Dec
12 - 3:00 (Sat + Sun) 3 Jan
PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 5 Jan
9 - 12:00 (Sat + Sun) 16 Jan
3:30 - 5 (Mon ~ Thurs) 18 Jan
12 - 3:00 (Sat + Sun) 23 Jan
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 5 Jan
1 - 2:30 (Mon ~ Thurs) 18 Jan
10-12:00 (Mon ~ Thurs) 25 Jan
VOCAB ENRICHMENT
3:30 - 5 (Mon ~ Thurs) 28 Dec
10-11:30 (Mon ~ Thurs) 11 Jan
BASIC GRAMMAR
1 - 4:00 (Sat + Sun) 16 Jan
INTEMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 11 Jan

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 18 Jan
7:30-10:30 (Sat + Sun) 23 Jan
12 - 3:00 (Sat + Sun) 23 Jan
PRE-INTERMEDIATE (4-SKILL ENGLISH)
7:30-10:30 (Sat + Sun) 2 Jan
4:30-7:30 (Sat + Sun) 2 Jan
1 - 2:30 (Mon ~ Thurs) 5 Jan
BASIC GRAMMAR
7:30-10:30 (Sat + Sun) 23 Jan
BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 5,26 Jan
3 - 4:30 (Mon ~ Thurs) 5 Jan
3:30 - 5 (Mon ~ Thurs) 11 Jan
6 - 7:30 (Mon ~ Thurs) 11 Jan
INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 16 Jan
IELTS (Preparation)
12:30-3:30 (Sat + Sun) 6 Feb
IELTS (Preparation)
1 - 4:30 (Sat + Sun) 2 Jan
1 - 3:30 (Mon to Thurs) 18 Jan
IELTS (Writing)
7:30-10:30 (Sat + Sun) 9 Jan
IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 28 Dec
IELTS (Reading)
1 - 3:00 (Mon ~ Thurs) 11 Jan
IELTS (Grammar)
10-11:30 (Mon ~ Thurs) 1 Feb

### ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
### (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင်ပြုလုပ်မည့် ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ခြင်း အခမ်းအနားနှင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် ကျင်းပပြုလုပ်မည့် (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း ခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(၁) **တင်ဒါစတင်လက်ခံမည့်ရက်** - ၁၈-၁-၂၀၁၆ ရက် (တနင်္လာနေ့)
(၂) **တင်ဒါနောက်ဆုံးလက်ခံမည့်ရက်** - ၂၈-၁-၂၀၁၆ ရက် (ကြာသပတေးနေ့)၊ မွန်းလွဲ ၁:၀၀ နာရီ
(၃) **တင်ဒါဖွင့်မည့်ရက်** - ၂၈-၁-၂၀၁၆ ရက် (ကြာသပတေးနေ့)၊ မွန်းလွဲ ၂:၀၀ နာရီ

၂။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့်အချက်များကို ဘွဲ့နှင်းသဘင်ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၆၁၃၈၃၃ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီ**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၆၉)ရပ်ကွက်၊ မင်းလှစည်သူလမ်း၊ အိမ်အမှတ် ၁၀၆၀၊ မြေချပါမစ်အမည်ပေါက်ပိုင်ရှင် ဦးဖေတင် ပိုင်ဆိုင်သော အလျားပေ၄၀× အနံပေ ၆၀မြေအား ရောင်းချသူ ဒေါ်သန်းအေး ၁၂/မရက(နိုင်)၀၈၉၁၅၉ ဝယ်ယူ ပိုင်ဆိုင်ထားသောမြေအား ကျွန်ုပ်၏မိတ်ဆွေ ဦးပြေအေး ၁၂/အစန(နိုင်)၁၀၇၄၄၃ မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ၃၁-၁၂-၂၀၁၅ ရက်တွင် ပေးချေပြီးဖြစ်ပါ၍ အဆိုပါမြေနှင့်ပတ်သက်ပြီး ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးစုကြည် LL.B**
**တရားလွှတ်တော်ရှေ့နေ (၈၅၈၆)**
**အမှတ် ၆၄၄/၆၄၇၊ အခန်း ၂၀၆၊ နိဗ္ဗာန်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်**

## အပြာရောင်ကမ္ပည်းများရဲ့ ရာဇဝင်

# လွတ်လပ်သောနေ့၏ အထိမ်းအမှတ် နှစ်ပေါင်း ၁၄၉ နှစ်က ပန်းခြံကြီး




ရန်ကုန်မြို့ရှိ မဟာဗန္ဓုလပန်းခြံအတွင်း လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကျောက်တိုင်ကို တွေ့ရစဉ်။

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

***ကျောင်းသူလေးတစ်ဦးက သူ၏မှတ်စုစာအုပ်ကို ထုတ်ယူပြီး ခံ့ညားလှပသည့် အဖြူရောင်ကျောက်တိုင်ကြီးအောက်ခြေတွင် ရေးထိုးထားသော စာတန်းများကို ကူးယူမှတ်သားနေသည်။ ရှင်းပြနေသည့် ကျောင်းဆရာမ၏အသံသည် ဂုဏ်ယူမှု၊ အထင်ကြီးလေးစားမှု၊ ကြီးမြတ်မှုတို့ကို ကိုယ်စားပြုကာ ပိုမိုကျယ်လောင်နေသည်ကို သတိပြုမိသည့်အတွက် ကျောင်းသား ကျောင်းသူများအားလုံးအာရုံစိုက်ကာ နားထောင်နေကြသည်။ ထိုနေရာသည် သမိုင်းတစ်ခေတ်ကို ကိုယ်စားပြုထားသည့် အထိမ်းအမှတ်နေရာတစ်ခုပင်။ မြန်မာတို့၏ ဇာတိသွေးဇာတိမာန်၊ အမျိုး၊ ဘာသာ၊ သာသနာနှင့် အချုပ်အခြာအာဏာတို့ကို တိုင်းတစ်ပါးတို့ထံမှ စည်းလုံးညီညွတ်မှုအင်အားဖြင့် ပြန်လည်ရရှိထားသည့် မြန်မာ့လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်ကြီးသည် သူ့ထံသို့ လာရောက်အလေးပြုကြသူများအား အသိအမှတ်ပြုကာ မားမားမတ်မတ် ရပ်တည်နေသယောင်။***

မဟာဗန္ဓုလပန်းခြံဟု ယခုခေါ်တွင်သည့် ရန်ကုန်မြို့လယ်ကောင်အထင်ကရနေရာတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၁၅၀ ခန့်ကတည်းက အလွန်သာယာလှပသည့် ပန်းခြံတစ်ခုရှိခဲ့လေသည်။ ထိုပန်းခြံနေရာသည် မူလက ရန်ကုန်မြစ်နှင့် တစ်ဆက်တည်းဖြစ်တည်နေသည့် ရေကန်ကြီးတစ်ခုလည်း ဖြစ်ခဲ့ဖူးသေးသည်။ မြန်မာနိုင်ငံအောက်ပိုင်းကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးချိန်တွင် ရန်ကုန်မြို့ကို အခြေပြုကာ ကိုလိုနီစီးပွားရေးဈေးကွက်အဖြစ် မျက်နှာစာပြုလုပ်ရန် ဗြိတိသျှတို့ စီမံခဲ့ကြပြီး ၁၈၅၂ ခုနှစ်တွင် ရန်ကုန်မြို့ပြပုံစံကို စတင်ရေးဆွဲခဲ့ကြသည်။ ထိုအချိန်တွင် ရေကန်ကြီးကို မြေလွတ်အဖြစ် သတ်မှတ်ကာ နေရာချန်ခြင်းဖြင့် မြို့ပြလူနေထိုင်မှုပုံစံကို ဖန်တီးခဲ့ကြသည်။ ထိုနေရာကို တန့်ခ်စကွဲယားဟု ခေါ်တွင်ခဲ့ကြသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့နှင့် အခြားထင်ရှားသည့်မြို့ အများအပြားတွင်လည်း မြို့ပြလူနေမှုပုံစံကို ဖော်ထုတ်တည်ဆောက်နေချိန်တွင် အထင်ကရနေရာအများစုတို့တွင် ပန်းခြံနှင့် မြေကွက်လပ်များအဖြစ် ထည့်သွင်းတည်ဆောက်သည့်ပုံစံကို ရန်ကုန်မြို့တည်ဆောက်သည့်အခါတွင်လည်း အသုံးပြုခဲ့ခြင်းဖြစ်ဟန်တူကြောင်း မြေယာစီမံခန့်ခွဲရေးဌာနမှ အရာရှိကြီးတစ်ဦးက လေးထောင့်စပ်စပ်မြေနေရာချန်လှပ်ထားရှိခဲ့ခြင်းကို မှတ်ချက်ပြုသည်။

၁၈၆၇ ခုနှစ်တွင် အခြေခိုင်လာသည့် ရန်ကုန်မြို့ပြစီမံကိန်းပုံစံများအရ အထက်တွင်ဖော်ပြခဲ့သည့် ရွှံ့နွံများထူထပ်ပြီး ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဆို့နေသည့် နေရာတွင် လူအများ အပန်းဖြေအနားယူနိုင်မည့် ပန်းခြံတစ်ခုပေါ်ထွက်လာစေရန် ဗြိတိသျှအစိုးရကဆောင်ရွက်ခဲ့သည်။ ရွှံ့နွံများနေရာကို မြေများဖို့ကာ သစ်ပင်ပန်းမန်များစတင်စိုက်ပျိုးခဲ့ပြီး သာယာလှပသည့် ပန်းဥယျာဉ်ကြီးတစ်ခုကို မျက်စိပသာဒဖြစ်ဖွယ် တည်ဆောက်ခဲ့ပြီး ၁၈၆၈ ခုနှစ်တွင် ဗြိတိသျှ လက်အောက်ခံ မြန်မာနိုင်ငံ၏ ကော်မရှင်နာဖြစ်သူ၏ အမည်ကို အစွဲပြုကာ ဖိုက်ချ်စကွဲယားဟု အမည်ပေးခဲ့သည်။

အဆိုပါပန်းခြံတွင် ပြည်သူလူထုအေးချမ်းစွာ အနားယူနိုင်ခဲ့ကြပြီး ပန်းခြံတွင်းဝယ် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ လအလိုက်ပွဲတော်များနှင့် ဇာတ်ပွဲများ ကပြခြင်းတို့ကြောင့် ထင်ရှားသည့် ရန်ကုန်မြို့လယ်ပန်းခြံတစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။

၁၈၉၆ ခုနှစ်တွင် ပန်းခြံကို ပြန်လည်အဆင့်မြှင့်တင်ကာ ပန်းခြံ၏ အလယ်တွင် စကျင်ကျောက်ဖြူဖြင့် ထုလုပ်ထားသည့် ဝိတိုရိယဘုရင်မကြီး၏ ရုပ်တုကို စတင်ထားရှိခဲ့သဖြင့် မျိုးချစ်ပုဂ္ဂိုလ်အများစု၏ ကန့်ကွက်ခြင်းကို ခံခဲ့ရသည်။ ပန်းခြံအလယ်မှ ဘုရင်မကြီး၏ ရုပ်တုကိုအကြောင်းပြုကာ ဝိတိုရိယပန်းခြံဟု ခေါ်ဆိုခြင်းများလည်းရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်းတွင်မူ ရန်ကုန်တစ်မြို့လုံး ဗုံးဒဏ်သင့်ခဲ့ရချိန်တွင် ယင်းပန်းခြံသည်လည်း တစ်စပြင်ကဲ့သို့ ခြောက်ကပ်ကာ မည်သူမျှ မသွားဝံ့ မလာဝံ့သည့် အနေအထားသို့ရောက်ရှိခဲ့သေးသည်။ စစ်ကြီးအပြီး ဖက်ဆစ်ဂျပန်များ ဝင်ရောက်လာသောအခါ ဝိတိုရိယဘုရင်မကြီး ရုပ်တုနေရာတွင် ဖက်ဆစ်ဂျပန်တို့၏ အထိမ်းအမှတ်ကျောက်တိုင်တစ်ခုကို ထားရှိခဲ့သေးကြောင်း ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

အင်္ဂလိပ်တို့ ဒုတိယအကြိမ်ပြန်လည်ရောက်ရှိလာခဲ့ချိန်တွင်မူ ပန်းခြံကြီးသည် ဝံသာနုမျိုးချစ်ပုဂ္ဂိုလ်များ စုစည်းရာ၊ ဒေသအသီးသီးမှ သူ့ကျွန်မခံလိုကြသည့် တိုင်းရင်းသားလူမျိုးများစုစည်းကာ သပိတ်မှောက်ခြင်း၊ ဆန္ဒထုတ်ဖော်ခြင်း၊ မျိုးချစ်တရားများဟောပြောကြခြင်းစသည့် နိုင်ငံရေးကိစ္စများတွင် တစ်ခန်းတစ်နေရာမှ ပါဝင်အားဖြည့်ခဲ့သည့် သမိုင်းမှတ်တမ်းဝင် ပန်းခြံကြီးတစ်ခုဖြစ်လာခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ သိရသည်။

လွတ်လပ်ရေးပေးအပ်ရန် နီးကပ်လာလေလေ မြန်မာတို့၏ မျိုးချစ်စိတ်များသည်လည်း အားသွန်ထက်သန်လာလေလေဖြစ်ခဲ့ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးသည် ကိုယ်တစ်ဦးတစ်ယောက် ကောင်းစားရန်ဖြစ်စေ၊ တစ်မျိုးသားလုံးကောင်းစားရန်ဖြစ်စေ ဆောင်ရွက်ရာတွင် အခြားသူတစ်ဦးသို့မဟုတ် လူအများ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ မိမိတိုးတက်ရေးအတွက် လွတ်လပ်စွာ ဆောင်ရွက်မှုများသည် လွတ်လပ်ရေးပင်ဖြစ်ကြောင်း လုပ်ကြံခြင်းမခံရမီကာလက ဟောပြောခဲ့သည့်နေရာလည်းဖြစ်သည်။

ပြည်သူတို့၏ ထက်သန်သော မျိုးချစ်စိတ်ကြောင့် အင်္ဂလိပ်တို့ထံမှ လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ယာယီသမ္မတ စဝ်ရွှေသိုက်က တိုင်းပြုပြည်ပြုလွှတ်တော်ပါလီမန်၌ လွတ်လပ်ရေးကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။

ထိုနေ့တွင်လည်း ပန်းခြံကြီးအတွင်း တူရိယာများတီးခတ်ကာ လွတ်လပ်ရေးအထိမ်းအမှတ် ပွဲတော်များကို ရက်ပေါင်းများစွာ ရန်ကုန်မြို့တော်သူမြို့တော်သားများ ဆင်နွှဲခဲ့ကြပြီး လွတ်လပ်ရေးပေးအပ်ပြီးပြီးချင်းနေ့ ဇန်နဝါရီ ၄ ရက်တွင် ပန်းခြံ၏အလယ်၌ လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်ကြီးတည်ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကြီးကို အောင်မြင်စွာ ကျင်းပခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် နိုင်ငံလွတ်လပ်ရေးကြိုးပမ်းကြသူများ၏ အောင်မြေအဖြစ် နိုင်ငံ့သမိုင်းတွင် အထင်ကရ ပါဝင်ခဲ့သည့် အဆိုပါပန်းခြံကိုလည်း ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအတွင်း ရန်သူများအား ရဲဝံ့စွာ တိုက်ထုတ်တွန်းလှန်ခဲ့သည့် မြန်မာ့တပ်မတော် သေနာပတိချုပ် စစ်သူကြီး မဟာဗန္ဓုလကို ဂုဏ်ပြုသောအားဖြင့် ပန်းခြံကြီးကို မဟာဗန္ဓုလပန်းခြံဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

ပန်းခြံအတွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်ကြီးသည် လွတ်လပ်ပြီးခေတ် ပထမဆုံးသောမြန်မာနိုင်ငံတော်အလံကို ကိုယ်စားပြုသရုပ်ဖော်ထားခြင်းဖြစ်ပြီး မြန်မာပန်းပုပညာရှင်ကြီး ဆရာဦးအုန်းကြိုင်က ပုံစံရေးဆွဲပေးခဲ့ခြင်းဖြစ်ကာ ၁၉၅၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ လွတ်လပ်ရေးရပြီး နှစ်နှစ်ခန့်အကြာ ဇန်နဝါရီ ၄ ရက်နေ့ထူးနေ့မြတ်တွင် မဟာဗန္ဓုလပန်းခြံ အလယ်ဗဟိုရှိ ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သည့် လွတ်လပ်ရေး အထိမ်းအမှတ်ကျောက်တိုင်ကြီး၏ ရှေ့မှောက်၌ ပထမဆုံးသော ဗိုလ်ရှုသဘင်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ထိုအချိန်တွင် သမ္မတဖြစ်သူမှာ မြန်မာနိုင်ငံတွင် ပထမဆုံးသမ္မတဖြစ်သူ စဝ်ရွှေသိုက်ဖြစ်သည်။ သမ္မတအား လက်နက်ကိုင် တပ်ပေါင်းစုံနှင့် အရပ်ဘက်အဖွဲ့အစည်းအသီးသီးက ချီတက်အလေးပြုကြပြီး လွတ်လပ်ရေးနေ့ မော်ကွန်းကျောက်တိုင်ရှေ့၌ ပြည်ထောင်စုအလံကို လွှင့်ထူကာ နိုင်ငံတော်သီချင်းကို သံပြိုင်သီဆို ဟစ်ကြွေးခဲ့ကြသည်။ ထို့နောက် တပ်မတော်က အမြောက်များ ပစ်ဖောက်ဂုဏ်ပြုခဲ့ပြီး စည်တော်ရွှမ်းခြင်းများကိုလည်း ပါလီမန်ဒီမိုကရေစီခေတ်တွင် ခမ်းနားစွာကျင်းပခဲ့ရာ မဟာဗန္ဓုလပန်းခြံသည်လည်း အသုံးတော်ခံကာ ဧည့်ပရိသတ်များကို သူ့မြက်ခင်းပြင်အတွင်း နေရာတည်ခင်းပေးခဲ့လေသည်။

နောက်ပိုင်းတွင် ပြည်သူများ အပန်းဖြေအနားယူရာ ရန်ကုန်မြို့လယ်ကောင်မှ အိုအေစစ်လေးတစ်ခုအဖြစ် ရပ်တည်လာခဲ့ပြီး ၁၉၈၈ နောက်ပိုင်းတွင် ပန်းခြံပတ်လည်တွင် စာအုပ်ဆိုင်များနှင့် အခြားသောဈေးဆိုင်များ အသီးသီးနေရာယူလာခဲ့ပြီး ပန်းခြံမှာလည်း ပြုပြင်ထိန်းသိမ်းမှုများ မရှိတော့သဖြင့် လှပတင့်တယ်မှု အားနည်းလာခဲ့သည်မှာ နှစ်ပေါင်း ၂၀ နီးပါးကြာမြင့်ခဲ့လေသည်။


ပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ခြေရင်းတွင် ရေးထိုးထားသည့် စာတန်းများကို လေ့လာကြည့်ပါက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးမော်ကွန်းကျောက်တိုင် အကြောင်းကို ပိုမိုသိရှိရမည်ဖြစ်သည်။ သက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက် (တနင်္ဂနွေနေ့)အား ဤငါတို့ မြန်မာပြည်လုံးဝ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအဖြစ် ကောင်းစွာရောက်သတည်း”ဟူသည့် စာတန်းကို မြင်တွေ့နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံသားတို့၏သစ္စာအဓိဋ္ဌာန်ကိုးချက်ဖြစ်သည့် ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ် သောလမ်းသို့ ပို့ဆောင်ခဲ့သည့် ငါတို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်းချီတက်မည်။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ သစ္စာကိုမသွေမဖည်စောင့်ထိန်းမည် အစရှိသည့် နိုင်ငံသားတိုင်းသိရှိလိုက်နာ စောင့်ထိန်းကြရမည့် အချက်များကို ရေးသားမှတ်တမ်းတင်ထားသည်ကို မြင်တွေ့ရသည်။

ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ လွတ်လပ်ရေးမိန့်ခွန်းကိုလည်း ရေးထိုးထားရာ ထိုအထဲတွင် လွတ်လပ်ရေးရပြီးနောက် အခုဆိုရင် အချင်းချင်း မသိနားမလည်မှုတွေကြောင့် ရန်မူခဲ့တာ၊ နယ်ချဲ့သွေးခွဲစနစ်ဆိုးကြောင့် တစ်ဦးနဲ့တစ်ဦး စိမ်းကားခဲ့ကြတာတွေဟာ ကုန်ဆုံးပျောက်ကွယ်သွားကြပါပြီ။ လူမျိုးအားလုံးဟာ ပြည်ထောင်စုအလံတော်တစ်မျိုးတည်းကို လွှင့်ထူပြီး ဒီတစ်မျိုးသားလုံးက သဘောတူတင်မြှောက်တဲ့ ပြည်ထောင်စုနိုင်ငံ၏ အထွတ်အထိပ် နိုင်ငံတော်သမ္မတကြီးရဲ့ အရိပ်ကိုခိုလှုံလျက် စည်းလုံးညီညွတ်ခွင့်ကိုလည်း ရလာကြပါပြီ။ ဒီလိုစည်းလုံးညီညွတ်မှုကို တင်းပြည့်ကျပ်ပြည့်ရရှိလာအောင် ကျွန်တော်တို့ အားထုတ်ကြပါစို့ဟု ရေးထိုးထားသည်ကိုလည်း မှတ်သားဖွယ်မြင်တွေ့ရသည်။

၂၀၁၂ ခုနှစ်မှစတင်ကာ မဟာဗန္ဓုလပန်းခြံကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပြန်လည်ပြုပြင်ခဲ့ပြီး ခေတ်မီလှပသည့် မြို့အင်္ဂါရပ်နှင့် လိုက်ဖက်အညီဆုံး ပြည်သူများအားလုံးအခမဲ့ဝင်ထွက်အပန်းဖြေနိုင်မည့် စိမ်းလန်းဥယျာဉ်အဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ကလေးကစားကွင်းများ၊ အားကစားပြုလုပ်ရာ ကွင်းများကို စနစ်တကျဆောင်ရွက်ပေးခဲ့ပြီး ခေတ်မီမီးစနစ်များ၊ ရေပန်းများဖြင့်လည်း ကုမ္ပဏီများက တပ်ဆင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ရန်ကုန်မြို့၏ လူအစည်ကားဆုံးနှင့် အလှပဆုံးသော ပန်းခြံကြီးတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ရန်ကုန်မြို့ပြအမွေအနှစ်ဆိုင်ရာ အထိမ်းအမှတ်အပြာရောင်ကမ္ပည်းပြားကို ဒသမမြောက်အဖြစ် မဟာဗန္ဓုလပန်းခြံကြီး၌ တပ်ဆင်ခဲ့ပြီးဖြစ်သဖြင့် ပိုမိုခံ့ညားမှုအပြင် ပြည်တွင်းပြည်ပခရီးသွားများအတွက် ဗဟုသုတရဖွယ်ရာ နှစ်ပေါင်း ၁၅၀ ကျော်ခန့် သက်တမ်းရှိ ပန်းခြံကြီးအဖြစ် မြင်တွေ့ရပါကြောင်း။

၁၈၆၇ ခုနှစ် ကိုလိုနီခေတ်ဦးကာလ ဖိုက်ချ်စကွဲယား ပန်းခြံ။



ခ ရီး သွ ား ဆ ေ ာ င် း ပါ း

# အတွေးပုံရိပ်တို့ မမှေးမှိန်သည့် ရွှေအင်းတိန်ဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊
ဓာတ်ပုံ-မောင်ချစ်ကြည်



*ချောင်းအကွေ့မှာ စက်လှေကစောင်းသွားသဖြင့် ကိုယ်ကိုထိန်းလိုက်ရသည်။ ချောင်းကကျဉ်းပြီး ရေနည်းနေရာ စက်လှေမောင်းက ဂရုစိုက်ပြီး ကျွမ်းကျင်စွာမောင်းနှင်နေသည်။ ရေစီးသန်သော အင်းတိန်ချောင်းက အကွေ့အကောက်များစွာ။ အင်းလေး ဟဲယာရွာမမှ နံနက် ၆ နာရီခန့်ထွက်လာသော်လည်း အင်းတိန်ချောင်းအတွင်းမှာပင် အချိန်အတန်ကြာမျှမောင်းနှင်နေရသဖြင့် ခရီးမတွင်၊ အင်းတိန်ရွာကိုရောက်ချိန်၌ နံနက် ၇ နာရီခန့်ပင်ရှိနေပြီ။*

အင်းလေးကန်မှ အင်းတိန်ရွာသို့ ရှစ်ကီလိုမီတာခန့်သာရှိသော်လည်း မိုးရာသီနှင့် ဆောင်းရာသီတို့တွင်သာ ချောင်းရေများသဖြင့် သွားလာရသည်မှာ အနည်းငယ်အဆင်ပြေသည်။ ယခုအချိန်၌ အင်းတိန်ချောင်းအတွင်း အချို့နေရာများတွင် လှေဦးမှ လူတစ်ဦးက ထိုးဝါးခေါ်ဝါးလုံးရှည်ဖြင့် ထောက်ပြီးမှ သွားရသည်။ စက်လှေပန်ကာမလွတ်သည့်နေရာများတွင် ဝါးလုံးရှည်ဖြင့်ထိုးကာ စက်လှေကိုရွှေ့စေပြီး ဖြည်းဖြည်းချင်းရှေ့သို့တိုးသွားစေသောနည်းဖြင့် သွားရသည့်နေရာအချို့လည်း ရှိနေသည်။

အင်းလေးမှ အင်းတိန်သို့လာရောက်သည့်လမ်းမှာ နှစ်လမ်းရှိပြီး ခေါင်တိုင်ရေပူစမ်းမှ မော်တော်ယာဉ်ဖြင့် ကားလမ်းအတိုင်း မောင်းနှင်လာ၍ရသလို အင်းလေးမှ စက်လှေဖြင့် အင်းတိန်ချောင်းအတိုင်း လာရောက်သောရေလမ်းကြောင်းဖြစ်သည်။ ကျွန်တော်တို့က အင်းလေးတွင် တာဝန်ထမ်းဆောင်ပြီးနောက် အင်းတိန်ရွာရှိ နာမည်ကြီး ရွှေအင်းတိန်ရှေးဟောင်းဘုရားများသို့ လာရောက်ဖူးမြော်လေ့လာခြင်းဖြစ်သည်။

အင်းတိန်ရွာ လှေဆိပ်သို့ရောက်ရှိပြီး စက်လှေထိုးဆိုက်ကာ တက်လာခဲ့သည်။ စက်လှေဆိပ်တွင် စက်လှေအစင်းရေ ၂၀ ခန့် ဆိုက်ကပ်ရပ်ထားသည်ကို တွေ့ရသည်။ အင်းတိန်ရွာအတွင်းရောက်ရှိခဲ့ရာ အင်းတိန်ချောင်းပေါ် ကန့်လန့်ဖြတ်ကာ ဆောက်လုပ်ထားသော အမိုးပါသစ်သားတံတားတစ်စင်းကို လှမ်းမြင်ရသည်။ စက်လှေများ၊ ကုန်တင်ရေယာဉ်များ လွတ်ကင်းအောင် တည်ဆောက်ထားသဖြင့် တံတားမှာ အတန်ပင်မြင့်နေသည်ကို တွေ့ရသည်။ ရွာသူ ရွာသားများက သူတို့အရပ်၊ သူတို့အတတ်ဖြင့် တည်ဆောက်ထားသော တံတားဖြစ်ပေမည်။ တစ်မျိုးတစ်ဖုံအမြင်ဆန်းနေသည်က အမှန်ပင်။

အင်းတိန်ဈေးဘက်ရောက်ရှိခဲ့သည်။ ရှမ်း၊ အင်းသား၊ ပအိုဝ်း စသည့် ဒေသခံတိုင်းရင်းသားများ ရောင်းဝယ်နေကြသည်ကို တွေ့ရသည်။ အနီးဝန်းကျင် တောင်ပေါ်တိုင်းရင်းသားပအိုဝ်းများက ဒေသထွက်ကုန်များဖြစ်သော လက်ဖက်ခြောက်၊ ကြက်သွန်ဖြူ ကြက်သွန်နီ စသည့်ကုန်ပစ္စည်းများကို လာရောက်ရောင်းချကြသည်။ ငါးရက်တစ်ဈေးဖြစ်သည့်အတွက် ကျွန်တော်တို့ရောက်သောနေ့မှာ ဈေးနေ့ဖြစ်ရာ ဈေးအတွင်း ရောင်းသူဝယ်သူများဖြင့် စည်ကားနေသည်။ တိုင်းရင်းသားရိုးရာ ဝတ်စုံများ ဝတ်ဆင်ကာ ပစ္စည်းများရောင်းချနေကြသူများ၊ ဝယ်ယူနေသူများနှင့် ဈေးအတွင်း လိုက်လံကြည့်ရှုလေ့လာနေသူများကိုလည်း တွေ့မြင်ရသည်။ နိုင်ငံခြားခရီးသွားဧည့်သည်တစ်ဦးစ နှစ်ဦးစကိုလည်း ဈေးရောင်း ဈေးဝယ်များအကြား သွားလာနေသည်ကိုလည်း တွေ့ရသည်။ တိုင်းရင်းသားတို့၏ လူမှုဘဝနေထိုင်မှုကို လက်တွေ့လေ့လာနေကြခြင်းဖြစ်သည်။

ဈေးအတွင်း အချို့ဈေးရောင်း ဈေးဝယ်သည့်ပုံစံမှာ ပစ္စည်းချင်းတန်ဖိုးသင့်ကာ တိုက်ရိုက်ဖလှယ်ကြသည်ကိုတွေ့ရသည်။ ငွေသားမလို၊ မိမိလိုချင်သောပစ္စည်းနှင့် မိမိရောင်းချင်သောကုန်ပစ္စည်းကို မျက်မြင်အတိုင်း အချိန်အတွယ်အလိုက် တိုက်ရိုက်ဈေးညှိနှိုင်းဖလှယ်ကြခြင်းဖြစ်သည်။ အချိန်တိုအတွင်း အရောင်းအဝယ်ကိစ္စဖြတ်ကာ အကြောင်းမညီညွတ်ဘဲ ပျက်ပြယ်သည်မှာ မရှိသလောက်နည်းပါးကြောင်း သိရသည်။ အင်းတိန်ဈေးအတွင်း ငါးဖက်ထုပ်ရောင်းသောဆိုင်သို့ဝင်ကာ ဝယ်ယူစားသောက်ခဲ့သည်။ အပြင်ဘက်မှ ထုပ်ထားသော အစိမ်းရောင်ဖက်ရွက်များကို ဖြည်းဖြည်းချင်းခွာချလိုက်ရာ ပန်းရောင်သန်းနေသော မွှေးပျံ့သည့် ငါးအသားများကို မြင်တွေ့ရသဖြင့် စားချင်စိတ်မထိန်းနိုင်၊ အငွေ့ထောင်းထောင်းထပြီး ပူပူနွေးနွေးဖြစ်နေသော်လည်း ဇွန်းဖြင့်အသာအယာဖဲ့ယူစားကြည့်လိုက်ရာ နူးညံ့မွှေးပျံ့ကာ ထူးကဲသော ငါးဖက်ထုပ်အရသာကို ရရှိခံစားလိုက်ရသည်။ ငရုတ်ကောင်းလား၊ ပဒဲကောလား မဝေခွဲနိုင်၊ ထည့်ခပ်ထားသည့် ဟင်းရည်ပူပူကိုသောက်ရင်း ငါးဖက်ထုပ်စားရသည်မှာ ဇွန်းမချနိုင်တော့။

ငါးဖက်ထုပ်ကို နံနက်စာအဖြစ် တစ်ဝစားပြီးနောက် ဈေးထိပ်ဘက်ထွက်လာရာ တောင်ပေါ်နေတိုင်းရင်းသား ပအိုဝ်းအချို့ကို ကုန်ပစ္စည်းများ ထုပ်ပိုးထားသော အိတ်များနှင့်အတူတွေ့မြင်ရသည်။ မေးမြန်းကြည့်ရာ ကြက်သွန်ဖြူအိတ်များဖြစ်ကြောင်း မှာထားသူများရှိ၍ ဈေးသို့လာပို့ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ အချို့ဈေးရောင်းသူများက အင်းလေးဒေသကျေးရွာသို့ ငါးရက်တစ်ဈေးလိုက်ကာ နေ့စဉ်ဈေးရောင်းကြသဖြင့် ကုန်ပစ္စည်းများစုဆောင်းဝယ်ယူထားခြင်းဖြစ်သည်။ ငါးရက်တစ်ဈေးက စည်ကားသည်။ ဈေးနေ့အဖြစ်ကျရောက်သောကျေးရွာအနီးတစ်ဝိုက်မှ ဒေသထွက်ကုန်များကို ဈေးသက်သာစွာဝယ်ယူရရှိနိုင်သည်။ ပစ္စည်းမှန်၊ ဈေးသက်သာသည့် ထွက်ကုန်များဖြစ်ရာ ဝယ်သူအကြိုက်ဖြစ်၍ ရောင်းကောင်းခြင်းလည်းဖြစ်သည်။

ကျွန်တော်တို့ ရွှေအင်းတိန်ဘုရားစုများဆီသို့ ထွက်ခဲ့ကြသည်။ ရှည်လျားပြီးသက်တမ်းရင့်နေသည့် စောင်းတန်းအတိုင်း ဖြည်းဖြည်းချင်းတက်ခဲ့ရာ ဘေးတစ်ဖက်တစ်ချက်တွင် အရောင်းဆိုင်လေးများကို တွေ့ရသည်။ ယခင်ကစောင်းတန်းတစ်လျှောက်၌ ဈေးသည်များမရှိ၊ ယခုနိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်မှုများလာသဖြင့် ဈေးသည်များလည်း တိုးပွားလာခြင်းဖြစ်သည်။ အမှတ်တရပစ္စည်းများ၊ ရှေးဟောင်းလက်ရာရုပ်တုလေးများအပါအဝင် ပြည်တွင်း ပြည်ပခရီးသွားများအကြိုက် ခင်းကျင်းပြသ ရောင်းချနေကြခြင်းဖြစ်သည်။ ခရီးသွားဧည့်သည်များကလည်း စိတ်ဝင်စားပြီး ဝယ်ယူကြကြောင်း၊ အထူးသဖြင့် အမှတ်တရရုပ်တုလေးများကို ဝယ်ယူလေ့ရှိကြောင်း သိရသည်။

ရွှေအင်းတိန်ဘုရားများဆီသို့ ရောက်ရှိခဲ့သည်။ မြေပြင်တွင် မြေစိုက်သဖွယ်တည်ထားသောစေတီများက ကက္ကူဘုရားစေတီများပုံစံဖြစ်သည်။ အချို့ စေတီများကို ပြုပြင်ထိန်းသိမ်းထားသဖြင့် ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်စွာ တည်ရှိနေသည်ကို မြင်တွေ့ရသည်။ ရှေးခေတ်ဗိသုကာလက်ရာများအဖြစ် ထူးခြားထင်ရှားစွာ တွေ့ရှိရပြီး စေတီအချို့မှာ ယခင် ဂေါပကအဖွဲ့က ကြီးကြပ်ပြုပြင် မွမ်းမံခဲ့သော်လည်း နောက်ပိုင်း၌ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ယူကြီးကြပ်ကာ ရှေးခေတ်လက်ရာမပျက်ပြုပြင်ထိန်းသိမ်းနေကြောင်း ဒေသခံတစ်ဦးဖြစ်သည့် ကိုစိုးခိုင်က ပြောပြသည်။

ရွှေအင်းတိန်ဘုရားစေတီများမှာ ထူးခြားမှုရှိသည်က အမှန်ပင်။ မြေပြင်တွင် ပစ္စယာအခံမရှိဘဲ တည်ထားခြင်းဖြစ်သည့်အပြင် စေတီတိုင်း၌ကြာမှောက်၊ ကြာလှန် အောက်ပိုင်းဖောင်းရစ်နေရာတွင် မြင်တွေ့နေကျ စေတီများထက် ရှည်ရှည်တည်ထားခြင်းဖြစ်သည်။ ရွှေအင်းတိန်စေတီအားလုံး ဗိသုကာဒီဇိုင်းပုံစံများ တူညီသော်လည်း အချို့စေတီများက အောက်ခြေတွင်ဂူများပါဝင်တည်ထားသည်ကို တွေ့ရသည်။ အချို့စေတီများက လျှင်ဒဏ်ခံထားရ၍လားမသိ၊ စေတီကိုယ်ထည်အလယ်တည့်တည့်တွင်ကွဲလျက်ဖြစ်နေသလို၊ အချို့စေတီများက ထီးတော်များပြုတ်ကျကာ ငုံးတိတိဖြစ်လျက်ရှိသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

ကျွန်တော်တို့ ရွှေအင်းတိန်စေတီများကို အနီးကပ်လေ့လာကာ စေတီများအကြား ဝင်ရောက်လေ့လာမိသည်။ အချို့စေတီများက အောက်ခြေတွင် အပျက်အစီးများရှိနေပြီး အုတ်ချပ်များထွက်ပေါ်ကာတချို့အုတ်ချပ်များက မြေပြင်ပေါ်ပြုတ်ကျနေသည်။ စေတီများ၏ ကြာမှောက်၊ ကြာလှန်၊ ဖောင်းရစ်နှင့်ကိုယ်ထည်များတွင် အဖြူရောင်များလွင့်ပြယ်နေပြီး အဝါရောင်နှင့် ညိုညစ်ညစ်အရောင်များအဖြစ် ပြောင်းလဲဖြစ်ပေါ်နေသည်ကို တွေ့ရသည်။

*စာမျက်နှာ ၁၇ သို့*





တောင်တန်းများနောက်ခံပြုလျက် ရွှေအင်းတိန်စေတီပုထိုးများကို အဝေးမှဖူးမြင်ရစဉ်။

*စာမျက်နှာ ၁၆ မှ*

နှစ်ကာလရှည်ကြာ၍လားမသိ၊ ပီပြင်သောအရောင်ဟူ၍ သတ်မှတ်မရနိုင်တော့။ အချို့စေတီများတွင် ထီးတော်များကစောင်းလျက်၊ ငှက်ပျောဖူးတော်များ ပြုတ်လျက် အချို့စေတီများအောက်ခြေကိုယ်ထည်တွင် အပင်ငယ်အချို့ပေါက်နေသည်ကို မြင်တွေ့ရသည်။

ရွှေအင်းတိန်စေတီများအပြင်ဘက် လူသွားလမ်းသို့ထွက်လိုက်ပြီးနောက် အပြင်ဘက်မှ လမ်းလျှောက်လေ့လာမိသည်။ ညီညာစီတန်းစွာတည်ဆောက်ကိုးကွယ်ထားသည့် စေတီတော်များကို မိမိတို့ဘိုးဘွားဘီဘင်တို့ တည်ထားခဲ့ပုံများအပေါ် အတွေးဝင်မိသည်။ သဒ္ဓါအား၊ ကုသိုလ်အားကြီးမားခဲ့ကြမှုကို အခါခါသာဓုခေါ်မိသည်။ မြန်မာတိုင်းရင်းသားတို့က ရှေးနှစ်ပေါင်းများစွာကတည်းကပင် အလှူရေစက်လက်နှင့်မကွာခဲ့၊ မြန်မာနိုင်ငံတစ်ဝန်း လက်ညှိုးထိုးမလွဲအောင် ဘုရားကျောင်းကန်စေတီများတည်ထားကိုးကွယ်ခဲ့ကြသူများဖြစ်သည်။ ယနေ့ခေတ်အထိ ရှေးဟောင်းစေတီပုထိုးများအားလုံးကို မတူးဖော်၊ မရှာဖွေနိုင်၊ ထောင့်စေ့အောင် မပြုပြင်နိုင်သေး၊ ရှေးခေတ် ဘိုးဘွားဘီဘင်တို့ သဒ္ဓါတရားကြီးမားခဲ့ပုံများက မှန်းဆ၍ပင် မရနိုင်၊ ယခုအချိန်တွင် မိမိတို့မြန်မာလူမျိုးများသာမက နိုင်ငံခြားခရီးသွားများပင် အလေးထားလာရောက်ကြည့်ရှုလေ့လာနေကြရပြီဖြစ်သည်။ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းရန် မိမိတို့အားလုံးတွင် တာဝန်ရှိနေပြီဟု လေးလေးနက်နက်အတွေးဝင်မိသည်။

ရွှေအင်းတိန်စေတီများကို ၁၂ ရာစုနှင့် ၁၃ ရာစုခန့်က တည်ထားကိုးကွယ်ခဲ့သည်ဟု ဆိုသည်။ နရပတိစည်သူမင်း၊ ဓမ္မာသောကမင်းနှင့် အနော်ရထာဘုရင်တို့က အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်ကိုးကွယ်ခဲ့ကြသည်ဟု မှတ်တမ်းများ၌ ဖတ်ရှုခဲ့ဖူးသည်။ သမိုင်းသုတေသနပြုတစ်ဦးမဟုတ်၍ သေချာစွာမဆန်းစစ်နိုင်။ မည်သို့ပင်ဖြစ်စေ ရွှေအင်းတိန်စေတီများကို မြင်တွေ့ဖူးမြော်ရသည်ကပင် အတိတ်ကိုမှန်းဆကာ ကုသိုလ်ပွားစိတ်ဖြစ်ပေါ်ရသည်က အမှန်ပင်။

ရွှေအင်းတိန်စေတီများကို လိုက်လံဖူးမြော်ပြီးပြန်ထွက်ခဲ့သည်။ အနီးဝန်းကျင်တစ်ခွင် လှမ်းမျှော်ကြည့်လိုက်ရာ ရှမ်းတောင်တန်း၊ တောင်စွယ်များကို စိမ်းစိမ်းညို့ညို့ဖြင့်လွမ်းမောဖွယ်ရာမြင်တွေ့ရသည်။ အင်းတိန်ရွာအနီးဝန်းကျင်တွင် တောင်တန်း၊ တောင်စွယ်များ၌ ပအိုဝ်းတိုင်းရင်းသားတို့နေထိုင်ရာ ကျေးရွာများရှိကြောင်း၊ နေ့ချင်းပြန်ခရီးအဖြစ်သွားကာ လေ့လာ၍ရကြောင်း၊ နိုင်ငံခြားသားခရီးသွားအချို့ ဧည့်လမ်းညွှန်အကူအညီဖြင့် သွားရောက်လေ့လာကြကြောင်း ကိုစိုးခိုင်က ပြောပြသည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ကျေးလက်အခြေပြုခရီးသွားလုပ်ငန်းများ တိုးတက်ရန်လိုအပ်နေချိန်တွင် ဒေသခံတိုင်းရင်းသားများကို အသိပညာပေးရန် လိုအပ်သည်။ တိုင်းရင်းသားတို့၏လူနေမှုဘဝပုံစံများ၊ ရိုးရာဓလေ့ဝတ်စားဆင်ယင်မှုများ၊ ရိုးရာအစားအစာများနှင့် ရိုးစင်းသောနေ့စဉ်ဘဝဖြတ်သန်းမှုများအပြင် ဒေသထွက်ကုန်များကိုကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင်နိုင်ပါက ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှုရှိစေမည်မှာ အမှန်ပင်ဖြစ်ကြောင်းတွေးမိသည်။

ကမ္ဘာလှည့်ခရီးသွားများကို အင်းလေးကန်သာမက အနီးပတ်ဝန်းကျင်တွင် ခရီးတို ခရီးစဉ်သစ်များထွက်ပေါ်ရန် ကြိုးစားနေသည်ဟုကြားသိရသဖြင့် ဝမ်းသာစိတ်ဖြစ်ရသည်။ ယခုအင်းလေးကန်မှအင်းတိန်ရွာ၊ အင်းတိန်ရွာမှတောင်ခြေရှိ တိုင်းရင်းသားကျေးရွာများအထိ သွားရောက်လေ့လာနိုင်သည့်အပြင် ရှေးဟောင်း ဗိသုကာလက်ရာရွှေအင်းတိန်စေတီများက နိုင်ငံခြားခရီးသွားများအတွက် ထူးထူးခြားခြား အာရုံဖမ်းစားနိုင်လျက်ရှိသည်။ မြန်မာ့ရေ၊ မြေက နေရာတိုင်းတွင် သဘာဝအလှအပကိုယ်စီရှိနေရာ ရှေးခေတ်ဗိသုကာလက်ရာများ၊ ဒေသခံတိုင်းရင်းသားတို့၏လူမှုဘဝပုံရိပ်များကိုပါ ပေါင်းစပ်ထားသဖြင့် အသက်ဝင်လှုပ်ရှားနေသော ပန်းချီကားကြီးတစ်ချပ်သဖွယ်ဖြစ်နေသည်ဟုအတွေးများဝေနေမိသည်။

အင်းတိန်ရွာမှ ခေါင်တိုင်ရေပူစမ်းသို့ကားကြုံဖြင့် ပြန်ထွက်လာခဲ့သည်။ လမ်းတစ်လျှောက် အတွေးပုံရိပ်ထဲတွင် တဝဲဝဲလည်ကာ မပျောက်ကွယ် မမေ့မှိန်ဖြစ်နေသည်က ရွှေအင်းတိန်စေတီများနှင့် အင်းတိန်ရွာမြင်ကွင်းများပင်။

**ရွှေအင်းတိန် ဘုရားစေတီများမှာ ထူးခြားမှုရှိသည်က အမှန်ပင်။ မြေပြင်တွင် ပစ္စယာအခံမရှိဘဲ တည်ထားခြင်းဖြစ်သည့်အပြင် စေတီတိုင်း၌ ကြာမှောက်၊ ကြာလှန်အောက် ဖောင်းရစ်နေရာတွင် မြင်တွေ့နေကျ စေတီများထက် ရှည်ရှည်တည်ထားခြင်းဖြစ်သည်။ ရွှေအင်းတိန် စေတီအားလုံး ဗိသုကာဒီဇိုင်း ပုံစံများတူညီသော်လည်း အချို့စေတီများက အောက်ခြေတွင် ဂူများပါဝင်တည်ထားသည်ကို တွေ့ရသည်။**



ငလျင်ဒဏ်ကြောင့် ထီးတော်များပြုတ်ကျကာ ငုံးတိတိဖြစ်နေသော စေတီအချို့ကို တွေ့မြင်ရစဉ်။

# အမေရိကန်တွင် အသက် ငါးနှစ်ကျော်ကလေးငယ်ငါးဦးလျှင် တစ်ဦးမှာ အဝလွန်ခြင်းဖြစ်ပွားနေ

ဘာသာပြန်-ကလျာမိုးမြင့်

အမေရိကန်ရှိကလေးငယ်များ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပုံမှန်မဟုတ်သော သွေးတွင်းကိုလက်စထရောများရှိနေပြီး အဆိုပါ ကိုလက်စထရောက ကလေးငယ်အရွယ်ရောက်လာသည့်အခါ နှလုံးရောဂါနှင့် လေသင်တုန်းဖြတ်ခြင်းတို့ဖြစ်ပွားမှုနှုန်းမြင့်တက်စေကြောင်း သိရသည်။

အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနမှ သုတေသနပညာရှင်များက သုတေသနပြုစုပြီးနောက် အဆိုပါသုံးသပ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ကလေးငယ်များအနက် ၁၃ ရာခိုင်နှုန်းခန့်သာ (HDL) ပမာဏအနည်းငယ်သာရှိသည့် အကျိုးပြုကိုလက်စထရောရှိနေသည်ဟု ဆိုသည်။ အဆိုပါ ကိုလက်စထရောသည် သွေးလွှတ်ကြောများကို သန့်ရှင်းစေရန် ကူညီပေးသည်။

ကလေးငယ်ရှစ်ရာခိုင်နှုန်းမှာ သွေးလွှတ်ကြောများကို ထိခိုက်စေသည့် အခြားသော ကိုလက်စထရောပမာဏ မြင့်မားစွာပါဝင်လျက်ရှိကာ ခုနစ်ရာခိုင်နှုန်းတွင်မူ အန္တရာယ်ရှိသည့် ကိုလက်စထရောပမာဏမြင့်မားစွာရှိနေကြောင်း အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုအဖွဲ့က ပြောသည်။

ကိုယ်အလေးချိန်ပုံမှန်ရှိသည့် ကလေးငယ် ၁၄ ရာခိုင်နှုန်းနှင့် နှိုင်းစာလျှင် ၄၃ ရာခိုင်နှုန်းမှာ အဝလွန်ရောဂါခံစားနေရပြီး ပုံမှန်မဟုတ်သော ကိုလက်စထရောများရှိနေကြောင်း သိရသည်။



အဆိုပါကလေးငယ်များ အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ ပုံမှန်မဟုတ်သော ကိုလက်စထရောပမာဏမြင့်တက်နှုန်းလည်း တိုးပွားလာသည်မှာ အံ့ဩဖွယ်ရာမရှိပေ။ သာဓကအားဖြင့် အသက် ခြောက်နှစ်မှ ရှစ်နှစ်အထိ ခြောက်ရာခိုင်နှုန်းသော ကလေးငယ်များတွင် မကောင်းသော သွေးတွင်းကိုလက်စထရောများ ပါဝင်နေမှုသည် အဆိုပါကလေးငယ်များ အသက် ၁၆ နှစ်မှ ၁၉ နှစ်သို့ ရောက်ရှိလာချိန်တွင် နှစ်ဆဖြစ်လာကြောင်း ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာန (CDC)က ဆိုသည်။

ပုံမှန်မဟုတ်သည့် ကိုလက်စထရောများရှိနေခြင်းသည် နှလုံးရောဂါနှင့် လေဖြတ်ခြင်းအပါအဝင် နှလုံးသွေးကြောဆိုင်ရာ ရောဂါများကို အရွယ်ရောက်ချိန်၌ ဆတိုးဖြစ်ပွားလာစေသည့် အကြောင်းရင်းဖြစ်သည့်အတွက် ကလေးအရွယ်ငယ်စဉ်ကတည်းက စတင်ကာ ကျန်းမာသော စားသောက်မှုပုံစံနှင့် ကာယလေ့ကျင့်မှုပုံမှန်ပြုလုပ်ခြင်းများကို အလေ့အကျင့်ပြုလုပ်ပေးခြင်းဖြင့် ကြိုတင်ကာကွယ်သင့်ကြောင်း နယူးယောက်ရှိ ဝင်းဒရော့တက္ကသိုလ် ဆေးရုံမှ နှလုံးရောဂါကုထုံးပညာရှင် ဒေါက်တာကယ်ဗင်မာဇိုက အတည်ပြုထောက်ခံခဲ့သည်။

**ကလေးငယ် ရှစ်ရာခိုင်နှုန်းမှာ သွေးလွှတ်ကြောများကို ထိခိုက်စေသည့် အခြားသော ကိုလက်စထရောပမာဏမြင့်မားစွာ ပါဝင်လျက်ရှိကာ ခုနစ်ရာခိုင်နှုန်းတွင်မူ အန္တရာယ်ရှိစေသည့် ကိုလက်စထရောပမာဏမြင့်မားစွာ ရှိနေကြောင်း အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုအဖွဲ့က ပြောသည်။**




# ပခန်းကျောင်းတော်ကြီးသို့

မောင်သာ
(ရှေးဟောင်းသုတေသန)

**မြင်းမူမှ ပခုက္ကူသို့အသွား၊ မြောင်-ပရိမ္မကားလမ်းပေါ်ရှိ ဆင်ခေါင်းတောင်သို့ခေတ္တဝင်ခဲ့ကြသဖြင့် အချိန်အနည်းငယ် နောက်ကျသွားသည်။ ဆင်ခေါင်းတောင်ပေါ်ရှိ ကျောက်နဂါးဟုထင်ရှားသည့် အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းကို ဝင်ရောက်ကြည့်ရှုကာ ဆင်ခေါင်းတောင်ပေါ်တွင်နေထိုင်သည့် မိတ်ဆွေဦးဖိုးရွှေကို ဝင်ရောက်နှုတ်ဆက်ပြီးမှ ပရိမ္မလမ်းအတိုင်း မြောင်မြို့သို့ပြန်လာခဲ့ကြသည်။ ထို့နောက် မန္တလေး-မုံရွာလမ်းအတိုင်းလာ၍ ချောင်းဦးမရောက်မီ ဝဲဘက်သို့ကွေ့ဝင်လိုက်ပြီး ချင်းတွင်းမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် ဆင်ဖြူရှင်တံတားကိုကျော်ဖြတ်ကာ ပခုက္ကူမြို့သို့ခရီးဆက်ခဲ့ကြသည်။**

ဆင်ဖြူရှင်တံတားမှ ဆင်းလာကြပြီးနောက် ပခုက္ကူသို့အသွား မြိုင်လမ်းခွဲတွင် ဝဲဘက်သို့ဝင်လာခဲ့ကြရာ ရေစကြိုမြို့နယ် ပခန်းကြီးသို့ ညနေစောင်းချိန်တွင် ရောက်ရှိခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ပခန်းအမည်ရှိသည့်နေရာများသည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ပခန်းကြီး၊ ပခန်းငယ်ရှိသကဲ့သို့ စလေတွင်လည်း ပခန်းငယ်ရှိသည်။ ပခန်းကြီးသည် ရေစကြိုမှ ၁၀ မိုင်၊ ပခုက္ကူမှ ၁၇ မိုင် ကွာဝေးသည်။

ယခုအခါ ပခန်းကြီးတွင် အိမ်ခြေ ၆၇၇ အိမ်နှင့် အိမ်ထောင်စု ၇၄၄ စုရှိကာ လူဦးရေ ၃၇၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရှိရသည်။ ပခန်းကြီးကျေးရွာအုပ်စုအတွင်း နဂါးတွင်း၊ မြောက်ပြင်၊ သက်ရွာ၊ ပြည်သာယာ၊ တောင်မင်းကျောင်းနှင့် ရွာသာတို့ပါဝင်ကြပြီး ဒေသနေပြည်သူများသည် တောင်သူလုပ်ငန်းဖြင့် အသက်မွေးကြသည်။

စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာသတ်ပုံကျမ်းတွင် "လေးရာပြူဆန်း၊ မြို့ကူးခန်း၊ ပခန်းခေါ်တထွေ"ဟု ရေးဖွဲ့ထားသည့်အတိုင်း ပခန်းသည် ရှေးမြန်မာဘုရင်များလက်ထက်က စစ်သည်အင်အား ၄၀၀ စုဆောင်းပေးရသောဒေသ ဖြစ်သည်။ ထိုစဉ်ကာလများတွင် မြန်မာနိုင်ငံ၌ အမြဲဖွဲ့စည်းထားသော လက်နက်ကိုင်တပ်မတော်ဟူ၍ မရှိခဲ့ဘဲ စစ်တိုက်ရန်လိုအပ်လာချိန်များတွင် မြန်မာနိုင်ငံအနှံ့မှ စစ်သည်များကိုစုဆောင်းသည့် အစဉ်အလာရှိခဲ့ရာ စုဆောင်းပေးရသည့် ဦးရေအလိုက် သိန်းပြူမြို့၊ သောင်းပြူမြို့၊ ထောင်ပြူမြို့၊ ရာပြူမြို့များရှိခဲ့သည်။

ရေစကြိုမြို့နယ်ရှိ ပခန်းကြီးကျေးရွာသည် မြန်မာ့သမိုင်းတွင်ထင်ရှားသော ပခန်းမင်းကြီးဦးရန်ဝေးနှင့် ဆက်စပ်ခဲ့သည့် ရှေးဟောင်းဒေသတစ်ခုဖြစ်သည်။ မင်းကြီးဦးရန်ဝေးသည် မင်းတုန်းမင်းကိုယ်တိုင်လေးစားရသော မှူးမတ်ကြီးတစ်ဦးဖြစ်ပြီး ကုန်းဘောင်ခေတ်ဗိသုကာလက်ရာကျောင်းတော်ကြီးကို ပခန်းငယ်တွင်ဆောက်လုပ်ခဲ့သူလည်းဖြစ်သည်။ ဦးရန်ဝေးသည် ပခန်းငယ်ကျောင်းတော်ကြီးကို လူနှစ်ဖက်ခန့်ကြီးမားသော တိုင်လုံးပေါင်း ၃၃၂ လုံးဖြင့် တည်ဆောက်ထားကာ "စိန်စီကျောင်း တိုင်လုံးမှတ်"ဟု နံသင့်သချ်ာကိန်းဖြင့် မှတ်သားထားခဲ့ကြသည်။

ထိုကျောင်းတော်ကြီးကို ပခန်းမင်းကြီးဦးရန်ဝေးက မိမိ၏နန်းဆောင်အဖြစ် ရည်ရွယ်ဆောက်လုပ်ခဲ့ရာ မလိုသူများက မင်းတုန်းမင်းအား ဦးရန်ဝေး နန်းပြိုင်ရန် စီစဉ်နေကြောင်း လျှောက်တင်ခဲ့ကြသည်။ သတင်းစကားများကြောင့် မင်းတုန်းမင်းကိုယ်တိုင် ပခန်းငယ်ကျောင်းသို့လာရောက်ကြည့်ရှုချိန်တွင် ဦးရန်ဝေးသည် မင်းတုန်းမင်း၏ သံသယများပယ်ပျောက်စေရန် မိမိဆောက်လုပ်ထားသော ကျောင်းကြီးကို ရေစက်ချလှူဒါန်းခဲ့ကြောင်း အစဉ်အဆက်ပြောဆိုခဲ့ကြသည်။

ကျွန်တော်တို့သည် ပခန်းကြီးမှ ငါးမိုင်ကွာဝေးသော ပခန်းငယ်သို့ မသွားတော့ဘဲ ရေစကြို-ပခုက္ကူကားလမ်းပေါ်ရှိ ပခန်းကြီးရွာသို့ ရောက်သည်နှင့် ကားလမ်း၏ ဝဲဘက်ခြမ်းတွင်ရှိသည့် ပခန်းကြီးစည်သူရှင်ဘုရားသို့ ဦးစွာဝင်ခဲ့ကြသည်။ ယင်းနေရာကို အရှေ့ကျုံး၊ ညောင်စင်ရပ်ဟုခေါ်ဆိုကြောင်း သိရသည်။ စည်သူရှင်ဘုရားသို့ ရောက်ရှိချိန်တွင် ညနေ ၅ နာရီကျော်နေပြီဖြစ်သဖြင့် စေတီတော် ဂန္ဓကုဋိတိုက်တွင် အပူဇော်ခံထားရှိသည့် စည်သူရှင်၊ ရှင်မတောင်၊ မြတ်ပေါင်းမဥ္ဇူနှင့် ဒက္ခိဏသာခါ ရုပ်ပွားတော်လေးဆူကို သံတိုင်များအကြားမှသာ ဖူးမြော်ခဲ့ရပေသည်။ ရုပ်ပွားတော်များ အပူဇော်ခံထားရှိသည့် ဂန္ဓကုဋိတိုက်ကျောင်းဆောင်ကိုနေ့စဉ် ညနေ ၄ နာရီတွင် ပိတ်သည်ဟု သိရှိခဲ့ရသည်။ ထိုရုပ်ပွားတော်များသည် အလောင်းစည်သူမင်းလက်ထက်က သရက္ခန်သားဖြင့် ထုလုပ်ထားသော ရှေးဟောင်းရုပ်ပွားတော်များ ဖြစ်ကြသည်။

ပခန်းစည်သူရှင် ဘုရားဒကာသည် နတ်ယုံကြည်သူများ ကိုးကွယ်ကြသည့် ကိုကြီးကျော်(မင်းကျော်စွာ)၏ အစ်ကိုဖြစ်သူ မင်းစည်သူဖြစ်သည်။ ပုဂံခေတ်သိန်ခိုမင်းလက်ထက်တွင် မင်းစည်သူနှင့်မင်းကျော်စွာ ညီအစ်ကိုနှစ်ဦးတို့သည် ယခုပခန်းဒေသသို့ ရောက်ရှိလာကြပြီး




ပခန်းကျောင်းတော်ကြီး၏ ကျယ်ဝန်းသော စင်္ကြံပတ်လမ်းကို တွေ့ရစဉ်။

ပခန်းကိုတည်ခဲ့သည်ဟု အဆိုရှိသည်။ ပုဂံခေတ်အလောင်းစည်သူမင်းလက်ထက် သက္ကရာဇ် ၄၈၀ ပြည့်နှစ်တွင် ပခန်းမြို့၌ စည်သူရှင်စေတီကိုတည်ထားပြီး စည်သူရှင်ဘုရားကိုကိုးကွယ်ခဲ့ကြသည်။ စည်သူရှင်ဘုရားသည် ဆင်တစ်ဆယ့်တစ်စီးခံထားသည့် ဗုဒ္ဓရုပ်ပွားတော်ဖြစ်သည်။

စည်သူရှင်ကုန်းတော်သို့တက်ကာ ဘုရားဖူးကြပြီးနောက် ကျွန်တော်တို့သည် ရေစကြို-ပခုက္ကူကားလမ်းပေါ်သို့ ပြန်ဆင်းလာကြကာ ကားလမ်းကိုကျော်၍ အနောက်ကျုံးဟောင်း နဂါးတွင်းရပ်ရှိ ပခန်းကြီးကျောင်းဆီသို့လျှောက်လာခဲ့ကြသည်။ ကားလမ်းပေါ်မှ မြင်နေရသည့် ကုန်းဘောင်ခေတ်နှောင်းပိုင်းလက်ရာ သစ်သားကျောင်းကြီးသည် ညနေခင်းနေရောင်အောက်တွင် တင့်တယ်ခံ့ညားစွာရပ်တည်နေသည်။ ရတနာပုံခေတ်ဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသည့် သက်တမ်းနှစ် ၁၀၀ ကျော်ပြီဖြစ်သော ရှေးဟောင်းကျောင်းတော်ကြီးသည် ပခန်းမြို့ရိုး၏ အနောက်တောင်ထောင့်တွင်တည်ရှိသည်။ ပခန်းမြို့ရိုးသည် မြန်မာနိုင်ငံရှိ ရှေးမြို့ဟောင်းများအနက် ထုထည်အလွန်ကြီးမားသော မြို့ရိုးတစ်ခုဖြစ်ကြောင်း သိရှိရသည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပခန်းကြီးကျောင်းတော်ကြီးကို ၁၉၉၂ ခုနှစ်တွင် ထိန်းသိမ်းထားခဲ့သည်။

ပခန်းကြီးကျောင်းကို ခြေတံရှည်တည်ဆောက်ထားကာကျောင်းပေါ်သို့တက်ရန် လှေကားငါးခုတပ်ဆင်ထားသည်။(ဝဲပုံ)ကျောင်းမျက်နှာစာတွင် အုတ်လှေကားကြီးနှစ်ခုရှိရာ ခြေရင်းလှေကားမှ ပခန်းကျောင်းကြီးပေါ်သို့ တက်ရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးခဲ့ကြပြီးနောက် ကျောင်းကိုစောင့်ရှောက်နေသည့်ကပ္ပိယကြီးက ကျွန်တော်တို့အဖွဲ့အား လိုက်လံပြသခဲ့သည်။ ပခန်းကြီး ကျောင်းတော်တွင် ဘုရားခန်း၊ စနုဆောင်၊ တရားဟောဆောင်၊ ဆွမ်းစားဆောင်များကို ထည့်သွင်းတည်ဆောက်ထားသည်။ ကျယ်ဝန်းသော စင်္ကြံပတ်လမ်းအတိုင်း ကျွန်တော်တို့လျှောက်ကြည့်ကြပါသည်။ စနုဆောင်ဟူသည်မှာ ဘုန်းကြီးကျောင်းများ၊ နန်းတော်များတွင် အဆောင်ကြီးနှစ်ဆောင်ကို ဆက်၍ဆောက်ထားသော အဆောင်ဖြစ်သည်။

ပခန်းကြီးကျောင်းတော်ကြီးကို ကျီဝန်ဦးဘိုးတုတ်က မိမိ၏ငယ်ဆရာတော်ဦးဂုဏ သီတင်းသုံးရန်မြန်မာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ် (ခရစ်နှစ် ၁၈၆၈ ခုနှစ်) ဝန်းကျင်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းဆောက်လုပ်ရန်လိုအပ်သည့် ကျွန်းသစ်များကို မင်းတုန်းမင်းကြီး၏ ခွင့်ပြုမိန့်ဖြင့် ဘုရင့်သစ်ကွင်းမှ ခုတ်ယူကာ ချင်းတွင်းမြစ်ကြောင်းမှတစ်ဆင့် ပခန်းသို့သယ်ယူခဲ့သည်။ သစ်များ သယ်ယူခနှင့် ကျောင်းဆောက်လုပ်သည့် လက်သမားခသည် ၅၄၇၆၂ ကျပ်ဖြစ်ပြီး "ကွမ်းသီးတစ်လုံးဖိုး"ဟု မှတ်တမ်းပြုခဲ့ကြသည်။ ပါဠိသင်္ချာအရ မှတ်ယူထားသည့် အက္ခရာများကို နေ့နံကိန်းများအတိုင်း နောက်မှ ပြန်လည်ရေတွက်ရသည်။ ပခန်းကျောင်းကြီးကို နှစ်နှစ်ကျော် တည်ဆောက်ခဲ့ရသည်။

ဦးဘိုးတုတ်သည် ငယ်စဉ်က ဦးဂုဏကျောင်းတွင် နေထိုင်ခဲ့ပြီး အရွယ်ရောက်ချိန်တွင် လှေသူကြီးဖြစ်လာခဲ့သည်။ ပုဂံမင်းနှင့်မင်းတုန်းမင်းသားတို့ အားပြိုင်ကြချိန်တွင် ဦးဘိုးတုတ်သည် နောင်အလားအလာကို တွက်ဆ၍ မင်းတုန်းမင်းသားထံ စစ်ရိက္ခာအဖြစ် လှေနှင့်ကုန်များကိုဆက်သခဲ့သည်။ မင်းတုန်းမင်းသည် ပုဂံမင်းကို အနိုင်ရရှိပြီး နန်းတက်သောအခါ ယင်းကျေးဇူးကိုတုံ့ပြန်သောအားဖြင့် ဦးဘိုးတုတ်ကို ကျီဝန်ရာထူးပေးအပ်ခဲ့သည်။ နောက်ပိုင်းတွင် မှန်ကင်းဝန်အဖြစ် ခန့်ထားခဲ့သည်ဟု ဆိုသည်။

ကျောင်းကြီးကို ကျွန်းတိုင်လုံး ၂၅၄ လုံးအသုံးပြုကာ တည်ဆောက်ထားသည်။ တိုင်အရေအတွက်ကို ကြောင်မျက်ရွဲဟု မှတ်သားခဲ့ကြသည်။ တိုင်များ၏လုံးပတ်သည် ၆ ပေ ၄ လက်မနှင့် ၇ ပေ ၂ လက်မ အကြားဖြစ်သည်။ တိုင်များ၏ ထိပ်ဝအချင်းသည် လက်မ ၃၀ ဖြစ်သည်။ ကျောင်းကြီးတည်ဆောက်ရာတွင် သုံးစွဲထားသည့် တိုင်များအနက် အမြင့်ဆုံးတိုင်သည် ပေ ၉၀ အထိ မြင့်သည်။ ကျောင်းကြီးအပေါ်တွင် ကျွန်တော်တို့ လှည့်ပတ်ကြည့်ရှုနေစဉ် တစ်နေရာတွင် နံ့သာဖြူနံ့များသင်းနေသည့် တိုင်လုံးကြီးနှစ်လုံးကို ပြသသဖြင့် ကျွန်တော်တို့ နမ်းရှုကြည့်ခဲ့ကြသည်။ ကျောင်းကိုဆောက်လုပ်စဉ်က ကျွန်းတိုင်များအနက် နံ့သာဖြူတိုင်ကြီးနှစ်လုံး ပါဝင်ခဲ့ကြောင်း လိုက်လံရှင်းပြသူက ပြောပြခဲ့သည်။

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

ကျောင်းတော်ကြီးကို အလျား ၂၄ ပင်၊ အနံ ၁၂ ပင် တည်ဆောက်ထားသည်။ ပင်ဆိုသည်မှာ မြေတွင်စိုက်ထူထားသော တိုင်အရေအတွက်ကို ခေါ်ဆိုခြင်းဖြစ်သည်။ အလျား ၂၄ ပင်ရှိသဖြင့် အလျားလိုက်ခန်းပွင့် ၂၃ ခန်းရှိကာ အနံ ၁၂ ပင်ဘက်တွင် ခန်းပွင့် ၁၁ ခန်းရှိသည်ဟု ဆိုလိုသည်။ ကျောင်းခေါင်းရင်းထိပ်ရှိ ဘုရားဆောင်၌ ပြာသာဒ်ဘုံအထွတ်ခုနစ်ဆင့် တင်ထားသည်။ ခြေရင်းဘက်အဆောင်မကြီးသည် သုံးထပ်လည်ပေါ်ဆောင် ဖြစ်သည်။ ဘုရားဆောင်အတွင်းထိပ်၌ ပလ္လင်အမြင့်တစ်ခုပေါ်တွင် သီတင်းသုံးနေသည့် ရတနာပုံခေတ်လက်ရာ ထိုင်တော်မူ ဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရသည်။ ကျောင်းတော်ကြီး၏ ထုပ်နှင့်လျောက်များသည် (၂၄ × ၈) လက်မ အရွယ်ထုကြီးမားသော သစ်သားချောင်းကြီးများဖြစ်သဖြင့် ကျွန်းတိုင်လုံးများတွင် အပေါက်များဖောက်၍ စရွေးစွပ်တပ်ဆင်ထားသည်ကို မြင်ရသည်။

စနုဆောင်အတွင်း မျက်နှာကြက်တွင်ပန်းပွင့်များ ပုံဖော်ထားပြီး မျက်နှာကြက်အချို့နှင့် နံရံရှိခြူးပန်းခြူးနွယ်အပြောက်အမွမ်းများ ပျက်စီးနေသည်ကို တွေ့ရသည်။ ကျောင်းတော်ကြီး၌ တိုင်ထောက်နရားများ၊ ကျောင်းနံရံများတွင် ခြူးပန်းကနုတ်များ၊ မာရဘင်တွင် မှန်ကူကွက်နှင့်ကြာပွင့်များ ပုံဖော်ထားသည်မှာ လက်ရာမြောက်လှသည်။ မာရဘင်ဟူသည်မှာ နန်းဆောင်တွင် ကြမ်းပြင်မှအမိုးအထိ ပိတ်ဆီးထားသောအကာအရံဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ကုန်းဘောင်ခေတ်လက်ရာကျွန်းသစ်ဖြင့် တည်ဆောက်ခဲ့သည့်ကျောင်းများကို ယနေ့တိုင်ထိန်းသိမ်းထားလျက်ရှိရာ စလေရုပ်စုံကျောင်း၊ အင်းဝ ဗားကရာတိုက်၊ ရေစကြိုပခန်းကြီးကျောင်း၊ မန္တလေးရွှေကျောင်းကြီးတို့သည် ထင်ရှားသော ရှေးဟောင်းသစ်သားအဆောက်အအုံများဖြစ်ကြသည်။ ပခန်းဒေသရှိရှေးဟောင်းကျောင်းနှစ်ခုအနက် ပခန်းကြီးကျောင်းက မူလအခြေအနေ နီးပါးရှိနေပြီး ပခန်းငယ်ကျောင်းမှာမူ ယခုအခါတွင် တိုင်များနှင့် အုတ်လှေကားများသာ ကျန်ရှိတော့ပေသည်။

ပခန်းကြီး ရှေးဟောင်းသုတေသနပြတိုက်တွင် ကျောက်စာ၊ ပေစာဟောင်းများ၊ ဒင်္ဂါးများ၊ မြေအိုးမြေခွက်များ၊ ဆင်းတုတော်ရုပ်ပွားများ၊ မင်းတုန်းမင်း လက်ထက်တံကဲတော်များနှင့် ရှေးခေတ်စစ်သည်တော်သုံး လှံ၊ ဓား၊ မောက်တို၊ မောက်ရှည်များကို ပြသထားကြောင်း ကြားသိခဲ့ရသော်



ပခန်းကြီးကျောင်းရှိ ရှေးဟောင်းအနုပညာလက်ရာများကို တွေ့ရစဉ်။

လည်း ကျွန်တော်တို့ရောက်ရှိချိန်တွင် ပြတိုက်ပိတ်သွားပြီဖြစ်သဖြင့် ဝင်ရောက်မလေ့လာနိုင်ခဲ့ပါချေ။ ပြတိုက်အတွင်းပြသထားသော ရှားပါးယွန်းကွမ်းအစ်ကြီးကို လေ့လာခဲ့ပါရန် မိတ်ဆွေတစ်ဦးက မှာကြားခဲ့သည်ကိုလည်း အမှတ်ရမိပါသည်။

ပခန်းကျောင်းတော်ကြီးကို အတန်ကြာအောင် လှည့်ပတ်ကြည့်ရှုခဲ့ပြီးချိန်တွင် မှောင်စပြုပြီဖြစ်သဖြင့် ကျွန်တော်တို့သည် ၁၇ မိုင်ကွာဝေးသည့် ပခုက္ကူသို့ ဆက်လက်ခရီးနှင်ခဲ့ပါသည်။ မမှောင့်တမှောင် အလင်းရောင်အောက်မှ ပခန်းကျောင်းတော်ကြီးကို ကြည့်မဝအောင်ဖြစ်ခဲ့ကြပါသည်။ ကျွန်းသစ်များ ပေါများကြွယ်ဝသည့် မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်တည်ဆောက်ခဲ့ကြသည့် လက်ရာမြောက်သောရှေးဟောင်းသစ်သား အဆောက်အအုံများ၏ ခံ့ညားပုံများကို သတိရနေမိပါသည်။ တိုင်တစ်ရာကျောင်းဟု အမည်ပေးလေ့ရှိကြသည့် ကျွန်းတိုင်လုံးပေါင်းများစွာ တည်ဆောက်ထားသည့် ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများကို ယနေ့တိုင် ကျေးလက်အချို့၌ မြင်တွေ့နိုင်ကြသည်။

ယင်းတို့အနက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ရွာသာယာကျေးရွာအုပ်စု မြင်းနီရွာရှိ သက်တမ်းနှစ်ပေါင်း ၁၅၀ ကျော်ရှိသည့် တိုင်လုံးပေါင်း ၈၀ ကျော်ဖြင့် တည်ဆောက်ထားသည့် ရှေးဟောင်းဘုန်းတော်ကြီးကျောင်းတစ်ကျောင်း မီးလောင်ပျက်စီးခဲ့ရာ များစွာနစ်နာဆုံးရှုံးခဲ့ရပေသည်။

ပခန်းကြီးကျောင်းအပါအဝင် ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် မြန်မာ့ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများကို တည်တံ့နိုင်သမျှတည်တံ့အောင် ထိန်းသိမ်းထားကြသည့်အတွက် ယနေ့တိုင် မြင်တွေ့လေ့လာနိုင်ကြခြင်းဖြစ်ပေသည်။ ထိုသို့မိမိတို့ဘိုးဘွားစဉ်ဆက်တည်ရှိခဲ့သည့် အဆောက်အအုံများကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ထားခြင်းသည်ပင်လျှင် မြန်မာလူမျိုးတို့၏ မြင့်မားသောဂုဏ်သိက္ခာတစ်ရပ်ဟု ဆိုနိုင်ပါပေသည်။



# စာရေးရာမှာ ရှောင်စရာ(၅)

မောင်ခင်မင်(ဓနုဖြူ)

“ကိုင်း. . . ငါ့တူရေ။ စာရေးရာမှာ ရှောင်စရာအပြစ်တွေ တော်တော်ရှင်းပြပြီးပြီနော်။ အခု ဝါကျတ္ထဒေါသလို့ခေါ်တဲ့ ဝါကျနက်မှာ-အဲ. . . ဝါကျနက်ဆိုတာ ဝါကျရဲ့အနက်အဓိပ္ပာယ်ပေါ့။ အဲဒီ ဝါကျနက်မှာ ဖြစ်တတ်တဲ့ အပြစ်တွေအကြောင်း ဆက်ပြောမယ်။ စာအုပ်ကိုဖွင့်ထားနော်။

“ဖွင့်ထားပြီးပါပြီ ဦးလေး။ ပထမဆုံး ဝါကျတ္ထဒေါသက အပက္ကမဒေါသတဲ့”

“အေး . . . ဆရာကြီးဦးဖိုးစိန်က အဲဒီအပြစ်ကို ‘ဟပ်စဉ်ပျက်အပြစ်’ လို့ နာမည်ပေးတယ်။ ရှေ့နောက်အကြောင်းအကျိုးအစီအစဉ် အစပ်အဟပ်လွဲတဲ့အပြစ်ပေါ့”

“ဟုတ်ကဲ့---သာဓကကလေး . . . ”

“ပြောမှာပါ၊ ပြောမှာပါ။ အလင်္ကာပန်းကုံးထဲမှာပြထားတဲ့ ဒီသာဓကကို ဖတ်လိုက်စမ်း”

“ခွေးနှင့်ဆိတ်တို့သည် ‘မြက်နှင့်အမဲသားကိုဆောင်ကုန်၏’တဲ့ ဦးလေး”

“ခွေးနဲ့ဆိတ်က မြက်နဲ့အမဲသားကို စားဖို့ယူလာတဲ့ အဓိပ္ပာယ်ပါပဲ။ ခြုံကြည့်ရင် မမှားသလိုထင်ရပေမယ့် သေသေချာချာကြည့်တော့ ရှေ့နောက်အစပ်အဟပ်လွဲနေတာတွေ့လိမ့်မယ်”

“ဟုတ်ကဲ့ဦးလေး။ ရှေ့နောက်အစဉ်အတိုင်း အဓိပ္ပာယ်ကောက်ရရင် ခွေးကမြက်စားတယ်၊ ဆိတ်ကအမဲသားစားတယ်လို့ ကောက်ရမှာပေါ့နော်”

“ဟုတ်တယ်လေ။ ဒါကြောင့် အစပ်အဟပ်လွဲနေတယ်လို့ပြောတာပေါ့။ ကဲ--- အစပ်အဟပ်မှန်အောင် ဘယ်လိုရေးမလဲကွယ်”

“ခွေးနှင့်ဆိတ်သည် အမဲသားနှင့်မြက်ကို ဆောင်ကုန်၏လို့ ရေးရမှာပါ”

“ဟုတ်တယ်။ ကဗျာတစ်ပိုဒ်ဆိုပြမယ်။ စာအုပ်ကိုကြည့်။ ‘ဇာတိဇရာ၊ ဗျာဓိမရဏ၊ ဓမ္မ လေးပါး၊ ဤတရားကား၊ အိုငြားနာဘိ၊ ပဋိသန္ဓေ၊ ဖွားလေသေရိုး၊ ဖြစ်မြဲမျိုးတည့်တဲ့”

“ဟုတ်ကဲ့ပါ”

“ကဗျာစာသားကိုကြည့်ပြီး အစဉ်အတိုင်း အဓိပ္ပာယ်ကောက်ကြည့်စမ်း”

“ဟုတ်ကဲ့ . . . အစဉ်အတိုင်းဆိုရင် ဇာတိကအိုတာ၊ ဇရာက နာတာ၊ ဗျာဓိက ပဋိသန္ဓေနေတာ၊ မရဏက သေတာလို့ ကောက်ရမှာပါ ဦးလေး”

“အဲဒီအတိုင်းဆိုရင် မရဏတစ်ခုပဲ သေတာနဲ့ကိုက်တယ်၊ ရှေ့က သုံးပါမှ အစီအစဉ်လွဲနေတာတွေ့တယ်မဟုတ်လား”

“တွေ့ပါတယ် ဦးလေး”

“ကဲ. . . လွယ်တဲ့သာဓကပြောမယ်။ လယ်သမားများ၊ ကျောင်းသားများ၊ ကုန်သည်များသည် ‘ပညာသင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လယ်ထွန်ခြင်းတို့ကို အသီးသီးဆောင်ရွက်ကြ၏’ ဆိုတဲ့ဝါကျကိုကြည့်လေ”

“ဟုတ်ကဲ့။ အစဉ်အတိုင်းဆိုရင် လယ်သမားတွေက ပညာသင်တယ်၊ ကျောင်းသားတွေက ရောင်းဝယ်တယ်၊ ကုန်သည်တွေက လယ်ထွန်တယ်လို့ အဓိပ္ပာယ်ကောက်ရမှာပေါ့နော်”

“အဲ့ဒီတော့ ဟပ်စဉ်ပျက်အပြစ်ဖြစ်သွားတာပေါ့။ အစဉ်အတိုင်းဆိုရင် ဘယ်လိုရေးမလဲ”

“ လယ်သမားများ၊ ကျောင်းသားများ၊ ကုန်သည်များသည် ‘လယ်ထွန်ခြင်း၊ ရောင်းဝယ်ခြင်း၊ ပညာသင်ခြင်းတို့ကို အသီးသီးဆောင်ရွက်ကြ၏’ လို့ ရေးရမှာပါ ဦးလေး”

“နောက်အပြစ်တစ်ခုက ‘ရှေးဆိုနှောင်းဖျက် အပြစ်’တဲ့။ ယုတ္တိမဲ့အပြစ်လို့လည်းခေါ်တယ်။ ဩစိတျဟီနဒေါသလို့ ပါဠိလိုခေါ်တယ်။ ရှေ့စကားနောက်စကားမညီဘဲ အသင့်ယုတ္တိမရှိရင် အဲဒီအပြစ်သင့်တာပေါ့”

“ဘယ်လိုပြောတာမျိုးလဲ ဦးလေး”

“အကြွားလွန်ပြီးအပြောကြီးတာမျိုးလို့ပြတယ်။ အလင်္ကာပန်းကုံးမှာပြတာက ‘တစ်မိုးလုံးအောက်၊ ငါတစ်ယောက်၌၊ ခုရောက်ဂုဏ်ပေါင်း၊ အကြည့်ကောင်း၏၊ သောင်းသောင်းဖြဖြ၊ ပူဇော်ကြရန် ငါသာတန်သည်၊ ကဲလွန်ဂုဏ်ထူးရှင်ပေမို့’တဲ့။ လောကမှာ ငါတစ်ယောက်သာအတော်ဆုံးမို့ ငါ့ကိုသာ ပူဇော်ကြလို့ဆိုလိုတာလေ။ ကိုယ့်ကိုယ်ကိုယ် ချီးကျူးလွန်းတဲ့အပြစ်ပေါ့”

“သူများကို လွန်လွန်ကဲကဲချီးကျူးရင်လည်း အပြစ်သင့်တယ်မဟုတ်လား”

“ဟုတ်တယ်လေ။ ပြောခဲ့ပြီးပြီ။ အတိဝုတ္တဒေါသလေ။ ဂုဏ်လွန်အပြစ်လို့ ခေါ်တာပေါ့။ ခုဟာက ကိုယ်ရည်သွေးလွန်းတာ၊ ကြွားလွန်းတာကို ပြောတာလေ။ အလျှုရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တက်ပြတယ်ဆိုတာမျိုးပေါ့”

“ဟုတ်ကဲ့ပါ”

“အဲဒီလိုပဲ ရှေ့စကား နောက်စကား မညီရင်လည်း အဲဒီအပြစ်သင့်တယ်လို့ပြတယ်။ သာဓကက ဝေဿန္တရာမင်းကြီးဟာ ကိုယ့်အသက်ကိုတောင် လှူဖို့ဝန်မလေးပေမယ့် သားနဲ့သမီးကို စူဇကာပုဏ္ဏားကို လှူလိုက်တဲ့အခါ ငါ့စိတ်ထဲမှာ တုန်လှုပ်တယ်လို့ပြောတဲ့စကားဟာ ရှေ့နောက်မညီတဲ့အတွက် ယုတ္တိမဲ့အပြစ်သင့်တယ်လို့ အလင်္ကာကျမ်းမှာ ပြထားတာရှိတယ်။ မှတ်သားဖို့ပါ”

“ဟုတ်ကဲ့ပါ”

“ဘုရားရှင်က ပုဂ္ဂိုလ်တစ်ယောက်ကိုကယ်ချွတ်ဖို့ မိမိဂုဏ်ကို ထုတ်ဖော်မိန့်ကြားတာမျိုး၊ ပညာရှင်က မိမိဆောင်ရွက်ချက်တွေကို ထုတ်ဖော်ပြောဆိုတာမျိုးကျတော့ ကြွားတယ်၊ အပြောကြီးတယ်လို့ မဆိုနိုင်ဘူးလေ၊ အဲဒီစကားမျိုးကတော့ အပြစ်မသင့်ပါဘူးကွယ်”

“ဟုတ်ကဲ့ပါ။ မှတ်ထားပါ့မယ်”

“နောက်အပြစ်တစ်ခုက စည်းမျဉ်းပျက်အပြစ်တဲ့။ ဘဂ္ဂရီတိဒေါသလို့ခေါ်တယ်။ သုံးတဲ့စကားလုံးတွေကို ရှေ့နောက်ညီညွှတ်အောင်မသုံးဘဲ ဖောက်သွားရင် အဲ့ဒီအပြစ်သင့်တာပေါ့”

“ဘယ်လိုအသုံးမျိုးလဲ ဦးလေး”

“အလင်္ကာပန်းကုံးမှာပြထားတဲ့ သာဓကကိုကြည့်လေ။ ‘အမေ၌လည်းရိုသေ၏၊ အဖေအားလည်းရိုသေ၏၊ ဘိုးဘွားကိုလည်း ရိုသေ၏’တဲ့။ အဲဒီသာဓကကို ဘာကြောင့်ဒေါသသင့်တယ်လို့ ပြောတယ်ထင်သလဲ”

“ဟုတ်ကဲ့. . . ဩော်. . . ရှေ့က‘၌’ လို့သုံးပြီး နောက်ကစကားတွေကျတော့ ‘အား’၊ ‘ကို’ ဆိုပြီးပြောင်းသုံးလို့ ရှေ့နောက်အစီအစဉ်ဖောက်ပြန်သွားတဲ့အတွက် အပြစ်ဖြစ်တာထင်ပါတယ်”

“ဟုတ်ပါတယ်။ အဲဒီပစ္စည်းစကားတွေကို ‘၌’ ဆိုရင်လည်း ‘၌ . . . ၌ . . . ၌’ ဆိုပြီး တစ်သမတ်တည်းသုံးသင့်တာပေါ့။ ‘ကို’ ဆိုရင်လည်း ‘ကို . . ကို. . ကို’လို့သုံးသင့်တာပေါ့။ အခု အမျိုးမျိုးပြောင်းသုံးနေတော့ အစီအစဉ်စည်းကမ်းပျက်တာပေါ့ကွာ”

“ဟုတ်ကဲ့ပါ”

“ဒီသာဓကကိုကြည့်ဦး။ ‘ဆီလည်းရှိသည်၊ ဆားရှိသည်၊ ဆန်လည်းရှိသည်’ တဲ့။ ဒီရေးပုံက ဘာကြောင့်အပြစ်ရှိတာလဲ”

“ဟုတ်ကဲ့။ ‘ဆီ’ နဲ့ ‘ဆန်’ မှာ ‘လည်း’ ပါပြီး ‘ဆား’မှာ ‘လည်း’ မပါတော့ အစီအစဉ်ပျက်နေလို့ပါ”

“ဟုတ်တယ်။ ‘ဆီလည်းရှိသည်၊ ဆားလည်းရှိသည်၊ ဆန်လည်းရှိသည်’ လို့ရေးရင် စကားအစဉ်မှန်လို့ အပြစ်လွတ်တာပေါ့”

“ဟုတ်ကဲ့ပါ”

“ဦးလေး တစ်ခါပြောဖူးပါတယ်။ ရှေ့က ‘အေးချမ်းခြင်း’၊ ‘ငြိမ်သက်ခြင်း’ လို့ စလိုက်ရင် နောက်က ‘တိတ်ဆိတ်ခြင်း’လို့ လိုက်သင့်တာပေါ့။ အဲဒီလို မလိုက်ဘဲ ‘တိတ်ဆိတ်မှု’လို့ လိုက်ရင်တော့ ရှေ့က‘ခြင်း’တွေနဲ့မလိုက်တော့ဘဲ ချော်သွားမှာပေါ့။ အဲဒါမျိုးကို စည်းမျဉ်းပျက်အပြစ်လို့ ခေါ်တာပေါ့”

“ဟုတ်ကဲ့ပါ”

“ရှိသေးတယ်။ စကားပြောရင်ဖြစ်ဖြစ်၊ စာရေးရင်ဖြစ်ဖြစ် ‘လည်းကောင်း’ ဆိုတဲ့ စကားကိုသုံးရင် အနည်းဆုံးနှစ်လုံးယှဉ်သုံးရတယ်။ ‘အသင်းသားများသည် ကြွေးကြော်သံများကို ကြွေးကြော်၍လည်းကောင်း၊ သံချပ်များထိုး၍လည်းကောင်း တပျော်တပါးလိုက်ပါလာကြသည်’ ဆိုတာမျိုးပေါ့။ ဒါပေမယ့် အထူးသဖြင့် ရေဒီယိုတို့၊ တီဗွီတို့မှာ သတင်းကြေညာရင် ကြေညာတဲ့သူက ရှေ့က ‘လည်းကောင်း’ တစ်လုံးပဲ ပြောပြီး နောက်က ‘လည်းကောင်း’ကို ပြောဖို့မေ့နေတတ်တယ်။ ‘သံချပ်များထိုး၍ တပျော်တပါးလိုက်ပါလာကြသည်’ ဆိုတာမျိုး အဆုံးသတ်တတ်ကြတယ်။ အဲဒီလိုဆိုရင် အဲဒီအပြစ်သင့်တာပေါ့ကွာ”

> **“ဘုရားရှင်က ပုဂ္ဂိုလ်တစ်ယောက်ကို ကယ်ချွတ်ဖို့ မိမိဂုဏ်ကို ထုတ်ဖော်မိန့်ကြားတာမျိုး၊ ပညာရှင်က မိမိဆောင်ရွက်ချက်တွေကို ထုတ်ဖော်ပြောဆိုတာမျိုးကျတော့ ကြွားတယ်၊ အပြောကြီးတယ်လို့ မဆိုနိုင်ဘူးလေ၊ အဲဒီစကားမျိုးကတော့ အပြစ်မသင့်ပါဘူးကွယ်”**

“ဟုတ်ကဲ့ပါ ဦးလေး”

“နောက်အပြစ်တစ်ခုက ယုံမှားဖွယ်အပြစ်တဲ့။ သံသယဒေါသလို့ခေါ်တယ်။ ဆရာကြီးဦးဖိုးစိန်ကတော့ တစ်ပါးအနက်ရှိအပြစ် (အတ္ထန္တရဒေါသ)နဲ့ အတူတူပဲလို့ပြတယ်။ ပထမဆုံးပြောတဲ့အပြစ်လေ။ မင်းမှတ်မိသေးသလား မသိဘူး”

“မှတ်မိပါတယ် ဦးလေး”

“အဲဒီအပြစ်ကိုပြတုန်းက စကားတစ်လုံးက အနက်နှစ်ခုထွက်နေတာကိုပြတယ်လေ။ ‘တိမ်ကွယ်နေ၍’ ဆိုတာ မျက်စိမှာစွဲတဲ့တိမ်လား၊ ကောင်းကင်ကတိမ်လားဆိုတာမျိုးပေါ့။ အခု ဒီမှာကတော့ ဝါကျဖွဲ့ပုံကြောင့် အနက်နှစ်ခွထွက်နေလို့ ဟိုအနက်ဆိုလိုတာလား ဒီအနက်ဆိုလိုတာလားလို့သံသယဖြစ်ရတာမျိုးကိုပြောရင် ပိုပြီး ဆီလျော်တာပေါ့”

“ဟုတ်ကဲ့ပါ”

“ကဲ. . . ဦးလေးက ဝါကျတစ်ခုရေးပြမယ်။ မင်းက ဘာအဓိပ္ပာယ်လဲလို့ပြော”

“ဟုတ်ကဲ့ပါ”

“ခင်ခင်သည် နေမကောင်း၍ငိုနေသောမောင်လေးကို မချီနိုင်သေးပါ”၊ ကဲ. . . ရေးပြီးပြီ။ အဲဒီဝါကျကို ဘယ်လိုအဓိပ္ပာယ်ကောက်မလဲ”

“အင်း. . . ခင်ခင်နေမကောင်းဖြစ်နေတဲ့အတွက် ငိုနေတဲ့ သူ့မောင်လေးကို မချီနိုင်သေးဘူးလို့ဆိုလိုတာပါ”

“ဟုတ်ပြီ။ ဒီလိုဆိုရင် နေမကောင်းဖြစ်တာခင်ခင်ပေါ့။ အဲဒီလိုမဟုတ်ဘဲ နေမကောင်းလို့ ငိုနေတဲ့မောင်လေးကို ခင်ခင်က မချီနိုင်သေးဘူးလို့ရော အဓိပ္ပာယ်မကောက်နိုင်ဘူးလား”

“ကောက်နိုင်ပါတယ် ဦးလေး”

“အမှတ်တမဲ့ရေးရင် အဲဒီလို အဓိပ္ပာယ်နှစ်ခွ ထွက်တတ်တယ်လေ။ ဖတ်တဲ့သူက ဘာဆိုလိုပါလိမ့်လို့ သံသယဖြစ်စရာပေါ့။ အဲဒီလိုမဖြစ်အောင် သတိထားပြီး ရေးသင့်တာပေါ့ကွာ”

“ဟုတ်ကဲ့ပါ”


GTB
ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)
Global Treasure Bank (Public Company Limited)
၂၀၁၆ခုနှစ် မင်္ဂလာရှိသောနှစ်သစ်အခါသမယမှာ
ကမ္ဘာ့ရတနာဘဏ် နှင့် ဆက်ဆံဆောင်ရွက်ခဲ့ကြပါသော
မိတ်ဟောင်း၊ မိတ်သစ် Customer အပေါင်းတို့၏
ကျန်းမာရေး၊ စီးပွါးရေး၊ လူမှုဘဝများအားလုံး
နှစ်သစ်နှင့်အတူ
တိုးတက်အောင်မြင်မှုများဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်
ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
ကမ္ဘာ့ရတနာဘဏ်
ရန်ကုန်ရုံးချုပ်၊ အမှတ်(၆၅၃၊ ၆၉၉)ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းအမှတ် ၊ ၀၁-၃၈၉၃၆၅၊ ၃၇၉၁၂၂၊ ၃၈၀၆၅၀။
Email : ho@gtbmm.com
Website : www.gtbmm.com


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
MPT အသုံးပြုသူအချင်းချင်း ၃၀၀ ကျပ်မှစတင်၍
လက်ကျန်ငွေ လွှဲပြောင်းပေးနိုင်ပါပြီ
*223*09xxxxxx#
Dear MPT customer, you have received 300 Kyats from 09xxxxxx which has been added to your balance. Your new balance is: 310 Ks, expiring 01/12/2016.
*223*ငွေပမာဏ*လက်ခံမည့်သူ၏ ဖုန်းနံပါတ်#
*223*300*09xxxxxx#
စည်းမျဉ်းစည်းကမ်းချက်များ
• တစ်ကြိမ်ပေးပို့လျှင် အနည်းဆုံး (၃၀၀) ကျပ် မှ အများဆုံး (၁၀၀၀၀) ကျပ်ထိ လက်ကျန်ငွေလွှဲပြောင်းပေးနိုင်ပါသည်။
• တစ်ရက်လျှင် (၅) ကြိမ်အထိ လက်ကျန်ငွေ လွှဲပြောင်းပေးနိုင်ပါသည်။
• ၅% ဝန်ဆောင်ခကို လွှဲပြောင်းပေးသူမှ ပေးဆောင်ရမည်ဖြစ်ပြီး လက်ခံရရှိသူမှ ပေးဆောင်ရန်မလိုအပ်ပါ။
• GSM/WCDMA prepaid သုံးစွဲသူများသာ အသုံးပြုနိုင်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

ROYAL ROYAL ROYAL ROYAL ROYAL ROYAL ROYAL ROYAL

JJ EXPRESS

JOYOUS JOURNEY EXPRESS

ALPINE®

Purified Drinking Water

ALPINE PROMISES HEALTH

# JJ Express 5th Anniversary အတွက်

# ဂုဏ်ယူ ဝမ်းမြောက်ကြောင်း

အမြဲဆန်းသစ်သော ............. ဝန်ဆောင်မှု

သစ်လွင်တောက်ပသော......... ကားသစ်ကြီးများ

ကြည်နူးပျော်ရွှင်သော ............ခရီးစဉ်

ဖြတ်သန်းကျော်ဖြတ်လာခဲ့သော (၅) နှစ်တာ

ခရီးသည်ပေါင်း(၂)သန်းကျော်

